# အခန်း(၁၀၉) - ရှေးမြို့ဟောင်း သမိုင်းဝင် နေရာ။

လင်းဟွမ်၏ စိတ်ထဲတွင် ပြတိုက်မှ လက်ပ်တော့ကို မြင်ပြီးကတည်းက ရှောင်ကွမ် မြို့ဟောင်း သမိုင်းဝင်နေရာက ကြီးစိုးသွားခဲ့သည်။ ခရီးစဉ်အတွင်းတွင် အချိန်ဇယားက အပြောင်းအလဲ များစွာ မရှိခဲ့ပေ။

နေ့ခင်းဘက်တွင် လင်းရှင်နှင့်အတူ ခရီးသွား နေရာများသို့ သွားရောက်လည်ပတ်ခဲ့ပြီး ညနေ (၄)

နာရီမှ (၅) နာရီအတွင်း ညစာစားရန် ဟိုတယ်သို့ ပြန်လာခဲ့ကြသည်။ ညစာစားပြီးနောက် ည (၁၀) နာရီအထိ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်ခဲ့သည်။ ထို့နောက် (၁၂) နာရီ မထိုးခင် အချိန်အထိ နှလုံးသားကွန်ရက်ပေါ်ရှိ ရှောင်ကွမ်မြို့ဟောင်း သမိုင်းဝင်နေရာများနှင့် ပက်သက်သော အချက်အလက်များကို ရှာဖွေခဲ့သည်။

ဤကဲ့သို့ဖြင့် ငါးရက် ကုန်ဆုံးသွားခဲ့သည်။

စစ်တပ် တိုက်ခိုက်ရေးနည်းစနစ်ကို တစ်ကြိမ် လေ့ကျင့်ခြင်း ပြီးဆုံးရန် (၁၀) မိနစ်သာ ရှိတော့ပြီး

သူ့တွင် ကတ်အပိုင်းအစ (၂၂၈) ခု ရရှိခဲ့သည်။ အဆင့်သုံး အဆင့်သို့ မြှင့်တင်ရန် ကတ်အပိုင်းအစ (၄၀၀) ရရှိရန်လိုအပ်သောကြောင့် နီးစပ်နေပြီဟု ပြောရမည်။ နှလုံးသား ကွန်ရက်နှင့် မုဆိုး ကွန်ရက်တို့တွင် ရှောင်ကွမ် မြို့ဟောင်း အပျက်အစီးနေရာနှင့် ပတ်သက်သော အချက်အလက်များစွာ မရှိပေ။

အဖွဲ့ခွဲ (၇) ကို တည်ဆောက်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း (၃၀၀) ကျော်က မြို့ဟောင်း အပျက်အစီးကို တွေ့ခဲ့ခြင်း ဖြစ်သည်။ ပညာရှင်

အများအပြားသည် ဤအပျက်အစီးများနှင့် ပတ်သက်၍ သုတေသနအချို့ ပြုလုပ်ခဲ့ကြပြီး အခြားနေရာများတွင် မရှိသော အရာများစွာကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ရှာဖွေ တွေ့ရှိမှုများထဲတွင် အခြားသော အပျက်အစီးများနှင့် မတူသော အလှဆင်ပစ္စည်းများ ပါဝင်ပြီး ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ နှလုံးသားကွန်ရက်ပေါ်တွင် ထင်ကြေး အမျိုးမျိုး ပေးနေကြသည်။ အချို့က ဤနန်းတော်ကို နတ်ဘုရားများက တည်ဆောက်ခဲ့ခြင်း ဖြစ်နိုင်သည်ဟု ထင်ကြေးပေးကြသည်။

လင်းဟွမ်တို့သည် မြို့ထဲရှိ အထင်ကရ နေရာအားလုံးကို လည်ပတ် ပြီးသွားကြောင်း တွေ့လိုက်ရသဖြင့် နောက်ဆုံးတွင် ရှောင်ကွမ်မြို့ဟောင်း သမိုင်းဝင်နေရာကို သွားရောက်လည်ပတ်ရန် အခွင့်အရေး ရလာခဲ့သည်။

လင်းဟွမ်သည် အစပိုင်းတွင် တာဝန်ဝတ္တရားတစ်ခုဟု ခံစားမိခဲ့သော်လည်း အပျက်အစီးများနှင့် ပတ်သက်သောအချက်အလက်များကို ပိုမိုသိရှိနိုင်ရန် ရီကျန်းထံ ဖုန်းဆက်ခဲ့သည်။ သို့သော် ဖုန်းခေါ်လိုက်ရာ

ဖုန်းသံနှစ်ခါသာ မြည်ခဲ့ပြီး ဖုန်းကျသွားသည်။ မကြာခင် မက်ဆေ့ချ်တစ်ခု ပြန်ရခဲ့သည်။

"ငါ ကိစ္စတစ်ခု အရေးကြီးနေလို့၊ မနက်ဖြန်ကြမှပဲ စကားပြောရအောင်”

လင်းဟွမ်က မျက်ခုံးပင့်သွားသည်။

ရီကျန်းကို အနှောက်အယှက် မပေးချင်တော့သဖြင့် ရီရီယွီထံ ဖုန်းခေါ်လိုက်သည်။ ဒုတိယအကြိမ် ဖုန်းသံ မြည်သောအခါ၌ ဖုန်းကိုင်သည်။

ရီရီယွီ၏ လည်ပင်းတွင် တန်ဖိုးကြီးသော အနက်ရောင် လက်ဝတ်ရတနာကို ဝတ်ဆင်ထားပြီး နောက်ခံ တီးလုံးသံများကို ကြားနေရသဖြင့် လင်းဟွမ်က မေးလိုက်သည်။

"မင်းက ဘယ်မှာလဲ၊ ဘာဖြစ်လို့ ဒီလို ပွဲတက် အဝတ်အစားကို ဝတ်ဆင်ထားတာလဲ"

"ဘာမှ မဟုတ်ပါဘူး၊ ဒါက တွေ့ဆုံပွဲတစ်ခုပါ"

ရီရီယွီက ခေါင်းခါပြီး စနောက်လိုက်သည်။

"ကဲ ပြောစမ်းပါအုံး ဘယ်လိုဒုက္ခမျိုး ထပ်ကြုံရပြန်ပြီလဲ"

သူမသည် ရယ်မောကာ မျက်စောင်းထိုးလိုက်သည်။

"ဘာမှတော့ မဟုတ်ဘူး၊ ငါက ဒုက္ခပေးတဲ့လူ ဖြစ်နေပြီလား"

လင်းဟွမ်က မေးလိုက်သည်။

"မင်းက အဲပုံ မပေါက်ပါဘူး၊ မင်းက ဒုက္ခရှာတဲ့ သူပဲ"

ရီရီယွီသည် လွန်ခဲ့သော ရက်အနည်းငယ်က လင်းဟွမ် လုပ်ခဲ့သည့်အကြောင်းများကို သတိရပြီး အော်ဟစ်လိုက်သည်။

လင်းဟွမ်သည် ဘာမှ ပြန်မပြောပေ။

ရီရီယွီသည် တော်ဝင် မျိုးနွယ်ဝင်တစ်ယောက် ဖြစ်သည်။ အာကာသယာဉ်ပေါ်တွင် သူဘာတွေ လုပ်ခဲ့ကြောင်းသိသည်မှာ ပုံမှန်သာ ဖြစ်သည်။ စဉ်းစားကြည့်ပါက လူတစ်ယောက်ကို သတ်ပြီးနောက် ပြည်ထောင်စုအစိုးရက သူ့နောက်ကို မလိုက်ခဲ့သဖြင့် သူ့အတွက် အကာအကွယ်

ပေးခဲ့သောသူမှာ ရီရီယွီသာ ဖြစ်ရမည်ဟု တွေးလိုက်မိသည်။

"သူတို့က ငါ့ကိုခေါ်နေပြီ။ မင်းမှာ အရေးတကြီး ပြောစရာရှိရင် အခုပြော"

ရီရီယွီက ခပ်တည်တည် ပြောလိုက်သည်။ စောစောက သူမပြောခဲ့သော စကားများသည် ကြမ်းတမ်းသည်ဟု ထင်သွားမည် စိုးရိမ်သောကြောင့် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ရှောင်ကွမ်မြို့ဟောင်း သမိုင်းဝင် နေရာ အကြောင်း ပိုသိချင်လို့ မင်းဆီက အကူအညီ

တောင်းချင်လို့ပါ။ ငါ့ရဲ့ရှာဖွေမှုက အကန့်အသတ် ရှိနေတော့ သတင်းအချက်အလက်တွေ ဘာမှ သိပ်မရခဲ့ဘူး"

နောက်ဆုံးတွင် လင်းဟွမ်က သူ့ရည်ရွယ်ချက်ကို ထုတ်ပြောလိုက်သည်။

"ရှောင်ကွမ်မြို့ဟောင်း သမိုင်းဝင် နေရာလား။ လူတော်တော်များများက အဲဒီ အပျက်အစီးတွေကို အရင်က တူးဖော်ဖူးတယ်၊ ဘာဖြစ်လို့ ဒီအကြောင်းကို ပိုသိချင်ရတာလဲ။"

လင်းဟွမ်၏ တောင်းဆိုမှုသည် ရယ်စရာကောင်းသည်ဟု ထင်သဖြင့် ရီရီယွီက မေးလိုက်သည်။

"ငါက အဲ့ဒီအကြောင်းကို ပိုသိချင်တယ်။ ငါတို့နောက်နှစ်ရက်နေရင် အဲဒီကို သွားကြမယ်။ ညီမအတွက် လမ်းပြတစ်ယောက်အနေနဲ့ လုပ်ပေးချင်ဖို့ အချက်အလက်တွေ ပိုသိချင်လို့ပါ"

လင်းဟွမ်က ဆင်ခြေ တစ်ခုရှာပြီး ပြောလိုက်သည်။

"အဲဒီနေရာမှာ ကျွမ်းကျင်လမ်းပြတွေ ရှိတယ်၊ မင်းညီမအတွက် ဘာဖြစ်ချင်တာလဲ ငါလည်း

မသိတော့ဘူး။ ကောင်းပြီ၊ ညစာ စားပြီးရင် မင်းအတွက် ငါ တတ်နိုင်သလောက် လုပ်ပေးမယ်။ ညဘက်ရောက်မှ ဖုန်းပြန်ဆက်တော့”

ရီရီယွီက သူ့ကို ကတိပေးလိုက်သည်။

လင်းဟွမ်သည် ဖုန်းချပြီးနောက် (၁၂) နာရီ ထိုးနေပြီး ဖြစ်ကြောင်း သိလိုက်ရသည်။ ရီရီယွီ၏ အဖြေကို မစောင့်တော့ဘဲ အိပ်ရာထဲသို့ တန်းသွားလိုက်သည်။

နောက်တစ်နေ့ အိပ်ရာနိုးလာသောအခါ သူ့ဖုန်းထဲတွင် မက်ဆေ့ချ် အချို့ကို

တွေ့လိုက်ရသည်။ အားလုံးသည် ရီရီယွှီထံမှ ဖြစ်သည်။

ရှောင်ကွမ် မြို့ဟောင်း သမိုင်းဝင် နေရာအကြောင်း အချက်အလက် အားလုံးကို ပေးပို့ခဲ့သည်။ ပုံများပါရှိသော စာမျက်နှာများစွာရှိနေပြီး လွန်ခဲ့သည့် ရက်အနည်းငယ်က သူရှာဖွေခဲ့သော အချက်အလက်များထက် ပိုများသည်။

"ရှောင်ကွမ် မြို့ဟောင်း သမိုင်းဝင်နေရာက ရှေးခေတ် မတိုင်ခင်ထဲက ရှိနေတာလား၊

ရှေးခေတ်က လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးသောင်းလောက်က ဆိုတော့ လက်တော့ပ်နဲ့ ခရီးသွားသူ ရောက်လာတဲ့အချိန်က လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးသောင်း ဒါမှမဟုတ် အဲဒီထက် စောတာလည်း ဖြစ်နိုင်တယ်"

လင်းဟွမ်က မျက်မှောင် ကြုတ်လိုက်သည် ။

"သာလွန် အဆင့်အောက်မှာရှိတဲ့ လူသားတွေက သက်တမ်း (၇၂၀) ထက်ပိုပြီး အသက် မရှင်နိုင်ကြပါဘူး။ သက်တမ်းအကြာဆုံး ဖြစ်တဲ့ သာလွန်လူသားတောင် သက်တမ်း (၁,၈၀၀)

လောက်ပဲ အသက် ရှင်နိုင်တယ်။ လူတစ်ပိုင်းနတ်ဘုရား တစ်ပိုင်းကတော့ ဘယ်လောက်အထိ အသက်ရှိနိုင်လည်းဆိုတာ ငါမသိဘူး။ ဒါပေမဲ့ နှစ်ပေါင်း သုံးသောင်း လောက်အထိ အသက်ရှင်ဖို့ဆိုတာတော့ လုံးဝ မဖြစ်နိုင်ဘူး"

လင်းဟွမ်သည် ထိုကဲ့သို့ တွေးပြီးနောက် ဒီသာလွန်လူသားသည် လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း အတည်ပြုလိုက်သည်။

"လက်တော့ပ် အကြောင်းကတော့ အဲဒီခရီးသွားရဲ့ ရွှေလက်ချောင်းစနစ် ဖြစ်နိုင်တယ်၊ ဒီလိုမှမဟုတ်ရင် အသုံးမဝင်တဲ့အရာကို ယူလာမှာ မဟုတ်ဘူး။ သူ့ရဲ့ရွှေလက်ချောင်းစနစ် ဖျက်ဆီးခံရတဲ့အတွက် အသက်ရှင်ဖို့ အခွင့်အရေး အရမ်း နည်းသွားလိမ့်မယ်"

လင်းဟွမ် စိတ်ပျက်သွားသည်။

သူနှင့်တူသော လူတစ်ယောက်ကို အမြဲတမ်း တွေ့ချင်ခဲ့သည်။ သူတို့က သူ့ကို မည်သည့်အရာမျှ မသင်ပေးနိုင်သော်လည်း ရိုးရိုးရှင်းရှင်း စကား ပြောရုံဖြင့် တူညီသည့် ကမ္ဘာတစ်ခုမှ လာကြသော

လူများအနေနှင့် သူတို့၏ နှလုံးသားကို နွေးထွေးသွားစေရန် လုံလောက်ပေသည်။

ထို့နောက် ဆက်လက် ဖတ်ရှုနေရာ အထောက်အကူ ဖြစ်စေမည့် နောက်ထပ် အချက်အလက်တစ်ခုကို ရှာတွေ့လိုက်သည်။

ပညာရှင် တစ်ယောက်က ရှောင်ကွမ် ရှေးမြို့ဟောင်းသည် ရှေးခေတ်ကာလက ရှောင်ဟော် ဟုခေါ်သော လူတစ်ယောက်နှင့် ပတ်သက်ကြောင်း အဆိုပြုထားသည်။ ရှေးခေတ် ကာလတွင် ထင်ရှားခဲ့သော ရှောင်ဟော် ဟူသော အမျိုးသား

တစ်ယောက်ကို ရည်ညွှန်းပြီး နှစ်အနည်းငယ်အတွင်း သာမန် လူတစ်ယောက်အဆင့်မှ လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်းအဆင့်သို့ ရောက်အောင် အဆင့်မြှင့်တင် နိုင်ခဲ့ကြောင်း သမိုင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။

ထိုခေတ်ကာလတွင် သူ့ကို နံပါတ် (၁) ပါရမီရှင်ဟု ခေါ်ကြသည်။ သို့သော် သူသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။ အချို့က သူကို သေသွားပြီဟု ထင်မှတ်ကြပြီး အချို့က

အခြားကမ္ဘာတစ်ခုသို့ ထွက်သွားသည်ဟု ထင်ကြေး ပေးကြသည်။

ဒါကို ဖတ်ပြီးနောက် လင်းဟွမ်သည် ဤရှောင်ပော်သည် ရှေးခေတ် ကာလတွင် အမှန်တကယ် တည်ရှိခဲ့ပါက သူရှာဖွေနေသော ခရီးသွား ဖြစ်နိုင်ကြောင်း သေချာသွားခဲ့သည်။

ရွှေလက်ချောင်း စနစ်ရှိသော ခရီးသွားများသာ နှစ်အနည်းငယ်အတွင်း လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း အဆင့်အထိ ရောက်အောင် အဆင့် မြှင့်တင်နိုင်ကြသည်။

ရီရီယွီက အဆုံးတွင် မက်ဆေ့ချ်တစ်ခု ရေးထားသည်။

"ငါက မင်းအတွက် ရှောင်ဟော်နဲ့ ပတ်သက်တဲ့ နောက်ထပ် အချက်အလက်တွေ ရှာဖွေဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ဆက်လုပ်ဖို့ အများကြီး မရှိဘူး။ ရှေးခေတ်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေက ကန့်သတ်ချက် တော်တော်လေးများတယ်။ တော်တော်လေး တင်းကျပ်သေးတယ်။ ငါလည်း ရှာတွေ့ပြီလို့ ပြောပြီး မင်းဆီ ပို့ပေးချင်ပါတယ်”

"ကျေးဇူးတင်ပါတယ်၊ ငါ မှတ်ထားပါ့မယ်"

လင်းဟွမ်သည် ရီရီယွိ၏စာကို ဖတ်ပြီးနောက် ချက်ချင်း ပြန်ဖြေလိုက်သည်။

"အစ်ကို နိုးပြီလား"

လင်းရှင်က အော်ဟစ်ရင်း တံခါးခေါက်လာသည်။

"အေး.. အေး၊ ငါ ဒီမှာရှိတယ်"

လင်းဟွမ်က ပြန်အော်ပြီး အိပ်ရာထဲမှ ထလိုက်သည်။

(၁၀) မိနစ် ကြာသောအခါ ဟိုတယ် စားသောက်ခန်းသို့ ရောက်ရှိ လာကြသည်။ ပြတင်းပေါက်ဘေးတွင် ထိုင်လိုက်ကြသည်။

"မြို့ထဲမှာ လည်ပတ်စရာ နေရာတွေ ဘယ်လောက် ကျန်သေးလဲ။"

လင်းဟွမ်က ညီမဖြစ်သူကို စားနေရင်း မေးလိုက်သည်။

"ငါတို့မှာ တစ်နေရာပဲ ကျန်တော့တယ်။ နေ့လည် မတိုင်ခင် ပြီးနိုင်တယ်"

လင်းရှင်က လင်းဟွမ်ကို ချက်ချင်း ပြန်ဖြေလိုက်သည်။

"ငါတို့ မြို့ထဲမှာ နောက်ထပ် ရက်ပိုင်းလောက် ထပ်နေအုံးမှာလား ဒါမှမဟုတ် ရှောင်ကွမ်မြို့ဟောင်း သမိုင်းဝင်နေရာဆီ တန်းသွားမှာလား"

"မနက်ဖြန် မနက်ကြရင် ရှောင်ကွမ် သမိုင်းဝင် နေရာကို သွားကြမယ်"

လင်းဟွမ်သည် သမိုင်းဝင်နေရာတွင် တစ်ခုခုရှာ တွေ့လိမ့်မည်ဟု မျှော်လင့်နေမိသည်။

## အခန်း(၁၁၀) - လူသတ်ခြင်း နောက်ကွယ်မှ အမှန်တရား။

ရှောင်ကွမ်မြို့၏ နောက်ဆုံး လည်ပတ်စရာ နေရာကို လည်ပြီးနောက် ဟိုတယ်သို့ ပြန်ရန် ဆုံးဖြတ်ခဲ့ကြသည်။ လင်းဟွမ်နှင့် လင်းရှင်တို့သည် ဟိုတယ်သို့ ပြန်ရောက်သောအခါ နေ့လည်တစ်နာရီ ကျော်နေပြီ။

အခန်းထဲသို့ ရောက်သည်နှင့် လင်းဟွမ်၏ အင်ပါယာ နှလုံးသားလက်စွပ် တုန်ခါလာသည်။

ရီကျန်းက ဗီဒီယိုဖုန်း ခေါ်ခြင်းဖြစ်ပြီး လင်းဟွမ်က ဖုန်းကိုင်လိုက်သည်။

"မနေ့ညက ငါ့ကို ရှာနေသေးတာလား"

ရီကျန်းက မေးသည်။

ဖုန်းကိုင်လိုက်သည်နှင့် ရီကျန်းက ချက်ချင်း ပြောလာသည်။

"တစ်ခုခု စစ်ဆေးပေးဖို့ မင်းဆီက အကူအညီ တောင်းမလို့ပါ။ ဒါပေမယ့် အခုတော့ ပြေလည်သွားပြီ"

လင်းဟွမ်က ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

"အိုး ၊ ငါ မနေ့ညက ကိစ္စတစ်ခု အရေးကြီးနေလို့"

ရီကျန်းက ရှင်းပြသည်။

"မင်းက အခု ရှောင်ကွမ်မြို့ကို ရောက်နေတာလို့ ကြားတယ်"

သူက ဆက်ပြောလိုက်သည်။

"ဟုတ်တယ်၊ မနက်ဖြန်ကျရင် ရှောင်ကွမ် မြို့ဟောင်း သမိုင်းဝင်နေရာကို သွားလေ့လာမလို့"

"ရှောင်ကွမ်မြို့က အခုတလော ဖရိုဖရဲတွေ ဖြစ်နေတယ်။ အဲဒီနေရာမှာ အကြာကြီး မနေဖို့ အကြံပေးချင်တယ်"

ရီကျန်းက သတိပေးလိုက်သည်။

"မင်းက လူသတ်မှုအကြောင်း ပြောနေတာလား။ ငါ မှတ်ထားလိုက်ပါမယ်"

လင်းဟွမ်က ပြန်ဖြေလိုက်သည်။ ရီကျန်းက စေတနာနှင့် ပြောနေခြင်းကို သူသိသည်။

"မင်းကြည့်ရတာ အန္တရာယ်ကို မရိပ်မိသေးဘူး ထင်တယ်။ ကဲ.. ငါပြောပြမယ်"

ရီကျန်းက ခေါင်းခါရင်း ပြောလိုက်သည်။

“ဒီနေ့မနက်က လူသတ်မှု ရလဒ် ထွက်ပေါ်လာပြီလို့ ပြည်ထောင်စု အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပေမဲ့ လူသတ်မှုမှာ ပါဝင် ပတ်သက်ခဲ့တဲ့ လူ(၇) ယောက်ကို ရက်ပိုင်းအတွင်း ဖမ်းမိခဲ့တယ်။

သေသေချာချာ စစ်ဆေး ကြည့်လိုက်တော့ ကပ်ပါးကောင်မျိုးစိတ် ဖြစ်နေတယ်”

လင်းဟွမ်က မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"မြို့တံခါးမှာ လုံခြုံရေးစနစ်တွေ ရှိနေတယ်လေ။ ကပ်ပါးကောင်တွေ ဖြတ်သွားတယ်ဆိုတာ ဘယ်လို ဖြစ်နိုင်မှာလဲ။ ဝပ်ကျင်း သေးသေးလေးတွေမှာ ဖြစ်နိုင်ပေမယ့် ရှောင်ကွမ်မြို့က ဘီ - အဆင့် ကြီးမားတဲ့ ဝပ်ကျင်းစခန်းပဲ။ ဒီထက်ပိုကောင်းတဲ့ လုံခြုံရေးစနစ် ရှိသင့်တယ်။"

“အရင်က တစ်ခါမှ မတွေ့ဖူးသေးတဲ့ ကပ်ပါးမျိုးစိတ် အသစ်တစ်ခုလို့ ငါကြားထားတယ်။ ဒါတင် မကသေးဘူး လုံခြုံရေးစနစ်က ထောက်လှမ်းလို့ မရတဲ့ ကပ်ပါးပုံစံတွေ ဖြစ်နေတယ်။ ကံကောင်းတာက ဒီကပ်ပါးပိုးတွေက ကူးစက်နိုင်တဲ့ပုံ မပေါ်ဘူး။ ကပ်ပါးကောင်ရှိနေတဲ့ လက်ခံကောင်ကို ထိတွေ့တာလို့ ဒါမှမဟုတ် လေမှတဆင့် ပျံ့နှံ့စေတာ မဟုတ်လို့ နေရာအနှံ့ကိုတော့ မပြန့်ပွားနိုင်ဘူး”

ရီကျန်းက ရှင်းပြသည်။

"ဒါပေမယ့် အခုအချိန်မှာ အကြီးဆုံးပြဿနာက ရှောင်ကွမ်မြို့မှာ ကပ်ပါးကောင်တွေကို ဖမ်းဆီးဖို့ မှော်ဆရာတွေ အများကြီး ငှားရမ်းထားတယ်။ ဒါပေမဲ့ အားလုံးက မအောင်မြင်ဘဲ ဖြစ်နေလို့ ရုတ်ရုတ်သဲသဲ မဖြစ်ရအောင် ပြည်ထောင်စု အစိုးရအနေနဲ့ အမှန်တရားကို ထုတ်ပြန်လို့ မရဘူး"

ရီကျန်းက လင်းဟွမ်ကို အမှန်အတိုင်း ပြောပြနေသည်။

လင်းဟွမ်သည် ဤကဲ့သို့ ဖြစ်လိမ့်မည်ဟု မမျှော်လင့်ထားပေ။

"သူတို့ အားလုံး မအောင်မြင်ဘူးလား"

"မပြန့်ပွားဘူး ဆိုပေမယ့် လုံခြုံရေးစနစ်က အလုပ်မလုပ်သေးရင် ရှောင်ကွမ်မြို့မှာ ကပ်ပါးကောင်တွေ ပိုများလာလိမ့်မယ်..."

လင်းဟွမ်က မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ ပြဿနာက မည်မျှ အရေးကြီးကြောင်း သူသိနေသည်။

"ပြည်ထောင်စုအစိုးရက အစီအစဉ်တွေ ချမှတ်ပြီးပြီလား"

လင်းဟွမ်က မေးလိုက်သည်။

“အခုက အကောင်အထည် ဖော်နေတဲ့ နည်းဗျူဟာ သုံးခုရှိတယ်။ တစ်ခုက မြို့ထဲကိုဝင်တဲ့ လူတွေကို စောင့်ကြည့်ပြီး လုံခြုံရေးစနစ်တွေ အားကောင်းအောင် လုပ်နေတယ်။ ဒုတိယတစ်ခုက မြို့တွင်း လုံခြုံရေးကို အားကောင်းအောင် လုပ်နေတယ်၊ နောက်ဆုံး အနေနဲ့က မျိုးစိတ်သစ်ဖြစ်တဲ့ ကပ်ပါးကောင်တွေကို သုတေသနပြုလုပ်တဲ့ အရှိန်ကို မြှင့်တင်နေတယ်။

ဒါက ကပ်ပါးကောင်တွေကို ဖယ်ရှားနိုင်တဲ့ ဖော်ထုတ်ဖို့ နည်းလမ်းပဲ”

ရီကျန်းက ပခုံးတွန့်ကာ ပြောလိုက်သည်။

“အဲဒါက ပြဿနာရဲ့ အရင်းအမြစ်ကို မဖြေရှင်းနိုင်ဘူးလေ...”

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"သူတို့လည်း ဘာမှမတတ်နိုင်ဘူး။ မြို့တံခါး လုံခြုံရေးစနစ်မှာ ပြဿနာရှိနေလို့ မြို့ထဲကို အမည်မသိတဲ့ ကပ်ပါးကောင်တွေ ကျူးကျော်ဝင်

ရောက်နေတယ်လို့၊ အဲဒီကပ်ပါးကောင်တွေကို ဖယ်ရှားဖို့ နည်းလမ်း မရှိဘူးဆိုပြီး ပြည်သူအားလုံးကို ပြောပြစေချင်တာလား။"

ရီကျန်းက မျက်ခုံးပင့်ကာ ပြန်မေးလိုက်သည်။

"ဝပ်ကျင်း စခန်းသေးသေးလေးတွေ အတွက် အဆင်ပြေပေမယ့် အခုက ဘီ - အဆင့် ဝပ်ကျင်း စခန်း ဖြစ်နေတော့ သတင်းပြန့်သွားရင် ပြည်ထောင်စုအစိုးရကို ဘယ်သူက ယုံကြည်တော့မှာလဲ။ အေ - အဆင့် ဝပ်ကျင်း

စခန်းတွေကို ရွှေ့ပြောင်းသွားတာ မျိုးလည်း ဖြစ်လာနိုင်တယ်”

ရီကျန်းက ထပ်ပြောသည်။

လင်းဟွမ်က ခေါင်းခါလိုက်သည်။

ယခုအချိန်တွင် အကောင်အထည် ဖော်နိုင်မည့် အခြားနည်းဗျူဟာများ မရှိကြောင်း သူသိသည်။ ပြည်သူများ ရုန်းရင်း ဆန်ခတ်ဖြစ်သွားပါက အခြေအနေ ပိုဆိုးသွားလိမ့်မည်။ စိတ်ခံစားမှု ဆိုသည်မှာ တောမီးကဲ့သို့ ကူးစက်နိုင်ပြီး ကြောက်ရွံ့မှုများက လျင်မြန်စွာ ပျံ့နှံ့သွားလိမ့်မည်။

လင်းဟွမ်သည် ကမ္ဘာပေါ်တွင် ရှိစဉ်က နေ့ရက်များကို ပြန်အမှတ်ရမိသည်။ ရေညစ်ညမ်းမှု သတင်းကို ကြားသောအခါ လူတိုင်းသည် ရေသန့်ဗူးဝယ်ယူရန် စူပါမားကတ်များကို အပြေးအလွှား သွားကြသည်။ အကယ်၍ လူများက တုပ်ကွေးကြောင့် သေဆုံးမှုများပြား နေသည့်သတင်းကို ကြားပါက တုပ်ကွေး ကာကွယ်ဆေးကဲ့သို့ ဆေးများကို ဆေးဆိုင်များမှ ဝယ်ယူပြီး စုဆောင်းထားကြလိမ့်မည်။

အကြောက်တရား ဆိုသည်မှာ ပြန့်ပွား စေတတ်သော ရောဂါတစ်မျိုးပင်။

"အဲဒီမှာ အကြာကြီး မနေနဲ့၊ ကပ်ပါးကောင် မျိုးစိတ်အသစ် ကူးစက်ခံရရင် ဒုက္ခဖြစ်လိမ့်မယ်"

ရီကျန်းက သူ့ကိုနောက်တစ်ကြိမ် ထပ်ပြီး သတိပေးလိုက်သည်။

"ဒါတွေ အကုန် ပြောပြပေးလို့ ကျေးဇူးတင်ပါတယ်၊ စိတ်ထဲမှာ မှတ်ထားပါ့မယ်။ ငါလည်း လည်ပြီးရင် နှစ်ရက်အတွင်း ထွက်သွားမယ်"

လင်းဟွမ်က ပြောပြီး ခေါင်းညိတ်လိုက်သည်။ ရီကျန်းထံမှ ထူးထူးခြားခြား သတင်းကို ကြားခဲ့သော်လည်း ချက်ချင်း ထွက်ခွာရန် ရည်ရွယ်ချက် မရှိသေးပေ။

ရှောင်ပော်ထားခဲ့သော လက်ပ်တော့ကိုမြင်ပြီး ကတည်းက ထိုကိစ္စကို အောက်ခြေအထိရောက်အောင် တူးဖော်ချင်စိတ် ဖြစ်ပေါ်နေသည်။

ဖုန်းချပြီးနောက် လင်းဟွမ်၏ စိတ်ထဲတွင် ကပ်ပါးကောင်များနှင့် ပတ်သက်သော အရာအားလုံး စွဲထင်နေသည်။ ကပ်ပါးကောင် များသည်

ဤကမ္ဘာပေါ်တွင် လူမုန်းအများဆုံး မျိုးစိတ်များထဲမှ တစ်မျိုးဖြစ်ပြီး ၎င်းတို့ထဲမှ အများစုသည် လူသားကိုကူးစက်နိုင်သည်။ ထို့အပြင် ၎င်းတို့သည် ဝပ်ကျင်းစခန်းထဲကို ကျူးကျော်ဝင် ရောက်သွားပါက မည်သူမှ ခန့်မှန်း၍ မရတော့ပေ။

ကပ်ပါးကောင်များ၏ မတူညီသော မျိုးစိတ်ဆိုင်ရာ အချက်အလက်များအရ ၎င်းတို့ကို အမျိုးအစား ငါးမျိုးဖြင့် ခွဲခြားထားသည်။

ပထမတစ်မျိုးမှာ ကပ်ပါးကောင်၏ ပြန့်ပွားစေတတ်သော မျိုးစိတ် ဖြစ်သည်။

ကပ်ပါးကောင်သည် လက်ခံသူ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားပြီးနောက် အရာအားလုံးကို ထိန်းချုပ်သွားမည် ဖြစ်သည်။ မြင့်မားသော သန္ဓေ ပြောင်းလဲမှုကြောင့် ၎င်းတို့တွင် အံ့သြဖွယ် ကောင်းသော ဉာဏ်ရည်ရှိကာ လူ၏အသိပညာကိုပင် စုပ်ယူနိုင်စွမ်း ရှိသည်။

ဒုတိယတစ်မျိုးမှာ မျှော့ကပ်ပါးကောင် ဖြစ်သည်။ ကပ်ပါးကောင်သည် မျှော့မျိုးစေ့ အမြောက်အမြားကို ဥချပြီး ရောဂါပိုးရှိသူသည် လက်ခံကောင် ဖြစ်လာသည်။ ထိုသို့သော ကပ်ပါးကောင်များသည်

ထောင်သောင်း ချီသော လက်ခံကောင်များကို တစ်ပြိုင်နက် ထိန်းချုပ်နိုင်စွမ်း ရှိသည်။ ထိုကပ်ပါးကောင်များ ဖျက်လိုဖျက်ဆီး လုပ်တတ်ပြီး များသောအားဖြင့် အပင်ကို အခြေပြုသော ကပ်ပါးပိုးများက လုပ်ဆောင်ကြသည်။

တတိယတစ်မျိုးမှာ ကပ်ပါးကောင် ဥချသော ဥမှတဆင့် ဖြစ်ပေါ်နိုင်သည်။ ကပ်ပါးကောင် မျိုးစိတ်များသည် မျိုးဥများ ဥချပြီး ကပ်ပါးကောင်များ၏ မျိုးဆက်များကို ဆက်လက် ရှင်သန် နိုင်စေရန်အတွက် လက်ခံကောင်ကို

အစားအစာနှင့် ခိုးနားရာ နေရာများအဖြစ် အသုံးပြုတတ်ကြသည်။

အင်းစက်ကပ်ပါးကောင် အများစုသည် ၎င်းတို့၏ မျိုးစိတ်များ ပြန့်ပွားစေရန် ဤကဲ့သို့ နည်းလမ်းများကို အသုံးပြုတတ်ကြသည်။

စတုတ္ထတစ်မျိုးမှာ ဝိညာဉ် ကပ်ပါးကောင်ဖြစ်သည်။ ကပ်ပါးကောင်သည် ပိုင်ရှင်၏ စိတ်ဝိညာဉ်တွင် တွယ်ကပ်ပြီး လက်ခံကောင်၏ ခန္ဓာကိုယ်ကို သိမ်းပိုက်ကာ အသိစိတ်ကို ဖယ်ရှားရန် တမူထူးခြားသော နည်းလမ်းကို အသုံးပြုတတ်သည်။

လက်ခံကောင်၏ မှတ်ဉာဏ်များကိုပင် အပြည့်အဝ အမွေဆက်ခံနိုင်ပြီး ပိုင်ရှင်ကဲ့သို့ ဆက်လက် နေထိုင်နိုင်သည်။ ဖော်ထုတ်ရန် မဖြစ်နိုင် သလောက်ပင်။

ပဉ္စမ အမျိုးအစားမှာ အမျိုးအစား မခွဲခြားထားသော ဗီဇပြောင်း ကပ်ပါးကောင် ဖြစ်သည်။ ဝိညာဉ်ကပ်ပါးကောင်နှင့် ဆင်တူပြီး အလွန် ရှားပါးသည်။

ရီကျန်း၏ ပြောစကားအရ ဤကိစ္စသည် ပြန့်ပွားစေတတ်သော ကပ်ပါးကောင်များ သို့မဟုတ် မျှော့ ကပ်ပါးကောင်များကြောင့် ဖြစ်နိုင်သည်။

လင်းဟွမ်သည် ထိုးဖောက် ဝင်ရောက်လာသော ကပ်ပါးကောင်များကို သာမန်မျက်စိဖြင့် မြင်နိုင်သောကြောင့် မကြောက်ပေ။ သိလိုက်သည်နှင့် ဖယ်ရှားရန် ခက်ခဲမည် မဟုတ်ပေ။

မျှော့ကပ်ပါးကောင်များ အတွက်မူ ချပ်ဝတ်တန်ဆာအချို့ကို ဝတ်ဆင်လိုက်ရုံဖြင့် ကာကွယ်နိုင်သည်။ ချပ်ဝတ်တန်ဆာကြောင့် မျှော့က

လက်ခံကောင်ကို မထိသရွေ့ လက်ခံကောင်သည် ဘေးကင်းနေလိမ့်မည်။

လင်းဟွမ်သည် သူ့ကို မထိခိုက်နိုင်ဘူးဟု တွေးလိုက်သော်လည်း လင်းရှင်အတွက် တွေးမိပြီး မျက်မှောင်ကြုတ်သွားသည်။

"အခုဆို ရှောင်ကွမ်မြို့က မလုံခြုံတော့ဘူး၊ သမိုင်းဝင်နေရာဆို ပိုဆိုးလိမ့်မယ်၊ လင်းရှင်ကို မခေါ်သွားသင့်ဘူး ထင်တယ်"

လင်းဟွမ်သည် တွေဝေ သွားပြီးနောက် လင်းရှင်၏အခန်းတံခါးကို ခေါက်ကာ ရီကျန်း ပြောပြသောသတင်းကို ပြန်ပြောပြလိုက်သည်။

လင်းရှင် တုန်လှုပ်သွားသည်။

"အစ်ကို ဒါဆို မနက်ဖြန် မနက်ကျရင် ရှောင်ကွမ်မြို့ကနေ ထွက်သွားရအောင်"

သူမက တိုးတိုးလေး ပြောလိုက်သည်။

"သမိုင်းဝင် နေရာထဲမှာ လုပ်စရာတချို့ ရှိသေးတယ်"

လင်းဟွမ်က သူမကို ပြောလိုက်သည်။

လင်းရှင်အတွက် စီစဉ်ပေးရန် ပိုင်ကိုဆင့်ခေါ်ပြီး"

ပိုင် မင်းက ကာကွယ်ဖို့အတွက် ဒီမှာနေခဲ့”

“ငါ ဒီမှာမရှိရင် အပြင်မသွားနဲ့။ မင်း ဗိုက်ဆာတယ်ဆိုရင် အခန်းထဲကိုမှာစား။ ပိုင်ကို တံခါးဖွင့်ခိုင်း "

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

"ဒါက မင်းအတွက်ပဲ၊ အမြဲတမ်း ရမှာမဟုတ်ဘူး။"

လင်းဟွမ်က မီးခိုးရောင် လင်းယုန် (၁၇) သေနတ်နှင့် ကျည်ဆံ အပြည့်ရှိနေသော ကျည်ဆံနှစ်ဘူးပေးရင်း ပြောလိုက်သည်။

ယခုလက်ရှိ၌ ဤသေနတ်ကို မလိုအပ်တော့ပေ။

"အစ်ကို ကရော"

လင်းရှင်က မေးလိုက်သည်။

"ငါ့မှာက မီးခိုးရောင် လင်းယုန် (၃၃) သေနတ်နဲ့ ပျံသန်းနိုင်တဲ့ မွန်းစတားတစ်ကောင် ရှိတယ်၊

အန္တရာယ်တစ်ခုခု ကြုံလာရင် ငါ ထွက်ပြေးမယ်၊ စိတ်မပူပါနဲ့"

လင်းဟွမ်က ပြုံးပြီး ရှင်းပြလိုက်သည်။

"သွားတော့မှာလား"

လင်းရှင်သည် လင်းဟွမ် တစ်ခုခု ဖြစ်သွားမည်ကို စိုးရိမ်နေသည်။

"အရမ်း အရေးကြီးတယ်၊ ငါလုပ်မှ ဖြစ်မယ်"

လင်းဟွမ်က အလေးအနက်ပြောပြီး ခေါင်းညိတ်လိုက်သည်။

## အခန်း(၁၁၁) - ရှောင်ရှမြို့သို့ ရောက်ရှိခြင်း။

နောက်တစ်နေ့ မနက်တွင် ရှောင်ကွမ်မြို့၏ ရာသီဥတုသည် သာယာနေသည်။

လင်းဟွမ်သည် မနက်စောစောတွင် အိပ်ရာမှ နိုးလာသောအခါ ပြည်ထောင်စုအစိုးရထံမှ အကြောင်းကြားစာ ရရှိခဲ့သည်။

"ဝပ်ကျင်းအမှတ် (၇) ဘီ (၆၁) မှာ ဖြစ်ပွားခဲ့တဲ့ ကိစ္စက ရှောင်ကွမ်အကျဉ်းထောင်ကနေ ထွက်ပြေး

လွတ်မြောက်ခဲ့ကြတဲ့ စိတ်ရောဂါသည်တွေ ဖြစ်ကြပြီး ကျူးလွန်သူ (၁၅) ယောက်ရှိတယ်။ ထွက်ပြေးလွတ်မြောက်သွားသူ (၁၅) ယောက်ထဲက (၁၃) ယောက်ကို ဖမ်းမိထားပြီး ကျန်တဲ့ (၃) ယောက်ကို လိုက်ရှာ နေပါတယ်။ စိတ်အေးအေး ထားပါ၊ ကျေးဇူးတင်ပါတယ်”

“ကျူးလွန်တဲ့လူတွေ မြို့တွင်းကနေ ထွက်မပြေးနိုင်အောင် တားဖို့အတွက် မြို့ပတ်လည်ရှိ ဂိတ်(၄) ခုကို လုံခြုံရေး တင်းကြပ်ထားပါတယ်။ နောက်ပြီးတော့ မြို့တွင်း ကင်းလှည့်

ဆောင်ရွက်မှုကိုလည်း တင်းကြပ်သွားမှာ ဖြစ်ပြီး ည(၈) နာရီ နောက်ပိုင်းတွင် ည မထွက်ရအမိန့် ထုတ်ပြန်ထားပါတယ်။ ညဘက် အပြင်ထွက်မယ် ဆိုရင် နေ့ခင်းဘက်မှာ ဒေသန္တရ အစိုးရဆီက ပါမစ်လျှောက်ထားပါရန် အကြောင်းကြား အပ်ပါတယ်”

“သူတို့က အမှန်တရားကို တကယ် ဖုံးကွယ်တာပဲ”

လင်းဟွမ်သည် မျက်ခုံးပင့်သွားပြီး အံ့အားသင့်စွာ တွေးလိုက်မိသည်။ ပြည်ထောင်စုအစိုးရ၏

အမိန့်ကြော်ငြာစာထဲတွင် ဤဖြစ်ရပ်က မည်မျှ ပြင်းထန်ကြောင်း ဖော်ပြထားခြင်း မရှိပေ။

လင်းဟွမ်သည် လင်းရှင်နှင့်အတူ မနက်စာ စားပြီးနောက် အစိမ်းရောင်ဝံပုလွေကို စီးကာ အနောက်ဘက် မြို့တံခါးသို့ ထွက်လာသည်။

ထို့နောက် လင်းရှင်သည် လင်းဟွမ်ကို လိုက်ပို့ပြီးနောက် ပိုင်နှင့်အတူ ဟိုတယ်ရှိ သူမ အခန်းထဲသို့ ပြန်သွားခဲ့သည်။

အနောက်ဘက်မြို့ တံခါးသို့ ရောက်သောအခါ တင်းကျပ်ထားသော စီစစ်မှုများကြောင့်

အဝင်အထွက် (၂) ဖက်စလုံးတွင် တန်းစီနေသော လူတန်းက အရှည်ကြီး ဖြစ်နေသည်။

လင်းဟွမ်သည် တာဝန်ဝတ္တရား တစ်ခုဟု သိနေပြီး ဘာမှမတတ်နိုင်ပေ။ ထို့ကြောင့် အစိမ်းရောင်ဝံပုလွေကို ပြန်သိမ်းပြီး အများနည်းတူ တန်းစီလိုက်သည်။

မနက်စာစားပြီး ထွက်လာသောအချိန်က (၁၀) နာရီခန့် ရှိနေပြီ။

အစိုးရက ဉာဏ်ဖြစ်ရပ်ကို ဖုံးကွယ်နေသောကြောင့် သူက အချိန်ဖြုန်းနေ၍ မရပေ။ ထို့ကြောင့်

အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်ပြီး အမြန်ဆုံး အရှိန်ဖြင့် သွားလိုက်သောကြောင့် (၁၀) မိနစ် မပြည့်ခင် အချိန်လေးမှာပင် ရှောင်ရှမြို့သို့ ရောက်ရှိသွားသည်။

ရှောင်ရှမြို့သည် (ဒီ)အဆင့် အသေးစား ဝပ်ကျင်းတစ်ခု ဖြစ်သည်။ သဘောတရားအရ ဝပ်ကျင်းစခန်း တစ်ခုတည်ဆောက်ရာတွင် အရင်းအနှီးများစွာ လိုအပ်သောကြောင့် ရှောင်ကွမ်မြို့၏ ကီလိုမီတာ (၈၀) အကွာအဝေးမှာသာ ရှိနေသော နေရာတွင်

ဝပ်ကျင်းတစ်ခု မတည်ဆောက်သင့်ပေ။ ဒါသည် အကြောင်းမဲ့ ဖြုန်းတီးခြင်းပင်။

သို့သော် ရှောင်ကွမ်မြို့ဟောင်း သမိုင်းဝင်နေရာ တည်ရှိနေသောကြောင့် အစိုးရသည် ထိုမြို့ဟောင်း အပျက်အစီးနေရာအတွက် သီးသန့် ဝပ်ကျင်းတစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ ဝပ်ကျင်းစခန်း အခြေစိုက်ရခြင်း၏ ရည်ရွယ်ချက်သည် ခရီးသွားလာရေးအတွက် အဆင် ပြေစေရုံသာမက ရှေးဟောင်း သုတေသနဆိုင်ရာ ရည်ရွယ်ချက်များလည်း ပါဝင်သည်။

ရှောင်ရှုမြို့ကို မတည်ဆောက်ခင်က ထိုနေရာကို တောရိုင်းဇုန်များဖြင့် ဝန်းရံထားခဲ့သည်။ ထိုနေရာတွင် နှစ်ရှည်လများနေထိုင်ကာ ရှေးဟောင်း သုတေသန ပြုလုပ်နေကြသော ရှေးဟောင်း သုတေသန ပညာရှင်များသည် တိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ထို့အပြင် ရိက္ခာ တစ်ခါလိုအပ်တိုင်း ကီလိုမီတာ (၈၀)ကျော်ကို ခရီးထွက်ရသောကြောင့် ရိက္ခာ ရရှိရန်အတွက် အဆင်မပြေကြပေ။

ထို့ကြောင့် ပြည်ထောင်စု အစိုးရသည် ယခုလက်ရှိတွင် ရှောင်ရှုမြို့ဟု လူသိများသော

ဝပ်ကျင်းတစ်ခုကို တည်ဆောက်ရန်အတွက် ငွေကြေးသုံးစွဲဖို့ ဆုံးဖြတ်ခဲ့ကြသည်။

နောက်ပိုင်းတွင် အပျက်အစီးနေရာ အများစုကို တူးဖော်နိုင်ပြီ ဖြစ်သောကြောင့် ရှေးဟောင်းသုတေသန ပညာရှင်များ ပိုမို များပြားလာလိမ့်မည်။ ပြည်ထောင်စုအစိုးရသည် စခန်းကို တစ်ကြိမ်သုံးပြီး စွန့်ပစ်ပါက အလဟာသ ဖြစ်သည်ဟု ယူဆသောကြောင့် ခရီးသွား နေရာတစ်ခု ဖြစ်လာအောင် ဖော်ဆောင်ခဲ့သည်။

ရှောင်ကွမ် မြို့ဟောင်း သမိုင်းဝင်နေရာသည် လျှို့ဝှက်ဆန်းကြယ်သော အငွေ့အသက်များ ရှိနေသည်။ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းနှင့်အတူ ယခုအခါတွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်နိုင်သော နေရာတစ်ခု ဖြစ်လာခဲ့သည်။

ဤနေရာကို လာရောက် လည်ပတ်ကြသော လူများကြောင့် နယ်ခံနယ်မြေလည်း စီးပွားရေး တိုးတက်လာခဲ့သည်။

ရှောင်ရှုမြို့နှင့် အနီးကပ်နေသောကြောင့် လူအများအပြားက မြို့သို့ အပြီးအပိုင် ပြောင်းရွှေ့

လာခဲ့ကြသည်။ ပြည်ထောင်စု အစိုးရကလည်း ပံ့ပိုးကူညီနိုင်အောင် အစွမ်းကုန် ကြိုးစား ဆောင်ရွက်ခဲ့သည်။

လင်းဟွမ်သည် ရှောင်ရှမြို့၏ ဝပ်ကျင်းထဲသို့ ဝင်လာသောအခါ (ဒီ) အဆင့် ဝပ်ကျင်းစခန်းထဲမှ လူများ၏ နေထိုင်မှုဓလေ့စရိုက်သည် ပချီမြို့ဟု ခေါ်သော (စီ) အဆင့် ဝပ်ကျင်းစခန်းနှင့် ဆင်တူနေသောကြောင့် နေရာမှားနေသလား ဟုပင် ထင်လိုက်မိသည်။

ဒါသည် ခရီးသွားများကို ဆွဲဆောင်ခြင်း ရှိ၊မရှိ သို့မဟုတ် ရှောင်ကွမ်မြို့ အနီးတဝိုက်တွင် ရှိနေခြင်း မရှိနေခြင်းလည်း မသေချာတော့ပေ။

လင်းဟွမ်သည် ရှောင်ရှုမြို့သို့ ရောက်သည်နှင့် အစိမ်းရောင်ဝံပုလွေကို ပြန်သိမ်းပြီး သူ၏လက်စွပ်ထဲကို ကိုဩဒိနိတ် အမှတ်အသားတစ်ခု ထည့်လိုက်သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ရှောင်ကွမ် မြို့ဟောင်း သမိုင်းဝင်နေရာသို့ ရောက်လာခဲ့သည်။

ပထမညအတွက် အခန်း ကြိုယူထားသော ဟိုတယ်သည် ရှောင်ကွမ် မြို့ဟောင်း အပျက်အစီးနေရာနှင့် တစ်ကီလိုမီတာ အကွာအဝေး အတွင်းမှာသာ တည်ရှိသည်။

လင်းဟွမ်သည် မြေပုံကို ကြည့်ပြီးနောက် ရှောင်ရှမြို့သည် သေးငယ်ခြင်းမရှိကြောင်း နားလည်သွားသည်။ ဒါသည် ဝူလင်မြို့ထက် (၅) ဆနီးပါး ကြီးပြီး ပချီမြို့ အရွယ်အစား၏ သုံးပုံ၊တစ်ပုံခန့် ရှိသည်။

ဟိုတယ်သို့ ရောက်လာသောအခါ မနက် (၁၀) နာရီ မိနစ် (၃၀)ပင် မရှိသေးချေ။ စစ်ဆေးရန် အချိန်စောလွန်းသည်ဟု ယူဆသောကြောင့် ဧည့်ကြို ကောင်တာတွင် စာရင်းပေးလိုက်သည်။

ဟိုတယ်သည် အထပ် (၅) ထပ်ရှိသော ရှေးဟောင်း အဆောက်အဦးဖြစ်ပြီး ဓာတ်လှေကား မပါရှိပေ။ လင်းဟွမ်သည် အခန်းယူပြီးသောအခါ သစ်သား လှေကားမှတဆင့် သူ့အခန်းသို့ လျှောက်သွားသည်။

သစ်သားလှေကားသည် ဟောင်းနေသော်လည်း ကျယ်လောင်သော ညည်းသံများ ထွက်ပေါ်ခြင်း မရှိဘဲ သန့်ရှင်းနေသည်။

လင်းဟွမ်၏ အခန်းနံပါတ်သည် (၅၀၅) ဖြစ်ကာ အထပ် တစ်ခုချင်းစီတွင် အခန်း (၅) ခန်းသာ ရှိနေကြောင်း သတိထားလိုက်မိသည်။

ဤဟိုတယ်တွင် ပထမအထပ် မပါက အခန်း (၂၀)သာ ရှိသည်။

"ရာသီချိန် မဟုတ်လို့လား"

လင်းဟွမ်သည် စိတ်ထဲမှ တွေးလိုက်မိသည်။

ယခုအချိန်သည် နွေရာသီ အားလပ်ရက်ဖြစ်သောကြောင့် ခရီးသွား အများကြီး ရှိနေလိမ့်မည်ဟု ထင်ထားခဲ့သည်။ ထို့ကြောင့် ရှုခင်းကောင်းသော နေရာတွင် တည်ရှိနေသော အခန်းများကို ကြိုတင်မှာယူထားသဖြင့် အခန်းများ ပြည့်နေလိမ့်မည်ဟု တွက်ဆထားခဲ့သည်။ ထိုကဲ့သို့ မဖြစ်နေသဖြင့် ထူးဆန်းနေသည်။

လင်းဟွမ်သည် အခန်းထဲသို့ဝင်ကာ လှည့်ပတ်ကြည့်ရှုလိုက်သည်။

သူ့ခေတ်၊ သူ့ခါအရ တိတ်ဆိတ်ပြီး သာယာသည်ဟု ယူဆနိုင်သည်။ အခန်းကို ကြည့်ရှုပြီးနောက် စိတ်ကျေနပ်သွားသည်။

ရှောင်ကွမ်မြို့ဟောင်းကို လေသာဆောင်မှ မြင်နိုင်သည်။ မြို့ဟောင်းသည် မြေအောက်တွင် ဖြစ်ပြီး ထိုနေရာ ပတ်ပတ်လည်တွင် အထပ်မြင့် အဆောက်အအုံများ မရှိပေ။

လင်းဟွမ်သည် လေသာဆောင်၌ ရပ်နေစဉ် ဖုံးကွယ်သွားခြင်း မရှိသော အပျက်အစီး အစိတ်အပိုင်းများကို မြင်နေရသည်။

အခန်းထဲမှ ပြန်ထွက်လာသောအခါ သူ၏ ဘေးခန်းတွင် တည်းခိုသော လူငယ်စုံတွဲတစ်တွဲနှင့် ဝင်တိုက်မိသည်။

ပထမအထပ်သို့ ရောက်သောအခါ ဧည့်ကြို ကောင်တာတွင် ဟိုတယ်ပိုင်ရှင်ဟု ယူဆရသော အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရသည်။

လင်းဟွမ်က နှုတ်ဆက်ရင်း မေးလိုက်သည်။

"သူဌေး၊ ဒီအချိန်က ရာသီချိန် အထွင်ဋ္ဌအထိပ် မဟုတ်ဘူးလား"

“အခုမှ အားလပ်ရက် စတယ်ဆိုတော့ ဒီကိုလာတဲ့ လူတွေက ဒီ မလာခင် ရှောင်ကွမ်မြို့မှာ ရက်ပိုင်းလောက်တော့ လည်ပတ်နေကြတာ များတယ်။ ဒါကြောင့် ဒီအချိန်က စီးပွားရေး နှေးတယ်။ အခန်းတွေ ကျန်နေသေးတယ်။ မင်းသာ သုံးရက်၊ ငါးရက်လောက် နောက်ကျသွားရင်တော့ အခန်းရဖို့ ခက်သွားလိမ့်မယ်”

ဟိုတယ်ပိုင်ရှင်က ပြုံးပြီး ပြန်ရှင်းပြသည်။

“အော် အဲ့ဒီလိုလား”

လင်းဟွမ်သည် ဒီဟိုတယ်၏ လုပ်ငန်း နှေးကွေးရခြင်းမှာ အခြား အကြောင်းအရင်းကြောင့် ဖြစ်နိုင်နေမလားဟု တွေးထင်ခဲ့သော်လည်း ပိုင်ရှင်၏ရှင်းပြချက်ကို နားထောင်ပြီးနောက် အဓိပ္ပါယ်ရှိသည်ဟု ထင်လိုက်မိသည်။

"သူဌေး။ ဒီဟိုတယ်က ဖွင့်ထားတာ ကြာနေပြီလို့ ထင်တယ်။ မင်းက ရှောင်ရှမြို့မှာ နေထိုင်နေတာ တော်တော်လေး ကြာနေပြီ မဟုတ်လား"

လင်းဟွမ်က မေးလိုက်သည်။

"ငါ ဒီမှာနေထိုင်ခဲ့တာ အနှစ် (၂၀) ကျော်နေပြီ။ ဒီဟိုတယ် လုပ်ငန်းကို လည်ပတ်ခဲ့တာက (၁၈) နှစ်လောက် ရှိနေပြီ"

ဟိုတယ်ပိုင်ရှင်က ခေါင်းငြိမ့်ပြီး ဂုဏ်ယူစွာ ပြောလိုက်သည်။

"ငါတို့လို အပြင်လူတွေ မကြားဖူးသေးတဲ့ ရှောင်ကွမ် မြို့ဟောင်းနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေ ရှိသေးလား"

လင်းဟွမ်က မေးလိုက်သည်။

“တကယ်လို့ မင်းက သိတယ်ဆိုရင် ငါ နားထောင်ချင်တယ်”

လင်းဟွမ်က မေးလိုက်သည်။

“ရှောင်ကွမ်မြို့ဟောင်းက အမြဲတမ်း လျှို့ဝှက် ဆန်းကြယ်နေတဲ့ နေရာပဲ။ ပုံပြင်တွေတော့ သိပ်မရှိဘူး။ ဒါပေမယ့် ငါက ဒီကိုရောက်နေတာ ကြာနေပြီဆိုတော့ မင်း ကြိုက်နိုင်တဲ့ ပုံပြင်တစ်ခုတော့ ရှိတယ်။ မင်း စိတ်ဝင်စားတယ်ဆို နားထောင်လို့ရတယ်။ ဇာတ်လမ်းတစ်ခု အနေနဲ့

ရေးထားတယ်ဆိုတော့ သိပ်ပြီး အလေးအနက် မထားနဲ့ပေါ့ကွာ”

ပိုင်ရှင်က ပြောလိုက်သည်။

လင်းဟွမ်က ဟိုတယ်ပိုင်ရှင်ကို ဇာတ်လမ်း စပြောပေးရန် ခေါင်းငြိမ့်ပြလိုက်သည်။

“တချိန်တုန်းက ရှောင်ဟော်လို့ ခေါ်တဲ့ အစွမ်းထက်တဲ့ လူတစ်ယောက် ရှိခဲ့တယ်။ သူက အင်ပါယာ တစ်ခု တည်ဆောက်ခဲ့တယ်။ ဒီမြို့ဟောင်းက သူ့ရဲ့မြို့တော်ပဲ။ ဘီလီယံနဲ့ချီတဲ့ လူပေါင်းများစွာကို အုပ်စိုးခဲ့တယ်။ တစ်နေ့မှာ

ကပ်ဘေးတစ်ခုနဲ့ ကြုံခဲ့ရတယ်။ အဲဒီညက ဘာတွေ ဖြစ်ပျက်ခဲ့လဲဆိုတာ ဘယ်သူမှ မသိဘူး။

အင်ပါယာကြီး တစ်ခုလုံးက တစ်ခါမှ မရှိခဲ့သလို ပျောက်ကွယ်သွားတယ်။ ဒါက ရှောင်ကွမ် နန်းတော်ဟောင်း ပျောက်ကွယ်သွားတဲ့ ဒဏ္ဍာရီပဲ မှန်လား၊ မှားလားဆိုတာ ဘယ်သူမှ မသိကြဘူး”

ဟိုတယ်ပိုင်ရှင်က တိုတိုးလေး ပြောလိုက်သည်။

လင်းဟွမ်သည် ဟိုတယ်ပိုင်ရှင်ထံမှ ဇာတ်လမ်းကို နားထောင်ပြီးသောအခါ တိတ်ဆိတ်သွားပြီး စိတ်ကျေနပ်စွာ ခေါင်းငြိမ့်ပြီး ပြုံးပြလိုက်သည်။

"ဒီဇာတ်လမ်းကို ငါ တစ်ခါမှ မကြားဖူးဘူး။ ကျန်သေးတယ် မဟုတ်လား။ ငါလဲ အဲဒါပဲသိတယ်။ ကျန်တာတွေကတော့ နှလုံးသား ကွန်ရက်ပေါ်က ကောလဟာလတွေပဲ"

ဟိုတယ်ပိုင်ရှင်က ခေါင်းခါရင်း လက်ခါပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်။ အခုတော့ မြို့ဟောင်းကို သွားလိုက်အုံးမယ်။

လင်းဟွမ်သည် ထိုသို့ပြောပြီးနောက် ဟိုတယ်မှ ထွက်လာခဲ့သည်။ ထို့နောက် မဝေးလှသော

မြို့ဟောင်း၏ တောင်ဘက်တံခါးသို့ ဦးတည်ပြီး သွားလိုက်သည်။

## အခန်း(၁၁၂) - ရှောင်ဖိန်၏ ရှာဖွေတွေ့ရှိမှု။

ရှောင်ကွမ်မြို့ဟောင်းသည် အဖွဲ့ခွဲ (၇) တွင် လူကြိုက်များကာ ဆွဲဆောင်မှုရှိသော နေရာတစ်ခု ဖြစ်သော်လည်း ဝင်ကြေးအခမဲ့ ဖြစ်သည်။

မြို့ဟောင်းထဲသို့ ဝင်ရောက်ရန် တောင်ဘက် မြို့တံခါးကို ဖြတ်သန်းရသော ဝင်ပေါက်တစ်ခုသာ ရှိသည်။ ဧည့်သည်များသည် မြို့ဟောင်းထဲသို့ မဝင်ခင် ဝင်ပေါက်တွင် သူတို့၏ အထောက်အထားများကို စကန်ဖတ်ရသည်။

ဟိုတယ်ပိုင်ရှင်က ရာသီချိန် မဟုတ်သေးဘူးဟု ပြောခဲ့သော်လည်း ဝင်ပေါက်တွင် တန်းစီနေသောလူက အများကြီး ရှိသည်။ လင်းဟွမ်သည် နာရီဝက်ခန့် ကြာအောင် စောင့်ဆိုင်းခဲ့ရသည်။

မြို့ဟောင်းထဲသို့ ဝင်သွားသည်နှင့် အနီရောင် ယူနီဖောင်း ဝတ်ထားသော အမျိုးသမီး တစ်ယောက်က ရောက်လာပြီး

"ဆာ၊ ညှော်လမ်းညွှန် လိုသေးလား" ဟု မေးလာသည်။

"တောင်းပန်ပါတယ်။ ငါက ဟိုနား၊ ဒီနားပဲ လျှောက်ကြည့်မှာ"

လင်းဟွမ်က လက်ခါပြပြီး ငြင်းလိုက်သည်။

ခရီးသွား တစ်ယောက်အနေနှင့် လာလည်ခြင်း မဟုတ်ဘဲ ရှောင်ဟော် ချန်ထားခဲ့သော ချန်ထားခဲ့သော သဲလွန်စများကို ရှာဖွေနေခြင်း ဖြစ်သည်။ ထို့ကြောင့် ဧည့်လမ်းညွှန် မလိုအပ်ပေ။

လူအုပ်ကြီးနောက်မှ လိုက်လာကာ မီတာ တစ်ရာခန့် လမ်းလျှောက်ပြီးနောက် မြို့ဟောင်းထဲသို့ ရောက်ရှိသွားသည်။

အလယ်တွင် တံခါးပေါက် (၃) ခုပါသော ရှေးဟောင်း မြို့တံတိုင်းကြီးနှင့် ဆင်တူသော အဆောက်အဦး တစ်ခုပင်။

ညွှ့်လမ်းညွှန် တစ်ယောက်က လူများကို ရှင်းပြနေသည်။

“ဒီတံခါးပေါက်ကြောင့် အရှုး မဖြစ်စေနဲ့။ ဘေး(၂)ဖက်မှာ လျှို့ဝှက် တံခါး (၂) ခု ရှိသေးတယ်။ ဒီလိုမျိုး တည်ဆောက်ထားတဲ့ ပထမဆုံးနန်းတော်ပဲ။ တူးဖော်မှုမှာပါခဲ့တဲ့ ရှေးဟောင်း သုတေသန

ပညာရှင်ရှောင်ကွမ်က ဒီတစ်ခုတည်း ရှိနိုင်တယ်လို့ ပြောခဲ့တယ်။”

ဤအဆောက်အဦးသည် ကမ္ဘာပေါ်ရှိ တားမြစ်မြို့တော်၏ အထွဋ်အထိပ်တံခါးနှင့် လုံးဝတူသော်လည်း အရွယ်အစား ပိုကြီးသည်။ အဝင်ဝတွင် ‘ကောင်းကင်ဘုံ တံခါး’ ဟူသော ဆိုင်းဘုတ်ကို ချိတ်ဆွဲထားသည်။

လင်းပွမ်အတွက် ဤရှောင်ကွမ် မြို့ဟောင်းသည် ရှောင်ပော်နှင့် ပက်သက်နေကြောင်း သေချာသွားခဲ့သည်။

ဝင်ပေါက်ကို ဖြတ်သန်ပြေးပြီးနောက် မနီးမဝေးတွင် တံတား (၅) ခု တည်ဆောက်ထားသော မြောင်းတစ်ခု ရှိသည်။

ဒါသည် ချင်မင်းဆက် ဇာတ်လမ်းတွဲများထဲက ဝန်ကြီးများဝင်ကြသော အဓိက လမ်းကြောင်းနှင့် တူပြီး နန်းတော်တံခါးကြီး တစ်ခုရှိသည်။ တံခါး

အပေါ်ဘက်တွင် မြေကြီးတံခါး ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။

'ရှားခန်းမ' ဟူသော ဆိုင်းဘုတ် တပ်ဆင်ထားသည့် ကျက်သရေဆောင် ခန်းမ တစ်ခုလည်း ရှိသေးသည်။

လင်းဟွမ်သည် ကျက်သရေဆောင်ခန်းမက အဓိကအခန်း ဖြစ်နိုင်သည်ဟု ယူဆကာ ခန်းမထဲသို့ ဝင်လိုက်သည်။

ခန်းမထဲသို့ ဝင်လိုက်သည်နှင့် ကြမ်းပြင်ပေါ်ရှိ အက်ကွဲကြောင်းများက သူ့အာရုံကို ဖမ်းစား

သွားသည်။ ညွှန့်လမ်းညွှန်က ဤအက်ကွဲကြောင်းများ အကြောင်းကို ရှင်းပြနေသည်။

"ဒီကြမ်းပြင်က ပင်လယ်ကျောက်ဆောင်တွေနဲ့ ပြုလုပ်ထားလို့ အရမ်းမာကြောတယ်။ သာလွန်အဆင့် တစ်ယောက်ယောက်က အားနဲ့မလုပ်ရင် အက်ကွဲကြောင်း ဖြစ်ပေါ်နိုင်မှာ မဟုတ်ဘူး"

"ခေါင်းမိုးကို မော့ကြည့်လိုက်ပါ၊ တစ်မီတာ လောက် ကျယ်တဲ့ အပေါက်တစ်ပေါက် ရှိတယ်။ ဒါပေမယ့် ရှေးဟောင်း သုတေသနပညာရှင်တွေက ပြန်လည် ပြုပြင် ထိန်းသိမ်းခဲ့တယ်။ အခုလက်ရှိ

ပုံစံက မူလအမိုးနဲ့ မတူတော့ဘူး။ ဒီမြို့ဟောင်း နေရာတစ်ခုလုံးမှာ ဒီနေရာ တစ်ခုတည်းပဲ မူလအတိုင်း ကျန်တော့တယ်"

"ခေါင်မိုးပေါ်ကို တစ်ခုခု ပြုတ်ကျလာလို့ ဒါမှမဟုတ် ရောက်လာတဲ့ တိုက်ခိုက်မှု တစ်ခုခုကို သတိထားမိပြီး ဒီလမ်းက ထွက်ပြေးသွားတာ ဖြစ်နိုင်တယ်"

လင်းဟွမ်သည် ခေါင်းမိုးကို မော့ကြည့်ရင်း ဖြစ်နိုင်ချေရှိသော အဖြစ်အပျက်များကို တွေးတော ကြည့်လိုက်သည်။

ထိုစဥ် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ရုတ်တရက် ထွက်ပေါ်လာသည်။

"ပုံမှန် မဟုတ်တဲ့ စွမ်းအင်လိုင်းတွေ အောက်ဘက်မှာ တွေ့နေတယ်။ လုပ်ဆောင်ချက် အသစ်ရဖို့အတွက် အဲ့ဒီစွမ်းအင်တွေကို စုဆောင်းနိုင်တယ်"

"မင်းက သေချာလား"

ရှောင်ဖိန်က သူ့ထံမှ တစ်ခုခုကို ပထမဆုံးအကြိမ် တောင်းဆိုခြင်း ဖြစ်သည်။

"အတည်ပြုပြီးသား။ ထောက်လှမ်းမှု အရတော့ ပုံမှန် မဟုတ်တဲ့ စွမ်းအင်တွေက အခြားလူတစ်ယောက် ပိုင်ဆိုင်ခဲ့တဲ့ ရွှေလက်ချောင်းစနစ်က ဖျက်စီးခဲ့ရပြီး ကျန်ခဲ့တဲ့ စွမ်းအင်တွေပဲ။ မင်းရဲ့ ရွှေလက်ချောင်းစနစ် အားကောင်းလာဖို့အတွက် အဲဒီ စွမ်းအင်ကို စုပ်ယူနိုင်တယ်"

"ငါ ရပ်နေတဲ့အောက်မှာလား။

လင်းဟွမ်က မေးလိုက်သည်။

"ဟုတ်တယ်၊ မင်းရပ်နေတဲ့ အောက်ဖက် မီတာသုံးထောင်လောက်မှာ ရှိတယ်"

"ကောင်းပြီ။ ဒါဆို ငါတို့တွေ သေသေချာချာလေး အစီအစဉ်ဆွဲဖို့ လိုတယ်။ အခုတော့ ပြန်ကြမယ်"

လင်းဟွမ်သည် သူ သိချင်သော အကြောင်းအရာကို သိပြီးသည်နှင့် ဆက်မနေချင်တော့ပေ။ မြေအောက်ထဲမှ ပစ္စည်းကို မြေပေါ် ရောက်လာအောင် မည်ကဲ့သို့ ယူရင် ကောင်းမလဲဟု စဉ်းစားလာခဲ့သည်။

ရှောင်ကွမ်မြို့ဟောင်းထဲမှ ထွက်လာပြီး ဟိုတယ်သို့ ပြန်ရောက်သောအခါ နေ့လည် တစ်နာရီခန့် ရှိနေပြီ။

လင်းဟွမ်သည် အခန်းထဲသို့ ပြန်ရောက်သည်နှင့် အခန်းတံခါးကို ပိတ်လိုက်ကာ ရှောင်ဖိန်နှင့် စကား ဆက်ပြောလိုက်သည်။

“ရှောင်းဖိန် မြေအောက်ထဲမှာ မင်းပြောခဲ့တဲ့ ပုံမှန်မဟုတ်တဲ့ စွမ်းအင်အပြင် တခြား ဘာတွေ ရှိသေးလဲ။

"ငွေရောင်အဆင့်ထိ မြှင့်တင်ထားပြီး နှစ်ကြိမ် သန္ဓေပြောင်းထားတဲ့ မွန်းစတား တစ်ကောင်လည်း ရှိနေသေးတယ်"

"ဘယ်လို မွန်းစတားမျိုးလဲ"

"အမည် မဖော်နိုင်ဘူး"

"နှစ်ကြိမ် သန္ဓေ ပြောင်းထားတာလား။ အဲ့ဒါကို တိုက်ခိုက်နိုင်တဲ့ တစ်ဦးတည်းသော မွန်းစတားက ချောကလက်လေးပဲ ရှိမယ်"

လင်းဟွမ်သည် မျက်မှောင်ကြုတ် လိုက်ပြီး

"ပတ်ဝန်းကျင် အခြေအနေကရော ဘယ်လိုလဲ။ ချောကလက်လေး လှုပ်ရှားဖို့ အတွက် လုံလောက်အောင် ကျယ်ဝန်းရဲ့လား"

"ကျယ်တယ်။ အဲ့ဒီနေရာက တော်တော်လေး ကျယ်တယ်"

"ဒါဆို ချောကလက်လေးကို တိုက်ခိုက်ခိုင်းမယ်"

လင်းဟွမ်သည် ချောကလက်လေးက နှစ်ကြိမ်တိုင်တိုင် သန္ဓေပြောင်းထားသောကြောင့် ယုံကြည်မှု ရှိသည်။ မည်သို့ပင် ဆိုစေကာမူ

ချောကလက်လေးသည် အစစ်အမှန် နဂါး မျိုးစပ်တစ်ကောင် ဖြစ်သည်။

ထို့နောက် သူ့တွင်ရှိနေသော ကတ်များကို စစ်ဆေးကြည့်လိုက်ရာ အသွင်ပြောင်းကတ် မရှိတော့ကြောင်း သိလိုက်ရသည်။

"ငါ့ရဲ့ အသွင်ပြောင်းကတ် အားလုံးကို တခါတည်းနဲ့ သုံးခဲ့တယ်ဆိုတာ မေ့သွားတယ်။ တစ္ဆေအသွင်ပြောင်းပြီး မြေအောက်ထဲ ငုတ်သွားဖို့ မဖြစ်နိုင်တော့ဘူး"

လင်းဟွမ်သည် ဘာလုပ်ရမှန်း မသိတော့ပေ။

"ရှောင်ဖိန်၊ တစ်ခုခုလောက် စဥ်းစားပါအုံး"

"ကတ်အပိုင်းအစ ကုန်တိုက်ထဲမှာ အထူး အသွင်ပြောင်းကတ် ဝယ်နိုင်တယ်"

"အထူး အသွင်ပြောင်းကတ်လား"

လင်းဟွမ် အံ့အားသင့်သွားသည်။

"ငါ့မှာ ကတ်အပိုင်းအစ လုံလောက်လို့လား"

"လိုအပ်တဲ့ အပိုင်းအစက ယခုလက်ရှိ မင်းမှာရှိတဲ့ မွန်းစတားကတ်နဲ့ အဆင့်တူတူပဲ။ မင်းပိုင်ထားတဲ့ တစ္ဆေမွန်းစတားက ကြေးအဆင့် ဖြစ်နေတော့

သာမန်ကြေးအဆင့် ကတ်အပိုင်းအစ (၆၀) ပဲ လိုတယ်”

“အထူး သတိပေးချက်။ အထူး အသွင်ပြောင်းကတ်ရဲ့ သက်ရောက်မှုက တစ်နာရီပဲ ခံမယ်”

“ဒါဆိုလည်း ဘေးကင်းအောင် (၅) ခု ယူမယ်ကွာ”

အသွင်ပြောင်းကတ် (၂) ခုသည် အသွားအပြန် လမ်းခရီးအတွက် လုံလောက်မည် ဖြစ်သော်လည်း လင်းဟွမ်၏ စိုးရိမ်တတ်သော ဗီဇကြောင့် လိုအပ်သည်ထက် ပိုဝယ်ခဲ့သည်။

ကြေးအဆင့် ကတ်အပိုင်းအစ (၃၀၀) ပျောက်ကွယ် သွားပြီးနောက် တစ္ဆေ အထူး အသွင်ပြောင်းကတ် (၅) ခု ရရှိခဲ့သည်။

“ရှောင်ကွမ် မြို့ဟောင်းမှာ လူများလွန်းတယ်။ ညကျမှပဲ လှုပ်ရှားတော့မယ်”

လင်းဟွမ်သည် သူ့ကိုယ်သူ တစ္ဆေအဖြစ် ပြောင်းလဲပြီးနောက် ရှာဖွေတွေ့ရှိခြင်း ခံရနိုင်သလို သုတေသန ပြုပ်လုပ်ရန်အတွက် ဖမ်းဆီးခြင်း ခံရနိုင်သည်။

ရှေးဟောင်း မြို့ဟောင်းကို ည (၁၀) နာရီ အထိ ဖွင့်လှစ်သည်။ ထို့ကြောင့် လင်းဟွမ်သည် (၉) နာရီခွဲ လောက်မှ သွားရန်စီစဥ်ထားပြီး အစီအစဥ်ကို မစတင်ခင် လူအားလုံး ထွက်သွားသောအချိန်ကို စောင့်ဆိုင်းမည်။ နေ့ခင်းဘက်တွင် တရေးတမော အိပ်ရန် ဆုံးဖြတ်လိုက်သည်။

ညနေ (၆) နာရီတွင် အိပ်ရာပြန်ထကာ ညစာ စားပြီးနောက် သွားမည့်အချိန်ကို အခန်းထဲက စောင့်ဆိုင်းနေခဲ့သည်။

ညနေ (၈) နာရီ မိနစ် (၃၀) ခန့်တွင် ဘေးအခန်းမှ အမျိုးသမီးတစ်ယောက်၏ အော်ဟစ် ငိုယိုသံ ကြားရပြီး အော်ဟစ်သံကို ကြားလိုက်ရသည်။ အခန်း၏ အသံလုံနိုင်စွမ်းက ညံ့ဖျင်းလှသည်။

လင်းဟွမ်သည် ခေါင်းခါပြီး သတင်းကိုသာ ဆက်ဖတ်လိုက်သည်။

(၉) နာရီ ထိုးသောအခါ တုန်ခါနေသော ကုတင်အသံသည် ရပ်တန့်သွားသော်လည်း ထို အမျိုးသမီးက ထပ်မံ အော်ဟစ်နေသည်။

လင်းဟွမ်သည် သွား စုံစမ်းချင်သော်လည်း အတွေးလွန်ခြင်း ဖြစ်နိုင်သည်ဟု စဥ်းစားပြီးနောက် ပြန်ထိုင်လိုက်သည်။

ဘေးအခန်းသည် လုံး၀ တိတ်ဆိတ်သွားသည်။

ခဏ ကြာသောအခါ သူ့အခန်းသို့ ချဥ်းကပ်လာသော ခြေသံများကို ကြားလိုက်ရသည်။

သူသည် ဘယ်ဘက်တွင် နောက်ဆုံးနှင့် ထောင့်ဆုံးဖြစ်သော အခန်း (၅၀၅)တွင် တည်းခိုနေခြင်း ဖြစ်သည်။ လူများက

ဖြတ်သွားဖြတ်လာ လမ်းလျှောက်သွားရန် မဖြစ်နိုင်ပေ။

လင်းဟွမ်သည် အနက်ရောင် လင်းယုန် (၃၃) သေနတ်ကိုထုတ်ကာ တံခါးပေါက်ကို ချိန်ထား လိုက်သည်။

## အခန်း(၁၁၃) - ကပ်ပါးကောင်များ၏ တိုက်ခိုက်ခြင်း။

ခြေသံများသည် လင်းဟွမ် အခန်း၏တံခါးရှေ့တွင် ရပ်တန့်သွားသည်။

လင်းဟွမ်သည် မျက်မှောင် ကြုတ်ထားပြီး တံခါးကို သေနတ်နှင့်ချိန်ထားကာ တိုက်ပွဲဝင်ရန် ပြင်ဆင်ထားသည်။

ခေတ္တမျှ တိတ်ဆိတ် သွားပြီးနောက် ကျယ်လောင်သော တံခါးခေါက်သံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

လင်းဟွမ်က မေးလိုက်သည်။

"ငါ ပါ"

ဟိုတယ်သူဌေး၏ အသံ ထွက်ပေါ်လာသည်။

လင်းဟွမ်သည် စိတ်သက်သာရာ ရသွားသည်။ ခဏမျှ ကြာသောအခါ စိတ်ထဲတွင် သံသယ

အနည်းငယ် ရှိနေဆဲ ဖြစ်သောကြောင့် လှမ်းမေးလိုက်သည်။

"သူဌေး ဘာကိစ္စလဲ"

"ဒီနေ့ မွန်းလွဲပိုင်းက ရှောင်ကွမ်မြို့ဟောင်း အကြောင်း ငါ့ကို မေးခဲ့တယ် မဟုတ်လား။ ဇာတ်လမ်းတစ်ခုကို သတိရမိပြီး မင်း မကြားဖူးသေးဘူးထင်လို့ လာပြောတာပဲ"

သူဌေးက ပြောလိုက်သော စကားကို ကြားလိုက်လျှင် လင်းဟွမ်သည် မျက်မှောင် ကြုတ်သွားသည်။ အချိန်က ညကိုးနာရီ ထိုးခါနီး

ဖြစ်နေသောကြောင့် ထူးဆန်းသည်ဟု ခံစားနေရသည်။ ဤအချိန်တွင် သူဌေးက ဘာကြောင့် သူ့အခန်းကို လာပြောရသနည်း။

“မနက်ဖြန်ကျမှ ပြောရအောင်။ အခု အိပ်တော့မယ်”

လင်းဟွမ်က ရိုးရိုးရှင်းရှင်းလေး ပြန်ဖြေလိုက်သော်လည်း သတိကို မလျော့ချခဲ့ပေ။

တံခါးအပြင်ဘက်တွင် လုံးဝ တိတ်ဆိတ်နေသည်။ သူဌေး၏ခြေသံကို မကြားရသလို တုံ့ပြန်သံလည်း မကြားရပေ။

လင်းဟွမ်သည် ဘာတွေ ဖြစ်နေလဲဟု သိချင်နေစဉ် လေသာဆောင်ဘက်မှ အသံတစ်ခု ကြားလိုက်ရသည်။ ခေါင်းလှည့်ကြည့် လိုက်ရာ ဘေးအခန်းမှ လူငယ်သည် သူ့အခန်းသို့ ကူးလာကြောင်း တွေ့လိုက်ရသည်။ ကိုယ်လုံး တီးကြီး ဖြစ်နေကာ သွေးစွန်းနေသော ဓားတစ်ချောင်းကို ကိုင်ထားသည်။

ထိုလူငယ်က ပြတင်းပေါက်မှန်ကို ကန်ခွဲပြီး လင်းဟွမ်ကို ပြေးထိုးသည်။

လင်းဟွမ်က ထိုလူငယ်လေး၏ ခေါင်းကို သေနတ်ဖြင့်ချိန်ကာ မဆိုင်းမတွ ပစ်ချလိုက်သည်။

ဒိုင်း.....

ကံကြမ္မာစွမ်းအား ကျည်ဆံသည် သေနတ်ထဲမှ ထွက်ခွာသွားပြီး ဓားကိုင်ထားသော လူငယ်၏ ခေါင်းကို ထိုးဖောက် ဝင်ရောက်သွားသည်။ ခေါင်းမှ သွေးများပန်းထွက်ပြီး အလောင်းသည် ချက်ချင်း လဲကျသွားသည်။

ထိုစဉ် ပိတ်ထားသော တံခါးကို တစ်ယောက်ယောက်က သော့နှင့် ဖွင့်နေသော

အသံကို ကြားလိုက်ရသဖြင့် လင်းဟွမ်သည် အခန်းတံခါးကို သေနတ်နှင့် နောက်တစ်ကြိမ် ပြန်ချိန်ထားလိုက်သည်။

ခဏကြာသောအခါ အခန်းတံခါး ပွင့်လာပြီး ဟိုတယ် သူဌေး ဝင်လာသည်။ အခန်းထဲတွင် လူသေ အလောင်းတစ်ခုကို တွေ့လိုက်ရသောအခါ အံ့သြသွားပုံရသည်။

"ရပ်နေစမ်း။ ဒီလိုမှမဟုတ်ရင် မင်းကို ပစ်လိုက်မယ်။ မင်းက ကပ်ပါးကောင်ရဲ့ လက်ခံကောင် ဖြစ်နေလို့ ငါ့ကိုယ်ငါ

ကာကွယ်ဖို့အတွက် ပစ်လိုက်တယ်လို့ ငါပြောလို့ရတယ်။”

လင်းဟွမ်က အောင်ဟစ်ပြီး ဟိုတယ်ပိုင်ရှင်ကို သွေးအေးစွာ စိုက်ကြည့်နေသည်။

“ကဲ ငါမေးသမျှကို ဖြေရင်ဖြေ ဒီလိုမှ မဟုတ်လို့ကတော့ မင်းသေရမယ်။ ဒီလို ညကြီး အချိန်မတော်မှာ ဘာလို့ ဒီကိုရောက်လာတာလဲ”

ဟိုတယ်သူဌေးသည် သေနေသော အလောင်းကို စိုက်ကြည့်ပြီးနောက် မျက်နှာပေါ်တွင် ခနဲ့တဲ့တဲ့

အပြုံးတစ်ခု ပေါ်လာကာ လင်းဟွမ်ကို ပြောလိုက်သည်။

“ဆရာက မင်းရဲ့ခန္ဓာကိုယ်ထဲမှာ တစ်ခုခု အာရုံခံစားရလို့ လိုချင်တယ်လို့ ပြောတယ်။ သူက မင်းကိုသတ်ပြီး ယူလာခိုင်းတယ်။ သူ့အတွက် မင်းရဲ့အလောင်းကို ယူသွားပေးရမယ်”

စကား ဆုံးသွားသည်နှင့် စကြိန်တွင် ပုန်းအောင်းနေသော လူဆယ်ယောက်သည် လင်းဟွမ်၏ အခန်းထဲသို့ ပြေးဝင်လာကာ

လင်းဟွမ်ကို ရိုက်နှိုက်သတ်ဖြတ်ရန် ကြိုးစားလာကြသည်။

လင်းဟွမ်သည် နောက် ပြန်လှည့်ကာ လေသာဆောင်သို့ ပြေးသွားသည်။ ထို့နောက် လေသာဆောင်ပေါ်မှ ခုန်ချပြီး အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်လိုက်သည်။ အလက်ဇန္ဒြား လင်းယုန်သည် လေထဲတွင် အတောင်ပံဖြန့်ကာ ပြုတ်ကျလာသော လင်းဟွမ်ကို ဖမ်းဆွဲပြီး ကောင်းကင်ပေါ်သို့ ပျံသန်းသွားသည်။

လင်းဟွမ်က အောက်ကို ငုံ့ကြည့်လိုက်ကာ "ဘာဖြစ်လို့ ကပ်ပါးကောင်တွေ ဒီလောက် များနေတာလဲ"ဟု ထိတ်လန့်တကြား တွေးလိုက်မိသည်။

အောက်သို့ ငုံ့ကြည့်လိုက်ရာ သူတို့ထဲမှ ဆယ်ယောက်ကျော်သည် လေသာဆောင်ပေါ်တွင် ရှိနေသည်။ လူသံနှင့်မတူဘဲ ကျယ်လောင်သော အော်ဟစ်သံများ အော်ဟစ်နေပြီး သူ့ကို စိုက်ကြည့်နေကြသည်။

ထို့အပြင် ဟိုတယ် အပြင်ဘက်တွင် လူတစ်ရာကျော် ပြေးလာသည်ကို တွေ့လိုက်ရသည်။ ထိုလူများသည် လေထဲကို လှမ်း မဖမ်းနိုင်မှန်း သိသော်လည်း ကောင်းကင်ကြီးပေါ်ကို လက်ဆန့်တန်းကာ အော်ဟစ်ရင်း ပြေးလိုက်နေကြဆဲ ဖြစ်သည်။

လင်းဟွမ်သည် ဟိုတယ်သူဌေး ခုနက ပြောခဲ့သော အကြောင်းအရာကို ရုတ်တရက် တွေးလိုက်မိသည်။ သူပြောခဲ့သော ဆရာသည် ကပ်ပါးကောင် ဖြစ်နိုင်သည်။

“ကပ်ပါးကောင်က လက်ခံကောင်တွေကို ထိန်းချုပ်ပြီး သူတို့အလိုရှိသလို တိုက်ခိုက်ခိုင်းလို့ ရတာပဲ”

လင်းဟွမ်က တွေးလိုက်သည်။

“ရှောင်ဖိန် မြေအောက်ထဲက ပုံမှန်မဟုတ်တဲ့ စွမ်းအင်တွေကို မင်းတွေ့တဲ့ အချိန်တုန်းက ပုံမှန် မဟုတ်တဲ့ စွမ်းအင်ကလည်း မင်းရဲ့ဖြစ်တည်မှုကို ခံစားနိုင်လား”

လင်းဟွမ်သည် ရှောင်ကွမ် မြို့ဟောင်းမှ အဖြစ်အပျက်ကို ပြန်သတိရလိုက်သည်။

“ငါ့ရဲ့ဖြစ်တည်မှုကို ခံစားနိုင်တယ်ဆိုတာ အမှန်ပဲ”

ရှောင်ဖိန်က ပြန်ဖြေလိုက်သည်။

“ဒါဆို မင်းက သူ့ရဲ့စွမ်းအားကို စုပ်ယူချင်သလို မင်းစွမ်းအားလည်း စုပ်ယူ ခံရနိုင်တာပေါ့”

လင်းဟွမ်သည် ရွှေလက်ချောင်း စနစ်များကြားတွင် ကြုံတွေ့ရမည့် တိုက်ပွဲက အင်မတန် ပြင်းထန်နိုင်ကြောင်း ရုတ်တရက် ခံစားလိုက်ရသည်။

“ငါ့ရဲ့ စွမ်းအားကိုတော့ ချုပ်ကိုင်လို့မရဘူး။ ဒါပေမဲ့ လုံလောက်အောင် အားကောင်းရင် ငါ့ရဲ့ အသိစိတ်ကို အစားထိုးပြီး ရွှေလက်ချောင်း စနစ်အသစ် ဖြစ်လာလိမ့်မယ်”

ရှောင်ဖိန်က ရှင်းပြလိုက်သည်။

“ဟုတ်ပြီ ငါ နားလည်ပြီ။ အခြေခံအားဖြင့်တော့ ပုံမှန်မဟုတ်တဲ့ စွမ်းအင်ကို ပိုင်ဆိုင်ထားတဲ့ မြေအောက်ထဲက မွန်းစတားကို ကပ်ပါးကောင်လို့ ပြောလို့ရတယ်။ အဲ့ဒီ ကပ်ပါးကောင်က ပုံမှန် မဟုတ်တဲ့ စွမ်းအင်ကြောင့် ဖြစ်ပေါ်တာလည်း

ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ဒါကြောင့် ငါကို တိုက်ခိုက်ဖို့အတွက် သူ့ရဲ့ပိုင်ရှင်က အမိန့်ပေးခဲ့တာ ဖြစ်လိမ့်မယ်”

နောက်ဆုံးတွင် လင်းဟွမ်သည် ဖြစ်ပျက်နေသော အကြောင်းအရာများကို သိလိုက်ပြီး ကောက်ချက် ချလိုက်သည်။

လင်းဟွမ်သည် အောက်သို့ ငုံ့ကြည့်လိုက်ရာ ရာနှင့်ချီသော လူများက သူ့နောက်သို့ ပြေးလိုက်နေဆဲ ဖြစ်ကြောင်း တွေ့လိုက်ရသည်။

“မင်္ဂလာပါ။ ဘာကူညီ ပေးရမလဲ”

အော်ပရေတာ၏အသံကို ကြားလိုက်ရသည်။

"သေသေချာချာ နားထောင်ပေးပါ။ ရှောင်ရှမြို့ တောင်ဘက်တံခါးအနားမှာ ကပ်ပါးကောင်တွေ ကူးစက်ခံထားရတဲ့ ရာနဲ့ချီတဲ့လူတွေ ရှိနေတယ်။ ထိန်းချုပ်ခံနေရတယ်။ ဒီထက် ပိုပြင်းထန်တဲ့ ပြဿနာတွေ မဖြစ်လာအောင် သူတို့ကို ချက်ချင်း ဝိုင်းဖို့ အကြံပေးချင်တယ်။ ငါ့ရဲ့တည်နေရာကို ခြေရာခံပြီး လူလွှတ်ပေးလိုက်ပါ။ မင်းကို အဲ့ဒီနေရာကနေ စောင့်နေမယ်"

လင်းဟွမ်က အော်ပရေတာကို ပြန်ပြောလိုက်သည်။

လင်းဟွမ်သည် သူတို့ကို မသတ်ချင်ပေ။ အမှန်တကယ်ဆို လက်ခံကောင်များသည် လူသားများသာ ဖြစ်ပြီး ကပ်ပါးကောင်များက သူတို့ကို အချိန်အတိုင်းအတာ တစ်ခုအထိ ချုပ်ကိုင်ထားခြင်း ဖြစ်ကာ နောက်ဆုံးတွင် ကပ်ပါးကောင်များ၏ သတ်ဖြတ်ခြင်းကိုပင် ခံရနိုင်သေးသည်။။ အသေအပျောက် မရှိဘဲ

ကိုင်တွယ် ဖြေရှင်းနိုင်ရန် မုဆိုးအဖွဲ့အစည်းထံ လွှဲအပ်လိုက်ခြင်းက အကောင်းဆုံး ဖြစ်သည်။

လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ကိုလည်း ပြန်မသိမ်းခဲ့ပေ။ သူသာ ထိုနေရာမှ လွတ်မြောက်သွားသည်နှင့် ထိန်းချုပ်ခံရသော သူများသည် သူတို့၏ပစ်မှတ် ပျောက်ကွယ်သွားမည် ဖြစ်ကြောင်း သိနေသည်။ ထိုကဲ့သို့ ဖြစ်သွားပါက ဖမ်းယူရန် အင်မတန် ခက်ခဲသွားလိမ့်မည်။

လက်ခံကောင်များအပြင် အခြား ခရီးသွားများလည်း လေထဲတွင် ပျံဝဲနေသော လင်းဟွမ်ကို သတိထားမိပြီး ချဉ်းကပ်လာကြသည်။

လင်းဟွမ်သည် မျက်မှောင်ကြုတ်လိုက်ပြီး သူတို့ကို အော်ဟစ်လိုက်သည်။

"မင်းတို့က မုဆိုးတွေလား ကျေးဇူးပြုပြီး လူအုပ်ကြီးကို ထိန်းပေးပါ၊ ဒီနေရာကို သာမန်လူတွေ ဝင်လာခွင့် မပေးနဲ့"

မုဆိုး အချို့သည် ကူးစက်ခံရသော လူအရေအတွက်မှာ ပုံမှန် မဟုတ်ကြောင်း

သတိထားမိလိုက်သည်။ သူတို့ပင် အနား မသွားရဲသောကြောင့် သာမန်လူများကို အနား မကပ်နိုင်စေရန် ပိုသေချာအောင် အမိန့် ပေးလိုက်သည်။

လင်းဟွမ်သည် ကူးစက်ခံထားရသော လူများ၏ အဓိကပစ်မှတ် ဖြစ်သော်လည်း သာမန်လူများက သူတို့နှင့် နီးသွားပါလျှင် ပစ်မှတ်များ ဖြစ်သွားနိုင်သည်။

ဆယ်မိနစ်ခန့် ကြာသောအခါ ရှောင်ရှုမြို့မှ မုဆိုးများ ရောက်လာကြသည်။ လူအုပ်ကြီးသည်

လျှင်မြန်စွာ လူစုခွဲလိုက်သည်။ မုဆိုးများက ကူစက်ခံနေရသော လူများကို လျှင်မြန်စွာ ဖမ်းဆီးကြသည်။

ဟိုတယ် သူဌေးအပါအဝင် ကူးစက်ခံထားရသော လူရာပေါင်းများစွာကို ငါးမိနစ်အတွင်း ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။

လင်းဟွမ်သည် မုဆိုးများ အလုပ်ရှုပ်နေစဉ် လူအုပ်ထဲသို့ ပြေးဝင်ကာ ရှောင်ကွမ်မြို့ဟောင်းကို နောက်တစ်ကြိမ် အကဲခတ်လိုက်သည်။

လင်းဟွမ်သည် မြို့ဟောင်းသို့ ရောက်သွားသည်နှင့် ပထမဆုံး ပြုလုပ်သောအရာမှာ သူမျက်နှာ အသွင်အပြင်ကို ပြောင်းလဲရန် ပုံစံပြောင်းလဲခြင်း စွမ်းရည်ကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။

ပုံစံပြောင်းလဲခြင်း စွမ်းရည်သည် ပုံစံမဲ့ သန်ကောင်ကို သတ်သည့်အချိန်က ရရှိခဲ့သော စွမ်းရည် တစ်ခုဖြစ်သည်။ ဒါသည် သူရရှိခဲ့သော ဆယ်ခုမြောက် မွန်းစတားစွမ်းရည်လည်း ဖြစ်သည်။

မြို့ဟောင်းတွင် အခြားလက်ခံကောင်များ ရှိ၊မရှိ မသေချာပေ။ ထို့ကြောင့် ရုပ်ရည်ပြောင်းလဲရန် ဆုံးဖြတ်လိုက်သည်။ ယခင်က သူ့မျက်နှာကို ကပ်ပါးကောင်က မြင်ခဲ့ဖူးသည်။ ထို့ကြောင့် မြို့ဟောင်းထဲကို နဂိုမျက်နှာနှင့် ဝင်သွားပါက အလွယ်တကူ မှတ်မိသွားနိုင်သည်။

"မင်းငါ့ကို ပြဿနာရှာရဲတယ် ဟုတ်လား။ အခု မင်းကိုငါ ပြဿနာ ရှာမယ့်အလှည့်ပဲ"

လင်းဟွမ်က စပ်ဖြဲဖြဲပြုံးလိုက်ပြီး မြို့ဟောင်း၏ အတွင်းပိုင်းသို့ ဝင်သွားသည်။

## အခန်း(၁၁၄) - ကြောက်စရာကောင်းသော ကပ်ပါးမျိုးစိတ်။

ည ကိုးနာရီ မိနစ်နှစ်ဆယ်....

လင်းဟွမ်သည် ရှားနန်းတော် အဟောင်း သမိုင်းဝင်နေရာကို ခန့်မှန်းထားသည့် အချိန်ထက် ပိုစော၍ ရောက်လာခဲ့သည်။ ဘေး တစ်ဖက်တစ်ချက်ကို ကြည့်ပြီး စောင့်ကြည့်ရေး စနစ်ကင်မရာ၏ မျက်ကွယ်နေရာ ရှိ၊မရှိ ကြည့်လိုက်သည်။

လင်းဟွမ်သည် လှည့်ပတ် သွားလာရင်း အခွင့်အရေးကို စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။

ည ကိုးနာရီ မိနစ်ငါးဆယ်ကို နီးကပ်လာသောအခါ ပြခန်းထဲရှိ စပီကာများမှ အသံများ တစ်ပြိုင်နက် ထွက်ပေါ်လာသည်။

"ဧည့်သည်များ ကျေးဇူးပြု၍ နားဆင်ပါ။ ရှားနန်းတော်ဟောင်းကို မနက်ရှစ်နာရီမှ ည ဆယ်နာရီအထိ ဖွင့်လှစ်ထားပါတယ်။ မကြာခင် အချိန်မှာ ပိတ်တော့မယ် ဖြစ်ပါတယ်။ ပြခန်းထဲမှ စနစ်တကျ ထွက်ခွာပေးပါရန် လေးစားစွာ

ပန်ကြားအပ်ပါတယ်။ ခန်းမပိတ်တဲ့ အချိန်အထိ မနေကြပါရန် လေးစားစွာ တောင်ဆိုအပ်ပါတယ်။ ခန်းမကို သန့်ရှင်းရေးလုပ်မယ့် ဝန်ထမ်းများသာ ကျန်ရှိတော့မယ် ဖြစ်ပါတယ်။ မကြာခင် ထွက်ခွာပေးဖို့ မျှော်လင့်ပါတယ်။ လူကြီးမင်းတို့၏ ပူးပေါင်း ဆောင်ရွက်မှုအတွက် အထူးပဲ ကျေးဇူး တင်ရှိပါတယ်၊ မင်္ဂလာ ညချမ်းလေးကို ပိုင်ဆိုင်ကြပါစေ”

စပီကာမှ ထိုကဲ့သို့ ကြေငြာခဲ့သည်။

ည ကိုးနာရီ မိနစ်သုံးဆယ် နောက်ပိုင်းတွင် ဧည့်သည်အသစ်များကို ရှားနန်းတော် မြို့ဟောင်းထဲသို့ ဝင်ခွင့် မပြုတော့ပေ။ လည်ပတ်ချိန်ကို ည ဆယ်နာရီအထိဟု သတ်မှတ်ထားသော်လည်း ပုံမှန်အားဖြင့် ည ကိုးနာရီခွဲအထိ လည်ပတ်ခွင့် ပြုထားသည်။ ဧည့်သည်များကို မိနစ်လေးဆယ် ကြိုတင်ပြီး ထွက်ခွာရန် အကြောင်းကြားလေ့ ရှိသည်။

လင်းဟွမ်သည် ကြေငြာသံကို နားထောင်ပြီးနောက် အိမ်သာထဲသို့ ချက်ချင်း တန်းသွားပြီး ပုန်းနေလိုက်သည်။

ညဆယ်နာရီ နောက်ပိုင်းတွင် ရှား နန်းတော်ဟောင်းထဲ၌ လူ မရှိသလောက် ဖြစ်လာပြီး ဝန်ထမ်းများက ပုန်းအောင်းနေသော လူများကို လိုက်လံရှာဖွေ၍ ရှင်းလင် နေသည်။

လုံခြုံရေး ဝန်ထမ်းများသည် တစ်ခြားနေရာကို မစစ်ဆေးသည်မှာ ထူးဆန်းလှသည်။ ထိုအစား

လင်းဟွမ် ပုန်းအောင်းနေသော အိမ်သာသို့ တိုက်ရိုက် ဦးတည်လာကြသည်။

သူတို့၏ ခြေသံများသည် လူရှင်းနေသော ပြပွဲခန်းမထဲတွင် ပို၍ ကျယ်လောင်နေသည်။ လင်းဟွမ်သည် သူရှိရာ အရပ်သို့ လျှောက်လာနေသော ခြေသံများကို ခပ်လှမ်းလှမ်းမှ ကြားနေရသည်။

တစ္ဆေ အသွင်ပြောင်းကတ်ကို ချက်ချင်း အသုံးပြုကာ တစ္ဆေအဖြစ် အသွင်ပြောင်းပြီး နံရံများထဲသို့ ဖြတ်ဝင်သွားသည်။

"မင်း ပုန်းနေစရာ မလိုတော့ဘူး။ မင်းရဲ့ အသွင်အပြင်က ငါတို့ရဲ့ မျက်လုံးတွေကို လှည့်စားနိုင်ပေမယ့် ငါတို့သခင်က မင်းကို အာရုံခံနိုင်တယ်"

မုတ်ဆိတ်မွေးနှင့်လူက ထိုလူအုပ်ကြီး၏ ခေါင်းဆောင်ဖြစ်သည်။ ယခုအခါ လူအုပ်ကြီးသည် အိမ်သာနှင့် အနီးဆုံးနေရာသို့ ရောက်နေကြသည်။

ရုတ်တရက် ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ တံခါးကို ကန်ဖွင့်လိုက်ခြင်းပင်။

အခန်းထဲတွင် မည်သူမှ မရှိသည့်အတွက် အားလုံး အံ့သြသင့်သွားကြသည်။ လုံခြုံရေး ဝန်ထမ်းများသည် တစ်ယောက်နှင့် တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြပြီး မေးလိုက်ကြသည်။

"ဘာလို့ ဘယ်သူမှ မရှိတာလဲ"

"တစ်ခြားအခန်းတွေကို အခု စစ်ဆေးစမ်း"

မုတ်ဆိတ်မွေးနှင့်လူက ကျယ်လောင်စွာ အော်ဟစ်ပြီး အမိန့်ပေးလိုက်သည်။ ကျန်သည့် အခန်းတံခါးများကို ဖွင့်လိုက်သော်လည်း လင်းဟွမ်ကို မည်သည့်နေရာမှာမှ ရှာမတွေ့ပေ။

"ဆရာက အမှားလုပ်မိတာ ဖြစ်နေမလား"

သူတို့သည် အိမ်သာလေးထဲတွင် ထပ်မံရှာဖွေပြီးနောက် လင်းဟွမ်ကို ရှာမတွေ့သဖြင့် ကူကယ်ရာမဲ့စွာ ထွက်ခွာသွားကြသည်။

"ရုပ်ရည် ပြောင်းလဲခြင်းက အလုပ်မဖြစ်ဘူးဆိုတာ မယုံနိုင်ဘူး။ ငါ့မှာ အထူးအသွင်ပြောင်းကတ် ရှိနေတာ ကံကောင်းသွားတယ်"

လင်းဟွမ်သည် တုန်လှုပ် ချောက်ခြားနေသောစိတ်ဖြင့် ပြုံးကာပြောလိုက်သည်။ နံရံထဲမှ ဖြေးဖြေးလေး ပြန်ထွက်လာပြီး ရင်ဘတ်ကို

ပုတ်လိုက်သည်။ တစ်ချက် ချောင်းကြည့်လိုက်ရာ လူများ ထွက်သွားသည်ကို မြင်လိုက်ရသည်။

ထို့နောက် တစ္ဆေပုံစံဖြင့် မြေကြီးထဲသို့ ထိုးဖောက်၍ ကပ်ပါးကောင် ရှိနေသောနေရာသို့ ဦးတည်သွားလိုက်သည်။

ခန့်မှန်းချိန် ငါးမိနစ်ခန့် ကြာပြီးနောက် နောက်ဆုံးတွင် လင်းဟွမ်သည် မြေအောက်လှိုဏ်ဂူကြီး တစ်ခု၏ အဝင်ဝသို့ ရောက်ရှိလာခဲ့သည်။

မြေအောက်လှိုဏ်ဂူသည် ထုံးကျောက်လှိုဏ်ဂူနှင့်မတူပေ။ ထိုအစား ပြုတ်ရွေ့ကြောများ ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသော နေရာတစ်ခုနှင့် တူနေသည်။

ဤနေရာသည် မှောင်မဲနေသည်။ သို့သော်လည်း လင်းဟွမ်သည် သူ၏ အကန့်အသတ်မရှိ အမြင်အာရုံကြောင့် ဤကဲ့သို့ အခြေအနေမျိုးများပင် အခက်အခဲမရှိ မြင်နိုင်သည်။ ယခုလက်ရှိတွင် အိမ်သာ၏ အောက်ခြေ၌ရှိနေပြီး မည်သည့်

လမ်းကြောင်းသို့ ဆက်သွားရမလဲ ဆိုသည်ကို မဆုံးဖြတ် နိုင်သေးပေ။

ထို့နောက် ရှောင်ဖိန်ကို အကူအညီ တောင်းလိုက်သည်။

"ရှောင်ဖိန် ပုံမှန်မဟုတ်တဲ့ စွမ်းအင်တွေက ဘယ်လမ်းကြောင်းကနေ ဖြာထွက်နေတာလဲ"

"နှစ်နာရီထောင့် ဦးတည်ရာ နေရာကိုသွား"

ရှောင်ဖိန်က ပြန်တုံ့ပြန်လာသည်။

“နေပါဦး ဒီပုံစံနဲ့ဆို ငါ့ရဲ့ဖြစ်တည်မှုကို မခံစားနိုင်ဘူးလို့ ထင်တယ်။ ဒါပေမယ့် မင်းကို အာရုံခံနိုင်တယ် မဟုတ်လား”

လင်းဟွမ်က မေးလိုက်သည်။

“ဒါက လက်ကျန် စွမ်းအင်လေးပဲဆိုတော့ သူ့ရဲ့ စွမ်းအားနဲ့စွမ်းရည်က အကန့်အသတ် ရှိတယ်။ ငါ့ရဲ့စွမ်းအင်လှိုင်းကို ကန့်သတ်ထားတယ်။ မီတာ တစ်ရာကျော်ရင် သတိမထားမိဘူး”

ရှောင်ဖိန်က ပြောလိုက်သည်။

"ကောင်းတယ် တော်တယ်"

လင်းဟွမ်က လက်မ ထောင်ပြလိုက်သည်။

"မင်းရဲ့ ချီးကျူးမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် မင်းကိုယ်တိုင်က ငါ့ကို ဒီလိုချီးကျူးဖို့ အရည်အချင်း မပြည့်သေးဘူးလို့ ငါထင်တယ်"

ရှောင်ဖိန်က အေးစက်စွာ ပြန်ပြောလာသည်။

"စောက်ကျိုးနည်း ချီးကျူးမိတဲ့ ငါကပဲ ဉာဏ်ရည်နိမ့်တယ်လို့ မင်းက ပြောချင်တာလား။ အခုငါက ရှောင်ကွမ်မြို့ကို ပြန်လှည့်ဖို့

လုံလောက်တဲ့အထိ တုံးအနေတယ်ဆိုတာ မင်း ယုံလား”

လင်းဟွမ်က ရွှေလက်ချောင်းစနစ်ကို မေးခွန်း ထုတ်လိုက်သည်။

“မင်းမှာရှိနေတဲ့ တာဝန်ကတ်အားလုံးကို အခုပဲ အသက်သွင်းလိုက်မယ်ဆိုတာ ယုံလား”

ရှောင်ဖိန်က ပြန်ခြိမ်းခြောက်သည်။

“တော်် တော််ပါတော့”

လင်းဟွမ် ရှုံးနိမ့်သွားသည်။ သဘောတူရုံမှလွဲ၍ ရွေးချယ်စရာ မရှိပေ။ တာဝန်ကတ်များနှင့် အလုပ်ရှုပ်ခဲ့သော နေ့ရက်များကို မှတ်မိနေသေးသည်။ သူ့တွင်ရှိနေသော နောက်ဆုံး တာဝန်ကတ်ကို အသက်သွင်းချင်ကြောင်း ပြောခဲ့ဖူးသည်ကို မှတ်မိလိုက်သည်။

သို့သော် ကံကြမ္မာ စွမ်းရည်များကို လေ့ကျင့်ရန် အလုပ်ရှုပ်နေသဖြင့် မေ့သွားခဲ့သည်။

“ဝူလင်မြို့ကို ပြန်ရောက်တာနဲ့ တာဝန်ကတ်ကို ချက်ချင်းသုံးမယ်”

လင်းဟွမ်က ယုံကြည်ချက်ရှိရှိ ပြောလိုက်သည်။ ဒီတစ်ခါတွင် ဆုံးဖြတ်ချက် ပြတ်သားသည်။ သို့သော် နောက်ဆုံးမိနစ်သို့ ရောက်သောအခါ တာဝန်ကတ်ကို အသက်သွင်းလိုက်သည်နှင့် အမြဲတမ်း ခက်ခဲသော အလုပ်များသာ လုပ်ရကြောင်း သတိရလိုက်သည်။ ယခုမှု တာဝန်ကတ်များကို ကြောက်နေပြီး ရှောင်ဖိန်ကလည်း သူ၏ အားနည်းချက်ကို သိနေသည်။

လင်းဟွမ်သည် ရှောင်ဖိန် လမ်းညွှန်ပေးသည့် အတိုင်း အနည်းငယ်သွားပြီးနောက် ရှောင်ဖိန်

ပြောခဲ့သလို ပုံမှန် မဟုတ်သော စွမ်းအင် ဖြာထွက်မှုကို တွေ့လိုက်ရသည်။

ပုံမှန် မဟုတ်သော စွမ်းအင်လုံးကြီးကို နွယ်ပင်ကြီးများက ပိုက်ကွန်တစ်ခုကဲ့သို့ ဖုံးအုပ်ထားသည်။ စွမ်းအင် အရင်းအမြစ်သည် ကြီးမားကာ အလုံး ပုံစံရှိနေကာ တောက်ပသော အဖြူရောင် အလင်းတန်းများကို ထုတ်လွှင့်နေသည်။

လင်းဟွမ်သည် သူ၏ ခန္ဓာကိုယ်ကို ထိုအလင်းတန်းများက ဖုံးအုပ် သွားသောအခါ

ကံကြမ္မာစွမ်းအင် လည်ပတ်မှု ပို၍ ချောမွေ့လာသည်ဟု ခံစားလိုက်ရသည်။

ထိုသို့သော စွမ်းအင်သည် လူနှင့် မွန်းစတားတို့အတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိသည်မှာ သိသာထင်ရှားနေသည်။

ထိုသို့မဟုတ်ပါက နွယ်ပင်နှင့် တူသော မွန်းစတားသည် တောက်ပနေသော အလုံးကြီးကို သူ့ကိုယ်ဖြင့် ကာကွယ်ထားလိမ့်မည် မဟုတ်ပေ။

လင်းဟွမ်သည် မွန်းစတားလမ်းညွှန်စာအုပ်ထဲတွင် နွယ်ပင်နှင့်တူသော မွန်းစတားကို

တစ်ခါမှ မမြင်ခဲ့၊ မတွေ့ခဲ့ဖူးပေ။ ထိုနွယ်ပင်တွင် နွယ်တစ်ချောင်းစီက လူတစ်ယောက်၏ လက်မောင်းလုံးခန့် တုတ်ခိုင်နေသည်။ သို့သော် ထိုမွန်းစတား၏ အရှည်သည် မည်မျှ ရှည်လျားကြောင်း မခန့်မှန်းနိုင်ပေ။

ကြည့်လိုက်ပါက သွေးစွန်းနေသော စပါးအုံး မြွေကြီးက တောက်ပနေသော အရာဝတ္ထုတစ်ခုကို တွယ်ကပ်နေသည်ဟု ထင်ရပြီး ရတနာကို မောင်ပိုင်စီးထားသကဲ့သို့ မြင်နေရသည်။

လင်းဟွမ်သည် နွယ်ပင်၏ ဆယ်မီတာစီ ရောက်တိုင်း နွယ်ပင်မှ ခရမ်းရောင်ပန်းများ ပွင့်နေသည်ကို သတိပြုမိလိုက်သည်။ ဒါသည် အနည်းငယ် အမွေးပွနေသော ဒုဓလီ (အဝါရောင်ရှိသော အလေ့ကျ ပန်းပင်) နှင့် တူနေသည်။ သို့သော် ဤပန်းပွင့်များသည် သေးငယ်ပြီး ခရမ်းရောင် ဖြစ်နေသည်။

ပန်းများက လှပသော်လည်း လင်းဟွမ်က ထိုပန်းများကို မြင်လိုက်လျှင် မျက်မှောင်ကြုတ်သွားသည်။ ထိုပန်းများကို သူသိနေသည်။

အမှန်တကယ်ဆို ဒါသည် အစုလိုက် အပြုံလိုက် ရှိနေသော ကပ်ပါးကောင် အုပ်စုကြီးပင်။

ပန်းတစ်ပွင့်တွင် အနည်းဆုံး မျှော့မျိုးစေ့ အခုတစ်ရာ ပါရှိပြီး ဤနေရာတွင် ခရမ်းရောင် ပန်းပွင့်တစ်ရာကျော် ရှိနေသည်။

“ဒီကောင်က ကြေးအဆင့်ပဲ ရှိသေးပေမယ့် လူထောင်ပေါင်းများစွာကို ကပ်ပါးအကောင်အဖြစ် ပြောင်းလဲနိုင်နေပြီ။ သာလွန် အဆင့်အထိ မြင့်တက်သွားရင် ရှောင်ကွမ်မြို့လို (ဒီ) အဆင့် ဝတ်ကျင်းတစ်ခုကို ဖျက်ဆီးပစ်လိမ့်မယ်”

လင်းဟွမ်သည် ထိုသို့ တွေးလိုက်မိပြီးနောက် တုန်လှုပ်ခြောက်ခြား သွားသည်။ လင်းဟွမ်သည် လေထဲတွင် လွင့်မြောနေသော မျှော့မျိုးစေ့များကို လိုက်ကြည့်လိုက်ရာ ဂူထဲရှိ အက်ကွဲကြောင်း တစ်ခုထဲသို့ ပျံသန်းသွားကြောင်း သတိ ထားလိုက်မိသည်။

နောက်ဆုံးတွင် မွန်းစတားက ကပ်ပါးကောင်များကို မြေမျက်နှာပြင်ပေါ်သို့ တင်ဆောင်သွားပြီး ရှောင်ကွမ်မြို့မှ လူများကို ကပ်ပါးပိုးများ ကူးစက်သွားကြောင်း သိလိုက်ရသည်။

ရှောင်ရှမြို့သည် (ဒီ) အဆင့် ဝတ်ကျင်းတစ်ခု ဖြစ်သော်လည်း ဝတ်ကျင်း၏ အပေါက်ဝတိုင်းတွင် ထောက်လှမ်းရေးစနစ် တပ်ဆင်ထားသည်။ ကပ်ပါးကောင်များသည် ဝတ်ကျင်း စခန်းထဲသို့ မဝင်နိုင်ကြပေ။ ထို့အပြင် ဤမျိုးစိတ်များသည် ရှောင်ရှမြို့၏ အောက်ဘက်တွင် နေထိုင်နေကြသည်။

ရှောင်ရှမြို့၏ အလယ်ဗဟိုတွင် ရှိသောကြောင့် မျှော့မျိုးစွေများကို ဖြန့်ကျဲရသည်မှာ လွယ်ကူလွန်းသည်။ ဤအစွေများကို အက်ကြောင်းမှတဆင့်

ရှောင်ကွမ်မြို့ဟောင်း မြေပေါ်သို့ ပို့ဆောင်ပေးနိုင်သည်။

အပွင့်သေးသေးလေးသာ ဖြစ်သော်လည်း မျှော့ခွံများကို ကံကြမ္မာစွမ်းအားဖြင့် ပြုလုပ်ထားပြီး ၎င်းတို့သခင်၏ ထိန်းချုပ်မှုအောက်တွင် ပုံစံနှင့် လမ်းကြောင်း ပြောင်းလဲခြင်းသည် ပြဿနာ မဟုတ်ပေ။ အက်ကွဲကြောင်းက မည်မျှပင် သေးငယ်စေကာမူ ထိုမျှော့မျိုးစေ့များက တိုးဝင်နိုင်သည်။

ရှောင်ကွမ်မြို့ဟောင်းသည် နေ့ခင်းဘက်တွင် အင်မတန် စည်ကားသည်။ ထို့ကြောင့် ကပ်ပါးကောင်မျိုးစိတ်များအတွက် ကြီးမားကာ အရသာရှိသော ကိတ်မုန့်ကြီးတစ်ခုကဲ့သို့ ဖြစ်နေသည်။ ထို့အပြင် ဤကပ်ပါးမျိုးစိတ်သည် ယခင်က တစ်ခါမှ မပေါ်ဖူးသော ကပ်ပါးမျိုးစိတ်အသစ် ဖြစ်နေသည်။

၎င်းတို့နှင့် ဆက်စပ်သော ပစ္စည်းများ မရှိသေးပေ။ မျှော်အခွံများသည် လက်ခံကောင်နှင့်အတူ ရှောင်ကွမ်မြို့ဟောင်းမှ ထွက်ခွာနိုင်သည်။ ထို့အပြင် ၎င်းတို့သည်

လေတိုက်ပါက အတူတူ လွင့်ပါသွားပြီး ရှောင်ကွမ် မြို့ပေါင်းတွင် ပျံ့နှံ့သွားနိုင်သည်။

လင်းဟွမ်သည် ဖြစ်လာနိုင်သော အကျိုးဆက် အားလုံးကို တွေးတောပြီးနောက် ကြောက်ရွံ့ ထိတ်လန့်သွားသည်။ အကယ်၍ လုံလောက်သော အချိန်ရှိပါက ဤကပ်ပါး မျိုးစေ့များသည် ရှောင်ကွမ်းမြို့ရှိ ပြည်သူအားလုံးကို ကူးစက် သွားလိမ့်မည်။

"ငါတို့က ဒီကပ်ပါးကောင်ကို မထိန်းချုပ်နိုင်တာ သေချာတယ်"

လင်းဟွမ်က ရှောင်ဖိန်ကို ပြောလိုက်သည်။

ပတ်ဝန်းကျင်ကို အနီးကပ် လေ့လာကြည့်ပြီးနောက် လင်းဟွမ်သည် အချိန်မဖြုန်းတော့ဘဲ ချောကလက်လေးကို ဆင့်ခေါ်လိုက်သည်။ ချောကလက်လေး ပေါ်လာသည်နှင့် စပါးအုံးမြွေကြီးကဲ့သို့ ဖြစ်နေသော နွယ်ပင်ပေါ်သို့ ချက်ချင်း ခုန်တက်သွားသည်။

## အခန်း(၁၁၅) - ရုတ်တရက် ကြီးထွားလာသော ကပ်ပါးမျိုးစိတ်။

ချောကလက်လေးသည် အတောင်ပံများ ခတ်ကာ ၎င်း၏ ကြီးမားသော ခန္ဓာကိုယ်ကို ဂူ၏ မျက်နှာကျက်နားအထိ ရောက်အောင် ပျံသန်းသွားသည်။ ထို့နောက် ကျယ်လောင်စွာ အော်မြည်ရင်း သွေးနီရောင် နှုယ်ပင်များကို ခြေသည်းဖြင့် ကုတ်လိုက်သည်။

အောင်ဟစ်သံ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် နွယ်ပင်များသည် ကြောက်ရွံ့သွားသကဲ့သို့ တုန်ခါသွားသည်။ မကြာခင် ခံစစ် အနေအထားသို့ ရောက်ရှိသွားသည်။

ဒါသည် စပါးအုံးမြွေကြီးများ ရစ်ခွေထားသည်နှင့် တူနေသည်။ မည်သို့ပင် ပေးဆပ်စေရကာမူ စွမ်းအင်အလုံးကြီးကို စွန့်လွှတ်ရန် စိတ်ဆန္ဒ မရှိပေ။

'သူတို့နှစ်ကောင်လုံးက ကြေးအဆင့် (၃) ၊နှစ်ကြိမ် သန္ဓေပြောင်းထားတဲ့ အကောင်တွေပဲ။

ချောကလက်လေးက နဂါးဖြစ်တော့ အများကြီး ပိုသန်မာနိုင်တယ်..’

လင်းဟွမ်သည် စိတ်ထဲမှ တွေးလိုက်သည်။ ချောကလက်လေး၏ အရည်အချင်းကို သူ ယုံကြည်သည်။

ချောကလက်လေးသည် ၎င်း၏တောင်ပံများကို ခတ်ကာ ဝဲဟောင်ပေါ်တွင် ရပ်တန့်ပြီး အနက်ရောင် နဂါးမီးတောက်များ မှုတ်ထုတ်လိုက်သည်။

နွယ်ပင်သည် နဂါးမီးတောက်များကြောင့် မိုန်ကျသွားပြီး သွေးရောင်ရှိနေသော နွယ်ပင်၏

ကိုယ်ထည်သည် အနက်ရောင်သို့ ပြောင်းလဲသွားသည်။ ထို့နောက် နာကျင်မှုကြောင့် မြေပြင်တွင် လူးလိမ့်၍ တကျွိကျွိ အသံထွက်ပေါ်နေသည်။

'နဂါးမီးတောက်က အခုမှပဲ အလုပ်ဖြစ်တာလား'

ချောကလက်လေးက စပျစ်နွယ်ပင်ကို ဖိနှိပ်ထားနိုင်သည့်ပုံ ရှိနေသဖြင့် လင်းဟွမ်၏ မျက်လုံးများသည် အရောင် တောက်ပလာသည်။ မီးဒြပ်စင် မွန်းစတားများသည် အပင် အခြေပြု မွန်းစတားများအတွက် သဘာဝရန်သူ ဖြစ်သည်။ သို့သော်လည်း နဂါးမီးတောက်ကို

မှုတ်ထုတ်နိုင်သည်မှာလည်း နဂါးမျိုးစိပ်များသာ ရှိကြသည်။

မကြာခင် နွယ်ပင်ပေါ်ရှိ မီးလောင်နေသော အနက်ရောင် အကွက်များသည် အလိုလို ပြန်ကောင်းလာကြောင်း သတိ ထားလိုက်မိသည်။ သာမန်မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် လုံးဝ ပြန်လည် ကောင်းမွန်လာသည်။

လင်းဟွမ် မျက်မှောင် ကြုတ်လိုက်သည်။

'ဒီမွန်းစတားမှာ ပုံမှန်မဟုတ်တဲ့ မြန်မြန်ဆန်ဆန် ကုသနိုင်စွမ်း ရှိတာလား'

လင်းဟွမ်က တွေးလိုက်သည်။

ကပ်ပါးမျိုးစိတ်သည် နဂါးမီးတောက်ကြောင့် အစပိုင်းတွင် လုံး၀ ရှုံးနိမ့်နေခဲ့သည်။ ထို့အပြင် အနာပြန်ကောင်း လာသော်လည်း အနက်ရောင် အမာရွတ်များ ကျန်နေခဲ့သေးသည်။

နွယ်ပင်သည် ချောကလက်လေးကို ကြောက်သော်လည်း ထိခိုက်ဒဏ်ရာရခြင်း မရှိပေ။ သို့သော်လည်း ဒဏ်ရာ ပြန်ကောင်း လာသည်နှင့်အမျှ ချောကလက်လေးကြောင့် အန္တရာယ် မဖြစ်နိုင်ကြောင်း သိလာပြီး ပိုမို ရဲရင့်လာခဲ့သည်။

အစောပိုင်း တစ်ချိန်လုံးတွင် ချောကလက်လေးက တိုက်ခိုက် နေခဲ့သော်လည်း ယခုမူ နွယ်ပင်က တန်ပြန်တိုက်စစ် ပြုလုပ်ရန် ပြန်ဆင်လာခဲ့သည်။

ထိုမွန်းစတား၏ တိုက်ခိုက်မှုသည် မျှော်လင့်ချက် အတွင်းသာ ရှိနေသည်။ ချောကလက်လေးကို အတတ်နိုင်ဆုံး ထိမှန်အောင်လုပ်ပြီး နွယ်ပင်များကို အသုံးပြု၍ ထောင်ချောက်ဆင်ရန် ကြိုးစားနေသည်။

ချောကလက်လေးသည် တိုက်ခိုက်မှုများကို အလွယ်တကူ ရှောင်တိမ်းနိုင်သဖြင့် ခြိမ်းခြောက်မှု လုံး၀ မရှိပေ။

ယခုမူ နှစ်ဖက်လုံးသည် ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အနေအထားသို့ ရောက်ရှိသွားသည်။

ချောကလက်လေးသည် သိသိသာသာ ဒဏ်ရာရခြင်း မရှိသလို သွေးရောင်ရှိသော နှုယ်ပင်၏ခုခံမှုကလည်း ချောကလက်လေး၏ တိုက်ခိုက်မှုများကို အရာ မထင်စေခဲ့ပေ။ ဤသို့ဖြင့် အခြေအနေက ပိန်မသာ၊ လိမ်မသာ ဖြစ်နေသည်။

'ဒီအတိုင်းသာ ဆက်ဖြစ်နေရင် တိုက်ပွဲရလဒ်ထွက်ပေါ်လာဖို့ ဘယ်လောက်တောင်ကြာလိုက်မလဲ..'

လင်းဟွမ်က တွေးလိုက်သည်။

သူတို့ကြားက တိုက်ပွဲကို ကြည့်နေရင်း မျက်မှောင်ကြုတ်သွားသည်။ သို့သော် တိုက်ခိုက်ရန် မကူညီခဲ့ပေ။

လင်းဟွမ်က နှယ်ပင်ကို မတိုက်ရသောအကြောင်းအရင်းသည် ရိုးရှင်းသည်။

ချောကလက်လေး၏ ပင်ကိုယ်စွမ်းရည်က ကပ်ပါးပိုးကြောင့် ထိခိုက်ခြင်း လုံး၀ မရှိပေ။ သို့သော် လင်းဟွမ်အတွက်ကမူ သက်ရောက်မှု ရှိသည်။ သူသာ တိုက်ပွဲထဲ ၀င်ပါလိုက်သည်နှင့် ကပ်ပါးကောင်များ၏ ပစ်မှတ် ဖြစ်လာလိမ့်မည်ကို ရှင်းရှင်းလင်းလင်း သိထားသည်။

အကယ်၍ မျှော့မျိုးစေ့များကို ဤကဲ့သို့ အလုံပိတ်နေရာတွင် အမြောက်အမြား လွှတ်ထုတ်လိုက်ပါက သူ့အတွက် ပုန်းစရာနေရာ

မရှိပေ။ ထို့ကြောင့် သူ့ကိုထိမှန်ပြီး ကူးစက်ခံရမှာ သေချာသည်။

ကံကောင်း ထောက်မစွာဖြင့် ကပ်ပါးမျိုးစိတ်များသည် လင်းဟွမ်၏ တည်ရှိမှုကို သတိ မထားမိကြပေ။ ချောကလက်လေး၏ တိုက်ခိုက်မှုများကို ကာကွယ်ရင်း အလုပ်ရှုပ်နေသည်။

ချောကလက်လေးက နွယ်ပင်ကို မရပ်မနား တိုက်ခိုက် နေခဲ့သော်လည်း ကပ်ပါးကောင်သည် ထိုနေရာမှ ထွက်ခွာရန် ရည်ရွယ်ချက် လုံးဝမရှိပေ။

ထိုစွမ်းအင်စက်လုံးကို အတင်းအကျပ် စောင့်ကြပ်နေသည်။

မကြာခင် နာရီဝက်ကျော်သွားသည်။

လင်းဟွမ်၏ အသွင်ပြောင်းမှုသည် ကုန်ဆုံးခါနီး ကန့်သတ်ချက် အချိန်ကို ရောက်ရှိလာသည်။ ထို့ကြောင့် လင်းဟွမ်၏ ခန္ဓာကိုယ်သည် လူသားအသွင်ဖြင့် ပြန်ပေါ်လာသည်။

ထိုစဉ် ရှောင်ဖိန်၏အသံကို ကြားလိုက်ရသည်။

“ငါတို့ကို တွေ့သွားပြီ”

ရှောင်ဖိန်က ပြောလာသည်။

“ဘယ်လို ဖြစ်နိုင်မှာလဲ၊ ငါတို့က သူတို့နဲ့ မီတာ (၁၀၀) ဝေးနေသရွေ့ ငါတို့ကို ရှာတွေ့မှာ မဟုတ်ဘူးလို့ မင်းပဲပြောခဲ့တယ် မဟုတ်လား”

ရှောင်ဖိန် မှားယွင်းခြင်းက ထူးဆန်းနေသဖြင့် လင်းဟွမ်က မေးလိုက်သည်။

“အဲ့ဒါက ငါ့ပြဿနာ မဟုတ်ဘူး။ မင်းရဲ့ အော်ရာတွေက စိမ့်ထွက်လာလို့ပဲ”

ရွှေလက်ချောင်း စနစ်က သူ့ကို ပြန်ပြောလာသည်။

လင်းဟွမ်သည် အစောပိုင်းက တစ္ဆေပုံစံ ပြောင်းထားပြီး ယခုမူ မတူညီသောပုံစံ ဖြစ်သွားသဖြင့် ထင်ရှားသွားကြောင်း သဘော ပေါက်လိုက်သည်။

သို့သော်လည်း အထူး အသွင်ပြောင်းကတ်၏ အကျိုးသက်ရောက်မှုသည် တစ်နာရီသာ ကြာမြင့် နိုင်သည်။ ထို့နောက် သူ၏ခန္ဓာကိုယ်မှ အော်ရာများ အလိုလို စိမ့်ထွက်လာလိမ့်သည်။

ချောကလက်လေးနှင့် တိုက်ခိုက်နေသော သွေးရောင် နွယ်ပင်လည်း လင်းဟွမ်၏တည်ရှိမှုကို ခံစားမိပုံရသည်။ တန်ပြန်တိုက်စစ်က ပို၍ပင် ပြင်းထန်လာသည်။

တစ်ချိန်တည်းမှာပင် ခရမ်းရောင်ပန်းပွင့်များသည် နွယ်ပင်မှ စတင်ထွက်ခွာလာပြီး ရာပေါင်းများစွာသော မျှော့မျိုးစိတ်များသည် နေရာအနှံ့ ပြန့်ကျဲသွားသည်။

ဤကဲ့သို့ ဖြစ်သွားသည်ကိုမြင်လျှင် လင်းဟွမ်က အထူးအသွင်ပြောင်းကတ်ကို ချက်ချင်း ချေမှုပြီး

သူ့ကိုယ်သူ တစ္ဆေအဖြစ် ပြောင်းလဲကာ ရောမကျောက်တုံးကြီး တစ်တုံးနောက်တွင် ဝင်ပုန်းလိုက်သည်။

တစ္ဆေအဖြစ် ပြောင်းလဲခြင်းက မျှော့မျိုးစိတ်များအတွက် အကျိုးသက်ရောက်မှု ရှိ၊ မရှိ မသိသော်လည်း သူ၏ကံကြမ္မာကို အလောင်းအစား မလုပ်ရဲပေ။

နေရာတစ်ခုလုံးသည် တစ်မိနစ်အတွင်း၌ မျှော့မျိုးစိတ်များ ဖုံးလွှမ်းသွားပြီး ထောင့်များ၊ ချောင်များပင် နေရာလွတ် မချန်ထားပေ။

လင်းဟွမ်သည် နဂါးမျိုးစိပ်တွင် သူ့ဘာသာသူ ပြန်လည် ကုသနိုင်သောစွမ်းရည် ရှိနေသောကြောင့် ချောကလက်လေးအတွက် စိတ်မပူပေ။ ပိုင်ရှင်ဖြစ်သူက ကတ်တစ်ခုအဖြစ် ပြန်လည်သိမ်းဆည်းနိုင်သည်။ နောက်ပိုင်းမှ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်သည်။

အမှန်မူ ချောကလက်လေးသည် မျှော့မျိုးစိတ်များကို လုံးဝ အာရုံမစိုက်ပေ။ အများဆုံးမှ ၎င်း၏ ခန္ဓာကိုယ်ကိုသာ ဝင်ရောက်

တွယ်ကပ်နိုင်သည်။ သို့သော်လည်း အကြေးခွံများကို ဖောက်ထွင်းနိုင်ခြင်း မရှိပေ။

သွေးရောင် နွယ်ပင်သည် လင်းဟွမ်၏ အငွေ့အသက်များ ချက်ချင်း ပျောက်ဆုံးသွားသဖြင့် ပို၍ပင် ဒေါသတကြီး ဖြစ်လာသည်။ မျှော့မျိုးစိတ်များသည် ၎င်း၏ မျက်လုံးများနှင့် တူသည်။ ထိုအရာက နေရာတစ်ခုလုံးကို လွှမ်းခြုံထားသော်လည်း လင်းဟွမ်၏ ခြေရာလက်ရာ သဲလွန်စကို မတွေ့ရတော့ပေ။

သွေးရောင် နှယ်ပင်သည် စွမ်းအင်စက်လုံးမှ ရရှိနေသော စိတ်ဆန္ဒများအရ လင်းဟွမ်၏ ခန္ဓာကိုယ်ကို ပြင်းထန်စွာ တပ်မက်နေကြောင်း၊ တစ်ခုခုကို ပိုင်ဆိုင် ချင်နေကြောင်း ဖြစ်ပေါ်နေသဖြင့် နားမလည်နိုင် ဖြစ်နေသည်။

သွေးရောင်နှယ်ပင်သည် စွမ်းအင်အလုံးကြီးကို အမြဲတမ်း ကျေးဇူးတင်နေခဲ့သည်။ ထို့ကြောင့် ထိုစွမ်းအင် အလုံးကြီးကို စိတ်ကျေနပ်အောင် လုပ်ပေးချင်သည်။

မူလက နှမ်းစေ့ကဲ့သို့ သေးငယ်သော နွယ်ပင်မျိုးစေ့ဖြစ်ပြီး ဤနေရာသို့ မရည်ရွယ်ဘဲ ရောက်ရှိ လာခဲ့သည်။ စွမ်းအင်စက်လုံး အနီးအနားတွင် ပြုတ်ကျခဲ့သည်။ တစ်လ မပြည့်ခင်မှာပင် နှစ်ကြိမ်တိုင်တိုင် သန္ဓေ ပြောင်းလဲလာပြီး မွန်းစတားတစ်ကောင် ဖြစ်လာသည့်အပြင် ကိုယ်ပိုင်အသိစိတ် ရှိလာကာ မွန်းစတားတစ်ကောင်အဖြစ် ကြီးထွားလာခဲ့သည်။

ဒါတွေ အားလုံးသည် စွမ်းအင်အလုံးကြီး ကြောင့်ပင်။

စွမ်းအင်စက်လုံးသည် သွေးရောင် နှယ်ပင်ကို ကုသ ပေးရုံသာမက သွေးရောင်နှယ်ပင်က ၎င်း၏မှီခိုအားထားရာ မိသားစုတစ်ခု အဖြစ် သဘောထားသော အဖိုးတန်ရတနာ တစ်ခုဖြစ်နေသည်။

ထို့ကြောင့် ချောကလက်လေး ကဲ့သို့ သန်မာသောရန်သူနှင့် ရင်ဆိုင်ရသော်လည်း နောက်မဆုတ်ဘဲ အဆုံးထိ တိုက်ပွဲဝင်နေရသော အကြောင်းအရင်း ဖြစ်သည်။

သို့သော် စွမ်းအင်အလုံးကြီးသည် လူသား ပျောက်ကွယ်သွားသဖြင့် အလွန် ဒေါသ ထွက်သွားသည်။ ယခုမူ သွေးရောင်နှယ်ပင်တွင် ပစ်မှတ်တစ်ခုသာ ရှိနေသည်။ သို့သော် ပစ်မှတ်၏ စွမ်းရည်က သွေးရောင်နှယ်ပင်ထက်ပင် ပို၍ သန်မာနေသေးသည်။

သွေးရောင် နှယ်ပင်သည် ဤတိုက်ပွဲတွင် အနိုင်ရရန် မဖြစ်နိုင်ပေ။ ဒါကြောင့် ၎င်း၏စိတ်ဆန္ဒကို ပို၍ အားကောင်းလာစေသည်။

အတွေးတစ်ချက်တည်းနှင့် သွေးရောင်နွယ်ပင်က ချက်ချင်း ပြန်တုံ့ပြန်နိုင်သည်။

ပြင်ပကမ္ဘာတွင် ကပ်ပါးကောင် ကူးစက်ခံနေရသော လက်ခံကောင် အများစုသည် သူတို့၏ ခန္ဓာကိုယ်ထဲမှ ကံကြမ္မာအလင်းများကို စုပ်ယူခြင်း ခံနေရသည်။

ထို့နောက် ထိုကံကြမ္မာအလင်းများသည် လေမှတစ်ဆင့် ဖြတ်သန်း ရောက်ရှိလာကာ သွေးရောင် နွယ်ပင်၏ ခန္ဓာကိုယ်ထဲသို့

ဝင်ရောက်သွားသည်။ နွယ်ပင်သည် ဖြည်းဖြည်းခြင်း ပိုအားကောင်း လာသည်။

ရှောင်ရှမြို့မှ လူများသည် မြေအောက်တွင် ဖြစ်ပျက်နေသော အကြောင်းအရာများကို မသိကြပေ။

မုဆိုးများ၏ ဖမ်းဆီးခံထားရသော လက်ခံကောင် အပါအဝင် ကူးစက်ခံထားရသော လူများသည် ကံကြမ္မာအလင်း အပြင်းအထန် ယိုစိမ့် လာသောကြောင့် မူးမေ်ာ စပြုလာသည်။

မကြာခင် သွေးရောင်နွယ်ပင်နှင့် တိုက်ပွဲဝင်နေသော ချောကလက်လေးသည် အပြောင်းအလဲကို သတိထား လိုက်မိသည်။

မူလက ကြေးအဆင့် (၃) သာဖြစ်သော သွေးရောင်နွယ်ပင်၏ အော်ရာသည် လျင်မြန်စွာ မြင့်တက်လာပြီး ငွေအဆင့်နှင့် အလွန် နီးကပ်လာခဲ့သည်။

ချောကလက်လေးသည် သူ၏ တိုက်ခိုက်မှုကို အရှိန်မြှင့်ရမည်ဖြစ်ကြောင်း သိနေသည်။

သွေးရောင်နွယ်ပင်၏ ငွေအဆင့် တက်လှမ်းမှုကို နှောင့်ယှက်နိုင်ရန် ကြိုးစားခဲ့သည်။ သို့သော် သွေးရောင်နွယ်ပင်သည် ဒေါသ ပေါက်ကွဲနေပြီး သူ၏စွမ်းအားက မလုံလောက်သေးဘူးဟု ခံစား နေရဆဲ ဖြစ်သည်။

“မလောက်သေးဘူး။ ငါ ပိုသန်မာချင်တယ်”

ရုတ်တရက် လှိုက်ဂူတစ်ခုလုံးတွင် အတွေးများ ပွဲတင် ထပ်သွားသည်။ ထိုအတွေးများက လေထုကိုပင် တုန်ခါစေခဲ့သည်။ လေထဲတွင် ရှိနေသည့် ထောင်ပေါင်း များစွာသော

မျှော့မျိုးစိတ်များသည် လွင့်မျောသွားပြီး အက်ကွဲကြောင်းထဲသို့ ဦးတည် ဝင်ရောက်သွားသည်။

ထို့အပြင် စပျစ်နွယ်ပင်တွင် ကျန်ရှိနေသော ခရမ်းရောင်ပန်းပွင့် အားလုံးသည် ရုတ်တရက် ပွင့်လန်းလာကာ မျှော့မျိုးစေ့များအဖြစ် ပြောင်းလဲသွားသည်။ ထို့နောက် သွေးရောင်နွယ်ပင်၏ ကိုယ်မှ ခွာပြီး အက်ကွဲကြောင်းများ အတွင်းသို့ ဝင်ရောက်သွားသည်။

## အခန်း(၁၁၆) – ချောကလက်လေးနှင့် ကပ်ပါးကောင်တို့ တိုက်ခိုက်ခြင်း။

ရှားနန်းတော်ဟောင်းထဲမှ မရေမတွက်နိုင်သော ကပ်ပါးကောင်များသည် တိုးထွက်လာကြသည်။ ထို့နောက် ၎င်းတို့သည် ရှားမြို့ဟောင်း တောင်ဘက်တံခါးသို့ ဦးတည်ကာ ရှောင်ရှုမြို့သို့ ထွက်ခွာသွားကြသည်။

မျှော့မျိုးစေ့များသည် နံရံအောက်တွင် ခရမ်းရောင် တိမ်တိုက်ကြီးကဲ့သို့ ပျံ့နှံ့နေသည်။

ရှားမြို့ဟောင်းတွင် ရှိနေကြသော လူများသည် ဤဖြစ်စဉ်ကို ထူးခြားသည်ဟု မတွေးခဲ့ကြပေ။

ထိုအစား ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းကို ရိုက်ကူးပြီး နှလုံးသားကွန်ရက် စာမျက်နှာပေါ်တွင် ပို့စ်တင်ရန် လုပ်လိုက်စဉ် ထူးဆန်းသည့်အရာများ ပေါ်ပေါက်လာသည်။

ထိုမျှော်မျိုးစိတ် များသည် လူအုပ်ကြီးကို လက်ခံကောင်အဖြစ် ပစ်မှတ်ထားလာကြသည်။

လူအနည်းစုသာ ဒါကို သတိထားမိပြီး စတင်ထွက်ပြေးကြသည်။

လက်ခံကောင်၏ ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာအလင်းများသည် လျင်မြန်စွာ လောင်ကျွမ်းနေကြသဖြင့် မေ့လဲကြကုန်သည်။ သို့သော် ဤအဖြစ်အပျက်သည် အစသာ ရှိသေးသည်။

မျှော့မျိုးစိတ်များ ပိုများလာကာ ရှားမြို့ဟောင်းအတွင်းမှ ရှောင်းရှမြို့သို့ ရောက်အောင် လွင့်မျောနေပြီး ကြီးမားသော နေရာတစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ရှားမြို့ပေါင်း အပျက်အစီးအောက်တွင် ချောကလက်လေးနှင့် သွေးရောင်နွယ်ပင်တို့ကြားမှ တိုက်ပွဲသည် ပိုမို ပြင်းထန်လာခဲ့သည်။

ချောကလက်လေးသည် မီးတောက်ဖြင့် တိုက်ခိုက်နေခြင်းကို စွန့်လွှတ်ပြီး သွေးရောင်နွယ်ပင်၏ အော်ရာက ပိုမို သန်မာလာကြောင်း သတိ ထားမိသောကြောင့် အနီးကပ် တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

မကြာခင် ထိုမွန်းစတားနှစ်ကောင်သည် လုံးလား၊ ထွေးလား ဖြစ်ကုန်သည်။

ချောကလက်လေးတွင် အလွန် ထက်မြက်သော ပါးစပ်နှင့် လက်သည်းများ ရှိပြီး သွေးရောင်နွယ်ပင်ကို တိုက်ရိုက် ကိုက်ဖြတ်နေသည်။

ထိုကဲ့သို့ နီးကပ်သော အကွာအဝေးအတွင်းတွင် နဂါးမီးတောက်ကို အသုံးပြုခြင်းက ပို၍ အားကောင်းလာခဲ့သည်။

ချောကလက်လေးက အဆက်မပြတ် တိုက်ခိုက်နေသဖြင့် သွေးရောင်နွယ်ပင်သည် နာကျင်စွာ အော်ညည်းနေသည်။

ချောကလက်လေး၏ သန်မာသော ခံစစ်ကြောင့် တန်ပြန်တိုက်ခိုက်မှု အားလုံးကလည်း အသုံးမဝင်ခဲ့ပေ။

နောက်ဆုံးတွင် ချောကလက်လေးသည် တိုက်ပွဲဝင် နဂါးတစ်ကောင်၏ ကြီးမားသော စွမ်းအားကို ပြသခဲ့သည်။ ချောကလက်လေး၏ ချွန်ထက်သော ခြေသည်း၊ လက်သည်းများက သံဖြင့်ပြုလုပ်ထားသော ပစ္စည်းများနှင့် တူသည်။ ချောကလက်လေးက ခြေသည်းကို အသုံးပြုပြီး

သွေးရောင်နှယ်ပင်ကို ထိုးနှက်လိုက်တိုင်း နက်နဲသော ဒဏ်ရာများ ထင်ကျန်ခဲ့သည်။

သွားများက အလွန်ပင် ကြောက်စရာကောင်းသည်။ ချောကလက်လေးက ကိုက်လိုက်တိုင်း သွေးရောင်နှယ်ပင်၏ ကိုယ်ထည်သည် အပိုင်းပိုင်း ကွဲကုန်သည်။

ချောကလက်လေး၏ သဘာဝအရ တိုက်ခိုက်ရေး စက်တစ်ခု ဖြစ်သည်။

သူ့နောက်ကျောမှ တောင်ပံများဖြင့် ခုတ်ချလျှင် ချက်ချင်း သေဆုံးနိုင်သည်။

ချောကလက်လေးက အနီးကပ် တိုက်ခိုက်လာသောအခါ သွေးရောင် နွယ်ပင်သည် ရှုံးလုနီးပါး ဖြစ်နေခဲ့သည်။ ထိုနွယ်ပင်သည် ချောကလက်လေးကို ချုပ်နှောင်ရန် ကြိုးစားခဲ့သော်လည်း ချောကလက်လေးက အင်မတန် သန်မာသောကြောင့် ကွဲအက် ထွက်သွားသည်။

ထို့အပြင် ဒဏ်ရာတစ်ခုချင်းစီကို ချက်ချင်း နီးပါး ပြန်လည် ပျောက်ကင်းစေနိုင်သော ကုသရေး စွမ်းရည်လည်း ရှိသေးသည်။

သို့သော် သွေးရောင်နွယ်ပင်၏ အောက်ရာသည် ပိုမြင့်တက်လာသည်နှင့်အမျှ ၎င်း၏ ကိုယ်ထည်သည် ဖြည်းဖြည်းခြင်း ငွေရောင် တောက်ပလာသည်။

"အခုတော့ ငါတို့ဒုက္ခရောက်ပြီ... အဲ့ဒီကောင်က ငွေအဆင့်ကို တက်သွားပြီ..."

လင်းဟွမ်သည် သွေးရောင်နွယ်ပင်က ငွေအဆင့် တက်လှမ်းသွားသောအခါ စွမ်းရည်များ သိသိသာသာ မြင့်တက်လာလိမ့်မည် ဖြစ်သောကြောင့် ချောကလက်လေးက ကိုင်တွယ်နိုင်ခြင်း ရှိ၊မရှိကို မသေချာတော့ပေ။

"ဒီကပ်ပါးကောင်ကို ငါတို့ ဘယ်လိုတိုက်ရမလဲ ဘာစိတ်ကူးရှိလဲ..."

လင်းဟွမ်သည် သူ၏ တိုက်ခိုက်ရေးအစွမ်းက ချောကလက်လေးလောက် အားမကောင်းသောကြောင့် သတ်ရန် နည်းလမ်း မရှိဖြစ်နေပြီး စိုးရိမ်နေသည်။

"မင်းမှာရှိတဲ့ ကတ်တွေက ဒီပြဿနာကို မဖြေရှင်းနိုင်ဘူး..."

"ကတ် အပိုင်းအစ ကုန်တိုက်မှာရော..."

လင်းဟွမ်က မေးလိုက်သည်။

"ဒီအချိန်မှာ အထိရောက်ဆုံးကတ်က အဓိကသတ်ဖြတ်ခြင်းကတ်ပဲ၊ အဲ့ဒါက သာလွန်အဆင့်အောက်မှာရှိတဲ့ သက်ရှိ မှန်သမျှကို သတ်ဖြတ်နိုင်စွမ်း ရှိတယ်။ ပထမအကြိမ် လဲလှယ်မှုအတွက် ကတ်အပိုင်းအစ တစ်သန်း လိုအပ်တယ်။ ဒါပေမယ့် မင်းမှာ ရှိနေတဲ့ ကတ်အပိုင်းအစတွေက မလုံလောက်သေးဘူး"

"အဲ့ဒါအပြင် တခြား ဖြေရှင်းနည်း မရှိတော့ဘူးလား"

"အဓိက သတ်ဖြတ်ခြင်းကတ်က မင်းအတွက် အကောင်းဆုံး ရွေးချယ်မှုပဲ။ ကျန်တဲ့ကတ်ပြားတွေက ကတ်အပိုင်းအစ ပိုလိုပြီး ဘယ်လိုမှ အသုံးမဝင်နိုင်ဘူး..."

လင်းဟွမ်သည် ရှောင်ဖိန်၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် မျက်မှောင်ကြုတ်လိုက်သည်။

"ငါတို့ရဲ့ ချောကလက်လေး ပိုသန်မာလာတဲ့ အချိန်ရောက်မှ ပြန်တိုက်ခိုက်ဖို့အတွက် နောက်ဆုတ်သင့်လား"

ရှောင်ဖိန်သည် လင်းဟွမ်၏ ညည်းတွားသံကို ကြားလိုက်လျှင် သတိပေးချက် အသစ်တစ်ခု ထုတ်ပြန်လိုက်သည်။

"ဒီအချိန်က ကပ်ပါးကောင်ကို သတ်ဖို့ အကောင်းဆုံး အချိန်ပဲ။ ဒီလိုမှ မဟုတ်ရင် နောက်တစ်ကြိမ် ထပ်သတ်ဖို့အတွက် အခွင့်အရေး မရှိတော့ဘူး"

"ဘယ်လို ဖြစ်နိုင်မှာလဲ။ ငါက အဆင့်တက်တာ အရမ်းမြန်တယ်။ တစ်နှစ်အတွင်း သာလွန်အဆင့်

ဖြစ်နိုင်တယ်။ ချောကလက်လေးလည်း တစ်ခါတည်း မြင့်တက်လာလိမ့်မယ်”

လင်းဟွမ်၏ စကားမဆုံးသေးခင် ရှောင်ဖိန်က စကားဖြတ်ပြီး ပြောလိုက်သည်။

“ဒီကပ်ပါးကောင်ရဲ့ ကြီးထွားနှုန်းက တခြား မွန်းစတားတွေထက် ပိုမြန်တယ်။ ဘာကြောင့်လဲဆိုတော့ ကပ်ပါးကောင်က ဒီစွမ်းအင်အလုံးကြီးရဲ့ အကူအညီနဲ့ ယခုလက်ရှိ ပုံစံအဖြစ် ကြီးထွားလာဖို့ ရက်ပေါင်း (၂၀) လောက်ပဲ

အချိန်ယူခဲ့ရတယ်။ သာလွန် အဆင့်ရောက်ဖို့ အများဆုံး နှစ်လလောက်ပဲ ကြာလိမ့်မယ်။ နောက်ပြီးတော့ သုံးကြိမ်မြောက် သန္ဓေပြောင်းသွား နိုင်သေးတယ်”

“ရက်ပေါင်း (၂၀) တောင် မပြည့်တဲ့အချိန်မှာ ကြေးအဆင့် (၃) ရောက်ပြီး နှစ်ကြိမ်တောင် သန္ဓေ ပြောင်းခဲ့တာလား”

လင်းဟွမ်သည် မြေအောက်တွင် နေထိုင်သော ဤကပ်ပါးကောင်က ဤမျှ လျင်မြန်စွာ ကြီးထွားလိမ့်မည်ဟု မထင်ထားခဲ့ချေ။

"ဗီဇပြောင်းထားတဲ့ မျိုးစိတ်တွေရဲ့ ကျန်နေသေးတဲ့ စွမ်းရည်တွေက အံ့မခန်း အစွမ်းထက်တယ်။ ရှောင်ဟော်ရဲ့ ရွှေလက်ချောင်း စနစ်က ရှောင်ဖိန်ထက် ပို သန်မာနေလို့လား"

ရှောင်ဖိန်သည် ပြီးပြည့်စုံသော ရွှေလက်ချောင်း စနစ်ဖြစ်ပြီး ရှောင်ဟော်၏ ရွှေလက်ချောင်း စနစ်သည် အကြွင်းအကျန် စွမ်းအင်သာ ဖြစ်သောကြောင့် ပိုမို အားကောင်းသင့်သည်။ လင်းဟွမ်သည် ထိုအချက်ကို နားမလည်နိုင် ဖြစ်နေသည်။

"ရွှေလက်ချောင်း စနစ်တွေရဲ့ လုပ်ဆောင်ချက်အားလုံးကို စည်းကမ်းတွေက တင်းတင်းကျပ်ကျပ်ကန့်သတ်ထားတယ်။ ပိုင်ရှင်ရဲ့ စည်းမျဉ်းကိုလိုက်နာရသလိုမျိုးပဲ။ ဒါပေမယ့် အကြွင်းအကျန်စွမ်းအင်တွေသာရှိတဲ့ ရွှေလက်ချောင်း စနစ်တွေကသူ့ဘာသာသူ တည်ရှိလာခဲ့တာပဲ။ သူတို့မှာစည်းမျဉ်းကန့်သတ်ထားခြင်း မရှိတော့ဘူး။ ဒါကြောင့်ကပ်ပါးကောင်ရဲ့ ကြီးထွားမှုကို ပံ့ပိုးပေးတာကအနှောင့်အယှက် မရှိဘူး"

လင်းဟွမ်က သက်ပြင်းချလိုက်ပြီး အနည်းငယ် မနာလို ဖြစ်သွားသည်။

"သူ့ရဲ့ကြီးထွားမှုက အထိန်းအကွပ် မရှိရင် နောက်ဆုံး သူ့ဘာသာသူ ပျက်သုဉ်းသွားလိမ့်မယ်။ ဒါက ငါ ပထမဆုံးအကြိမ် လွတ်လပ်ရေး ရတုန်းက ကြားခဲ့တဲ့ သတင်းစကားပဲ"

ရှောင်ဖိန်သည် စိတ်ခံစားချက် များစွာဖြင့် သက်ပြင်းချလိုက်သည်။

လင်းဟွမ် အံ့အားသင့်သွားသည်။

ထို့နောက် စိတ်ဆင်းရဲစေသော အတွေးများကို မေ့ပစ်လိုက်ပြီး ဒီကိစ္စကို ကျော်လွှန်နိုင်မည့် နည်းလမ်းများကို စတင် စဉ်းစားလိုက်သည်။

“ဒီကပ်ပါးကောင်ရဲ့ ဒုက္ခအပေးဆုံး အပိုင်းက ကုသနိုင်စွမ်း အရမ်း ရှိနေတာပဲ”

လင်းဟွမ်က တွေးခေါ်မှုကို ပုံစံပြောင်းပြီး မေးလိုက်သည်။

“ရှောင်းဖိန်၊ ကုသနိုင်စွမ်းကို ဖိနှိပ်နိုင်တဲ့ကတ် ရှိလား”

"မရှိဘူး။ ပြန်လည်ကုသနိုင်စွမ်းက သူ့ဘာသာသူ ရှိနေတာ မဟုတ်ဘူး။ စွမ်းအင်လုံးက စွမ်းအားတွေ ရနေလို့ပဲ။ ကုသနိုင်စွမ်းကို ဖြတ်တောက်ချင်ရင် စွမ်းအင်လုံးက စွမ်းအားတွေကို အရင်ဆုံး စုပ်ယူရမယ်"

"ဘယ်လို လုပ်ရမှာလဲ... အချိန် ဘယ်လောက် ကြာနိုင်လဲ..."

"မင်းက စွမ်းအင်လုံးကို အနည်းဆုံး သုံးမိနစ်လောက် ထိထားဖို့ လိုတယ်"

“ငါသာ စွမ်းအင်လုံးရဲ့အနီးကို သွားရင် သုံးမိနစ်အတွင်းမှာ အကြိမ်ကြိမ် သေသွားလိမ့်မယ်”

လင်းဟွမ်သည် ခေါင်းကုတ်ကာ ခန္ဓာကိုယ်ကို ပြန်ကြည့်လိုက်သည်။ သူသည် တစ္ဆေပုံစံနှင့်ရှိနေပြီး ခုခံနိုင်စွမ်းသည် လင်းဟွမ်ထက်ပင် အားနည်းနေသည်။

သူ့ကို ကံကြမ္မာစွမ်းအားဖြင့် တိုက်ခိုက်လာပါက သေဆုံးသွားလိမ့်မည်။ လင်းဟွမ်သည် တစ်ချက် တွေးတောပြီးနောက် မျက်လုံး အရောင်တောက်လာသည်။

စွမ်းအင်လုံး၏ အောက်ခြေသည် မြေကြီးနှင့် ထိတွေ့နေသည်။

"စွမ်းအင်လုံးက လှုပ်ရှားနိုင်လား၊ ရွှေ့နိုင်လား"

လင်းဟွမ်က ရှောင်ဖိန်ကို မေးလိုက်သည်။

"မရွှေ့နိုင်ဘူး။ ဒါပေမဲ့ ရွှေ့ဖို့နည်းလမ်းက နှစ်ခုပဲရှိတယ်။ ပထမနည်းလမ်းက ကြီးမားတဲ့ စွမ်းအားတစ်ခုနဲ့ တိုက်ခိုက်ခံရပြီး လွင့်ထွက်သွားတာပဲ။ ဒုတိယနည်းလမ်းက ရွှေလက်ချောင်းအသစ်က အဲ့ဒီစွမ်းအင်အလုံးကို စုပ်ယူပြီး သယ်ဆောင်သွားမယ်ဆို ဖြစ်နိုင်တယ်"

လင်းဟွမ်သည် ဝမ်းသာပြီး တစ်ကိုယ်လုံး တုန်တက်သွားသည်။

“ငါ့မှာ အကြံတစ်ခုရှိတယ်။ ငါတို့ မြေကြီး အောက်ကနေ ပုန်းပြီး စွမ်းအင်အလုံးအောက် ရောက်အောင် သွားကြမယ်”

လင်းဟွမ်သည် ပြောပြောဆိုဆို မြေကြီးထဲ ပြေးဝင်ကာ စွမ်းအင်အလုံးရှိရာသို့ ရွေ့လျား သွားသည်။ စွမ်းအင်အလုံးနှင့် နီးလာသောအခါ ရှောင်ဖိန်က ပြောလိုက်သည်။

“အရမ်း နီးလာပြီ။ သူ ငါ့ကို အာရုံခံမိတော့မယ်”

လင်းဟွမ်သည် စိတ်ထဲမထားဘဲ ရှေ့သို့ ဆက်လျှောက်သွားသည်။

သွေးရောင်နှယ်ပင်သည် လင်းဟွမ်နှင့် ရှောင်ဖိန်တို့ကို ခံစားမိသောကြောင့် ပို၍ပင် ထိတ်လန့်လာကာ ဒေါသထွက်လာသည်။ မြေကြီးကို ထိုးခွဲ၍ တူးဆွသည်။

လင်းဟွမ်သည် မြေပြင် တုန်ခါနေမှုကို ခံစားမိသော်လည်း စွမ်းအင်အလုံး အောက်သို့ ဆက်လက် သွားနေဆဲဖြစ်သည်။ သူ့ကို ကံကြမ္မာ

စွမ်းအားဖြင့် မတိုက်ခိုက်သရွေ့ သူ၏တစ္ဆေပုံစံက ဒဏ်ရာရမည် မဟုတ်ပေ။

လင်းဟွမ်သည် စွမ်းအင်စက်လုံး၏ အောက်သို့ရောက်အောင် ဖြည်းဖြည်းခြင်း သွားခဲ့ပြီး သူ့အပေါ်က စွမ်းအင်အလုံးကို လက်ဖြင့် ထိလိုက်သည်။

လက်ဖဝါးက ထိုအရာဝတ္ထုကို ထိလိုက်သည်နှင့် နွေးထွေးသွားသည်။

ရှောင်ဖိန်က အော်လိုက်သည်။

"အနည်းဆုံး  သုံးမိနစ် ထိထားရမယ်"

"ကောင်းပြီ..."

လင်းဟွမ်က အာရုံစိုက်ထားသည်။

မြေပြင်ပေါ်ရှိ သွေးရောင်နွယ်ပင်သည် လင်းဟွမ်၏ ရည်ရွယ်ချက်ကို ခန့်မှန်းမိကာ ချောကလက်လေး အစား မြေကြီးကို စတင် တိုက်ခိုက်နေသည်။ ကံကောင်း ထောက်မစွာဖြင့် လင်းဟွမ်သည် စွမ်းအင် စက်လုံး အောက်တည့်တည့်တွင် တိုက်ရိုက် ပုန်းအောင်းနေခဲ့ပြီး လင်းဟွမ် ပုန်းအောင်းနေသော

နေရာကို မတိုက်ခိုက်နိုင်ခဲ့ပေ။ ထို့အပြင် အပေါ်ရှိ မြေကြီးမှာလည်း မယုံနိုင်လောက်အောင် ထူထဲနေသည်။

အခြေအနေက အဆိုးဆုံး ဖြစ်လာခဲ့သည်။

သွေးရောင်နွယ်ပင်ထံမှ ငွေရောင်အလင်းများသည် ရုတ်တရက် ပျံ့နှံ့လာပြီး လင်းပွမ်က စွမ်းအင်အလုံးကို စုပ်ယူချင်နေကြောင်း သိလိုက်သည်နှင့် ငွေအဆင့် မြှင့်တင်မှုကို အရှိန်မြှင့်လိုက်သည်။ စွမ်းအင်များ မြင့်တက်လာခြင်းနှင့်အတူ တိုက်ခိုက်

လာခဲ့သောကြောင့် မြေကြီးများ ပို၍ ပြိုကျလာသည်။

ယခုအခါ သွေးရောင်နွယ်ပင်သည် ချောကလက်လေးကို အပေါ်စီးမှ တိုက်ခိုက်နိုင်ပြီ။

အဆင့်မြှင့်တင်ပြီးနောက် ၎င်း ကိုယ်ပေါ်ရှိ ခရမ်းရောင်ပန်းပွင့် အရေအတွက်လည်း တိုးများလာခဲ့သည်။ စွမ်းအင်အလုံးကို ဆုံးရှုံးတော့မည့် အကြောင်းကို သတိထားမိပုံရပြီး ၎င်းကိုယ်ပေါ်ရှိ ပန်းပွင့် အသစ်စက်စက်များကို လွှင့်ထုတ်ကာ

ကံကြမ္မာအလင်းများ ပိုမို စုပ်ယူနိုင်ရန် ကြိုးစားလိုက်သည်။

ရှောင်ရှမြို့တွင် လူပေါင်း တစ်ထောင်ကျော်ခန့် ကူးစက် ခံနေရသည်။ ကပ်ပါးကောင်များက သူတို့၏ကံကြမ္မာအလင်းများကို စုပ်ယူနေကြသည်။ တစ်ယောက်ပြီးတစ်ယောက် ကူးစက်ခံ နေရသဖြင့် ဝပ်ကျင်းတစ်ခုလုံး ထိတ်လန့် ကြောက်ရွံ့လာကြသည်။

တစ်ချိန်တည်းမှာပင် ရှားနန်းတော်ဟောင်း အမွေအနှစ်နေရာ အောက်ရှိ မြေကြီးထဲတွင်

အဆင့်မြင့် တက်လာသော သွေးရောင်နွယ်ပင်သည် ကံကြမ္မာအလင်းကို စွန့်လွှတ်ရန် ဆန္ဒမရှိပေ။

လင်းဟွမ်၏ မြင်ကွင်းသည် မြေကြီးများ ပိတ်ဆို့နေသောကြောင့် အပြင်ဘက်မှ ဖြစ်ပျက်နေသော အဖြစ်အပျက်များကို မမြင်နိုင်ပေ။

ချောကလက်လေးက ပို၍ ဖိအားများလာသဖြင့် ၎င်း၏ ပြိုင်ဘက်က ပိုမို သန်မာလာကြောင်း သိနေသည်။

## အခန်း(၁၁၇) – အဝါရောင် ပန်းနွယ်နတ်ဆိုး။

အချိန် ကြာလာသည်နှင့်အမျှ ရောင်ရှမြို့တွင် ကူးစက်ခံရသော လူအရေအတွက် ပိုများလာခဲ့သည်။ ငွေအဆင့်သို့ ရောက်ရှိသွားပြီး နှစ်မိနစ်အကြာတွင် နွယ်ပင်၏ ကိုယ်ထဲမှ လှိုင်းလုံးကြီးတစ်ခု ထွက်ပေါ်လာပြီး ငွေအဆင့် (၂) သို့ မြင့်တက်လာကာ ကိုယ်ထည်က ပို၍ တောက်ပလာသည်။

ချောကလက်လေးသည် အဆက်မပြတ် တိုက်ခိုက်နေခဲ့သော်လည်း သွေးရောင်နွယ်ပင်က

ပြင်းပြင်းထန်ထန် လက်တုံ့ပြန် လာခဲ့သည်။ ကျယ်လောင်သော ပေါက်ကွဲသံများသည် နေရာတစ်ခုလုံး ပဲ့တင်သံထပ်နေပြီး ဤတစ်ကြိမ်တွင် ရိုက်ခတ်မှုကြောင့် ချောကလက်လေး လွင့်ထွက်သွားသည်။

ချောကလက်လေး၏ ခေါင်းသည် နံရံနှင့် တိုက်မိပြီး နံရံများ အက်ကွဲ ကုန်သည်။ လင်းဟွမ်သည် ချောကလက်လေး၏ ဒေါသတကြီး ဟိန်းဟောက်လိုက်သော အော်သံကို ကြားသော်လည်း အဖြစ်အပျက်ကို မမြင်နိုင်ပေ။

"ရှောင်ဖိန်၊ အချိန် ဘယ်လောက်လိုသေးလဲ"

လင်းဟွမ်က ထိတ်လန့် နေသော်လည်း ရှောင်ဖိန်က သူ့ကို ပြန်မဖြေပေ။ သွေးရောင် နွယ်ပင်သည် ချောကလက်လေးကို ရိုက်ထုတ်ကာ လင်းဟွမ်ရှိနေသော မြေကြီးအား ပြန်လာပြီး တိုက်ခိုက်နေသည်။

ခဏအကြာ မြေကြီးများ ပြိုကျလာသည်။ လင်းဟွမ်သည် စွမ်းအင်အလုံး၏ အောက်ခြေတွင် ပုန်းအောင်းနေသဖြင့် အကာအကွယ် ရနေခဲ့သည်။

လင်းပွှမ်သည် မြေကြီးများ ပြိုကျလာသည်ကို မြင်သောအခါ အလွန် စိုးရိမ်လာသည်။

ကံကောင်းထောက်မစွာ သွေးရောင်နွယ်ပင်၏ တိုက်ခိုက်မှု၏ လက်ချက်မှ ရရှိခဲ့သောဒဏ်ရာများ ပြန်ကောင်းလာသည့် ချောကလက်လေးက ပြန်ပြေးဝင်၍ တိုက်ခိုက်လိုက်သောကြောင့် တိုက်ခိုက်မှု ခေတ္တ ရပ်သွားသည်။

ချောကလက်လေးသည် ၎င်း၏ စွမ်းအားများက လုံးဝ နိမ့်ကျသွားကြောင်း သိလိုက်သဖြင့် အတင်း

ဝင်ရောက်တိုက်ခိုက်ခြင်း မလုပ်ဘဲ လုံးထွေးရန် ဆုံးဖြတ်ခဲ့သည်။ တောင်ပံများနှင့် ရိုက်ပုတ်နေသည်။

ချောကလက်လေးသည် သွေးရောင်နွယ်ပင်၏ တိုက်ခိုက်မှုများကို ရှောင်တိမ်းရင်း အဆက်မပြတ် မီးနှင့်မှုတ်နေသည်။

နဂါးမီးတောက်က သွေးရောင်နွယ်ပင်၏ ခန္ဓာကိုယ်ပေါ်တွင် သက်ရောက်မှု မရှိတော့သော်လည်း ပူလောင်သော ခံစားမှုက ပို၍ပင် စိတ်ရှုပ်စေသည်။

မီးမှုတ်ခြင်းကို ရပ်တန့်နိုင်ရန် နွယ်ပင်က တိုက်ခိုက်ခဲ့သော်လည်း လွဲချော်သွားခဲ့သည်။ သွေးရောင်နွယ်ပင်သည် မြေကြီးကို မတိုက်ခိုက်နိုင်စေရန် အာရုံပြောင်းဖို့အတွက် ချောကလက်လေးက ဤနေရာတွင် ရှိနေကြောင်း သတိထားမိသည်။ ချောကလက်လေးနှင့် မတိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ပြီး စပျစ်နွယ်ပင်၏ ထိပ်ဖျားများက မြေကြီးကိုတူးသော တူးစက်ပုံစံကဲ့သို့ ပြောင်းလဲကာ လျင်မြန်စွာ တူးထုတ်နေသည်။

မြေကြီးအောက်တွင် လင်းဟွမ်သည် တစ္ဆေပုံစံဖြင့် ရှိနေသေးသည်။

သူ မြင်ရသော မြင်ကွင်းများသည် အပြောင်းအလဲများ ဖြစ်လာသည်။ မြေဆီလွှာများကို ဖောက်ထွင်းပြီး မြင်နေရပြီ။ အစပိုင်းက တန်းတန်းမတ်မတ် မတ်တပ်ရပ်နေသော်လည်း ယခုအခါ လှဲလျောင်းထားသည်။ သူ၏ခန္ဓာကိုယ်ကို စွမ်းအင်အလုံး၏ အောက်ခြေတွင် တောက်တဲ့ တစ်ကောင်ကဲ့သို့ မြဲမြံအောင် တွယ်ကပ်ထားသည်။

နွယ်ပင် တူးလာသော တွင်းကြီးသည် သူနှင့် တစ်မီတာသာ ဝေးကွာတော့သည်။

လင်းဟွမ်၏ ကျောတစ်ခုလုံးတွင် ချွေးများ စိုရွှဲနေသည်။

၎င်း၏ တိုက်ခိုက်ရေးအစွမ်းသည် ယခုအခါ ငွေအဆင့်(၂) ဖြစ်သောကြောင့် သွေးရောင်နွယ်ပင်၏ တိုက်ခိုက်မှုကိုသာ ထိမှန်လိုက်ပါက ဆိုးဆိုးရွားရွား ထိခိုက်သွားမည်မှာ သေချာသည်။

သွေးရောင်နွယ်ပင်ကို အာရုံပြောင်းရန် လိုအပ်နေသည်။ ထို့ကြောင့် ချောကလက်လေးသည်

သွေးရောင်နှယ်ပင်ထံ နောက်တစ်ကြိမ် ပြေးဝင်သွားပြီး လုံးထွေးလိုက်သည်။

သွေးရောင်နှယ်ပင်၏ တိုက်ခိုက်ရေးအစွမ်းများ အပြင် ကာကွယ်ရေးအစွမ်းလည်း သိသိသာသာ မြင့်တက် လာခဲ့သည်။ ထို့ကြောင့် ချောကလက်လေး၏ တိုက်ခိုက်မှုသည် ယခင်က ကဲ့သို့ ထိရောက်ခြင်း မရှိတော့ချေ။

သို့သော် ချောကလက်လေး၏ ချွန်ထက်သော ခြေသည်း၊ လက်သည်းများနှင့် ပါးစပ်များဖြင့်

တိုက်ခိုက်ခံရသောအခါ နွယ်ပင်၏ ကိုယ်ပေါ်တွင် ဒဏ်ရာများ ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

သွေးရောင်နွယ်ပင်သည် ချောကလက်လေးအပေါ် နောက်တစ်ကြိမ် ဒေါသ ထွက်သွားပြန်သည်။

လင်းဟွမ်ကို စွန့်လွှတ်ပြီး ချောကလက်လေးအား တိုက်ခိုက်လိုက်သည်။

ချောကလက်လေး၏ လည်ပင်းတွင် သွေးရောင် စပျစ်နွယ်များ ရစ်ပတ် ထားသည်။ ၎င်း၏စွမ်းအားသည် ယခုအခါ ချောကလက်လေးကို ကိုင်တွယ်နိုင်သည်ထက် ပိုလာခဲ့ပြီ ဖြစ်သည်။

ချောကလက်လေးသည် လုံး၀ မဖယ်ရှားနိုင်ဘဲ ပါးစပ်နှင့် ခြေသည်းများက ယက်ကန်ယက်ကန် ရုန်းကန်နေရသည်။

'သတိပေးချက် - ချောကလက်လေးက ပြင်းထန်တဲ့ တိုက်ခိုက်မှုနဲ့ ကြုံတွေ့နေရတယ်။ ချက်ချင်း ပြန်သိမ်းပါ"

လင်းဟွမ်ရှေ့တွင် အကြောင်းကြားချက် တစ်ခု ရုတ်တရက် ပေါ်လာသည်။

"ချောကလက်လေးကို ပြန်သိမ်းမယ်"

လင်းဟွမ်သည် ချောကလက်လေး သေသွားပါက မွန်းစတားကတ် ပျောက်ဆုံးသွားမည်ကို စိုးရိမ်သောကြောင့် ညွှန်ကြားလိုက်သည်။

မော်ကွန်းအဆင့် နဂါးမျိုးစပ်ကို ရရှိရန် မလွယ်ပေ။

လင်းဟွမ်က ညွှန်ကြား လိုက်သည်နှင့် ချောကလက်လေးသည် ကတ်တစ်ခုအဖြစ် ပြောင်းလဲကာ လင်းဟွမ်၏ကိုယ်ထဲသို့ ချက်ခြင်း ပြန်ရောက်သွားသည်။

လူလက်မောင်းစာခန့် ရှိသော စပျစ်နွယ်များသည် မြေကြီးကို အကြိမ်ကြိမ် အခါခါ တူးထုတ်နေသည်။

"ရှောင်ဖိန်၊ အချိန် ဘယ်လောက် ထပ်လိုသေးလဲ။ ငါ့ကို ဖြေပေးပါအုံး"

လင်းဟွမ်သည် ဤခွန်အားကို တောင့် မခံနိုင်တော့ဘူးဟု ခံစားနေရသည်။

နွယ်ပင်၏ တိုက်ခိုက်မှုကြောင့် သူ့အနီးအနားရှိ မြေများ ဖွာထွက်ကုန်သည်။ ထိုတိုက်ခိုက်မှုသည် သူနှင့် စင်တီမီတာ (၂၀) ခန့်သာ ဝေးကွာတော့သည်။

နွယ်ပင်များက အပေါ်သို့ အနည်းငယ် ရောက်သွားခဲ့လျှင် လင်းဟွမ်၏ ခေါင်းတွင် အပေါက်ကြီး တစ်ပေါက် ဖြစ်သွားလိမ့်မည်။

"ပြီးပြီ"

လင်းဟွမ်သည် သူ့လက်ဖဝါး ပေါ်တွင် နွေးထွေးမှုကို ခံစားလိုက်ရသည်။ သွေးရောင်နွယ်ပင်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ စပျစ်နွယ်ပင်ထဲမှ တစ်ခုသည် လင်းဟွမ်၏ ခေါင်းထံ တိုးဝင်လာသည်။ မြန်လွန်းသဖြင့် ရှောင်ရန် အချိန်မရပေ။

ထိုအချိန်တွင် ချောကလက်လေးကို နောက်တစ်ကြိမ် ဆင့်ခေါ်ပြီး လင်းဟွမ်၏ရှေ့တွင် ကာလိုက်သည်။

သွေးရောင်နွယ်ပင်၏ ပြင်းထန်သော တိုက်ခိုက်မှုသည် ချောကလက်လေး၏ ဘယ်ဘက် တောင်ပံကို ထိမှန်သွားပြီး နဂါးသွေးများ နေရာအနှံ့ လွင့်စင်သွားသည်။

လင်းဟွမ်သည် နောက်လှည့်ကြည့်ရာ ထိုမြင်ကွင်းကို မြင်လိုက်ရသည်။

“ပိုင်ကို ဆင့်ခေါ်မယ်”

လင်းဟွမ်က အမိန့်ပေးလိုက်သည်။

နောက်ထပ် အခိုက်အတန့်တွင် ပိုင်သည် မြေအောက် လှိုက်ဂူထဲတွင် ချက်ချင်း ပေါ်လာသည်။

"သူ့ကို ဒုတိယအကြိမ် အဆင့်မြှင့်ပါ.."

လင်းဟွမ်က ထပ်ညွှန်ကြားလိုက်သည်။ ပိုင်ကိုဆင့်ခေါ်ပြီး အဆင့်မြှင့် ရသော အကြောင်းအရင်းသည် ကပ်ပါးကောင်ကို အတူတူ တိုက်ခိုက်ခိုင်းရန် ဖြစ်သည်။

'ပိုင်ကို အဆင့်မြှင့်တင်ဖို့အတွက် အဆင့်တက်ကတ် သုံးမှာ သေချာလား"

"သေချာတယ်"

ငွေရောင်အလင်းတန်း နှစ်ခုသည် ပိုင်ကို ဖုံးအုပ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။ မကြာခင် ပိုင်ကို ရွှေရောင် ပိုးအိမ်ကြီးတစ်ခုက ဖုံးအုပ်သွားသည်။

ထူးဆန်းသော အငွေ့အသက်များ ဖြာထွက်နေသော ပိုင်ကို သွေးရောင်နွယ်ပင်က အာရုံခံမိသွားသည်။ မြေပေါ်တွင် ရွှေရောင်

ပိုးအိမ်ကြီးတစ်ခုကို မြင်လိုက်သည်နှင့် ထိတ်လန့်သလို ခံစားသွားလိုက်ရပြီး ထိုပိုးအိမ်ကို ချက်ချင်း တိုက်ခိုက်လိုက်သည်။

ထိုမွန်းစတား၏ သန္ဓေပြောင်းလဲမှုကို ရပ်တန့်ချင်သည်။

ဒါသည် သာမန်မွန်းစတား သန္ဓေပြောင်းလဲမှု ဖြစ်ပါက နွယ်ပင်၏တိုက်ခိုက်မှုက သန္ဓေ ပြောင်းလဲမှုကို ဟန့်တားနိုင်သည်။ သို့သော် အဆင့်တက်ကတ်ဖြင့် ပြုလုပ်နေသော လုပ်ငန်းစဉ်ကို နှောင့်ယှက်နိုင်လိမ့်မည် မဟုတ်ပေ။

ဒါကို မွန်းစတားတစ်ကောင်က တိုက်ခိုက်နေလျှင်ပင် ရလဒ်ကို ပြောင်းလဲနိုင်ခြင်း မရှိပေ။ သွေးရောင်နွယ်ပင်၏ တိုက်ခိုက်မှုသည် အသုံးမဝင်ခဲ့ပေ။

တစ်မိနစ်ခန့် ကြာသောအခါ ရွှေရောင်ပိုးအိမ်ကြီး ပျောက်ကွယ်သွားသည်။

အဖြူရောင် ဆံပင်ရှိနေသော လူငယ်လေးသည် လင်းဟွမ်၏ရှေ့တွင် ပြန်ပေါ်လာပြီး သူ၏ အောင်ရာများက ပို၍ပင် အန္တရာယ်များလာကာ သေစေနိုင်သော အငွေ့အသက်များ စိမ့်ထွက်

နေသည်။ သို့သော် သူ့မျက်နှာတစ်ခြမ်းကို ဖုံးအုပ်ထားသော မျက်နှာဖုံးတစ်ခု ရှိနေသည်။

“မင်းက မော်ကွန်းအဆင့် မွန်းစတားကတ် သွေးတောင်ပံ (၄) ခု၊ နတ်ဘုရား အစေခံကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

ထိုစဉ် သွေးရောင်နွယ်ပင်က ထပ်မံ တိုက်ခိုက်လာသည်။

ပိုင်၏ မျက်လုံးများသည် ရုတ်တရက် သွေးရောင်ပြောင်းသွားပြီး ကြက်သွေးရောင် တောင်ပံ (၄) ခုကို ဆန့်ထုတ်ကာ သွေးစီးကြောင်းအဖြစ်

ပြောင်းလဲပြီး မြေပေါ်မှ ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။ လင်းဟွမ် လုံးဝ မမြင်နိုင်လောက်အောင် မြန်ဆန်လွန်းသည်။

"ချောကလက်လေး၊ ပိုင်က ကပ်ပါးကောင်ကို သတ်နိုင်အောင် ကူညီပေးလိုက်"

လင်းဟွမ်က အမိန့်ပေးလိုက်သည်။

ချောကလက်လေး၏ တောင်ပံပေါ်က ဒဏ်ရာသည် ပြန်လည် ကောင်းမွန်လာခဲ့သည်။ အလွန်မြန်ဆန်သော ကုသနိုင်စွမ်းဖြင့် မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။ ချောကလက်လေးသည်

တောင်ပံများကို နောက်တစ်ကြိမ် လှုပ်ခတ်ပြီး သွေးရောင်နွယ်ပင်ကို နဂါးမီးတောက်များ အကြိမ်ကြိမ် မှုတ်ထုတ်လိုက်သည်။

နွယ်ပင်တွင် စွမ်းအင်အလုံး၏ ပြန်လည်ကုသနိုင်စွမ်း မရှိတော့ပေ။

အခြားတစ်ဖက်တွင်မူ ပိုင်၏ နောက်ကျောတွင် ရှိနေသော ကြက်သွေးရောင် တောင်ပံ (၄) ခုသည် သွေးရောင် တောက်ပနေသော ဓားသွား လေးချောင်းအဖြစ် ပြောင်းလဲသွားပြီး

သွေးရောင်နွယ်ပင်များကို အရှိန်အဟုန်ဖြင့် ဖြတ်တောက်နေသည်။

ပိုင်၏ ခန္ဓာကိုယ်သည် သွေးစွန်းနေသော အလင်းတန်းတစ်ခုနှင့် တူနေပြီး မြေအောက်တွင် နေရာအနှံ့ လည်ပတ်နေကာ ကပ်ပါးကောင်၏ ခန္ဓာကိုယ်ကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်အောင် ဖြတ်တောက်နေသည်။

သွေးရောင်နွယ်ပင်၏ ကာကွယ်ရေး အစွမ်းသည် အံ့ဩစရာ ကောင်းသော်လည်း ပိုင်၏ ချွန်ထက်သော

တောင်ပံများသည် ရွှေအဆင့် အသုံးအဆောင် ပစ္စည်းများထက် ပို၍ အားကောင်းသည်။

ပိုင်နှင့် ချောကလက်လေးတို့၏ အဖက်ဖက်မှ ဝိုင်းရံ တိုက်ခိုက်မှုကြောင့် နွယ်ပင်၏ကိုယ်ထည်တွင် ဒဏ်ရာများရရှိလာပြီး မကြာခင် ပင်ပန်း နွမ်းနယ် လာသည်။

ထို့နောက် လင်းဟွမ်သည် သွေးရောင်နွယ်ပင်၏ အော်ရာများသည် ဆက်လက် မြင့်တက်နေကြောင်း သတိထား လိုက်မိသည်။

လင်းဟွမ်သည် ရှောင်ရှမြို့တွင် လူပေါင်း တစ်သိန်းကျော် ကူးစက်ခံနေရကြောင်း မသိပေ။ ထို့အပြင် အများစုမှာ ကြေးမုဆိုးများ ဖြစ်ကြပြီး အချို့မှာ ငွေမုဆိုးများပင် ဖြစ်ကြသေးသည်။

သွေးနှယ်ပင်၏ ကိုယ်ထည်မှ ငွေရောင်အလင်းများ အဆက်မပြတ် တောက်ပလာသည်။

ဒါသည် ငွေအဆင့် (၃) သို့ ထပ်မံ အဆင့်တက်သွားသော လက္ခဏာပင်။

လင်းဟွမ်သည် သွေးရောင်နွယ်ပင်၏ အောက်တွင် ရှိနေသေးသောကြောင့် မြေပြင်မှထွက်လာပြီး ပုံစံပြန်ပြောင်းလိုက်သည်။

ဓါးတစ်ချောင်း ထုတ်ယူပြီး အစောပိုင်း ပိုင်၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ဒဏ်ရာကို မိုးကြိုးဓားဖြင့် ခုတ်ချလိုက်သည်။

လင်းဟွမ်၏ လျှပ်စီးလက်သကဲ့သို့ လျင်မြန်သော လုပ်ဆောင်မှုကို သွေးရောင်နွယ်ပင်က သတိထား မိသည်။ ၎င်း၏ ကြီးမားလှသော ကိုယ်ထည်ကို

ခေါ်းဖြင့် တစ်ဝက်ခန့် ဖြတ်တောက်ခဲ့သော်လည်း မသေခဲ့ပေ။

သို့သော် နွယ်ပင်တစ်ခုက လင်းဟွမ်၏ ခါးမှတစ်ဆင့် ဗိုက်ကို ထုတ်ချင်းပေါက်အောင် ထိုးဖောက်သွားသည်။ ထိုတိုက်ခိုက်မှုကြောင့် လင်းဟွမ်၏ ခန္ဓာကိုယ်သည် လွင့်ထွက်သွားပြီး နံရံတွင် ချိတ်သွားသည်။

လင်းဟွမ်သည် သွေးတစ်လုတ် အန်ထွက်သွားသည်။ သတိမလစ်ခင် 'ကုသရေးကတ် အသုံးပြုမယ်' ဟု ပြောနိုင်ခဲ့သည်။

လင်းဟွမ် သတိပြန်ရလာသောအခါ သူ့အနားတွင် ပိုင်နှင့် ချောကလက်လေးတို့ ရှိနေကြောင်း တွေ့လိုက်ရသည်။

"ကပ်ပါးကောင် ဘယ်မှာလဲ"

သွေးရောင်နွယ်ပင်က မလှုပ်ရှားတော့သည်ကို မြင်လိုက်ရသည်။

"သေပြီလား"

လင်းဟွမ်က သူ့မျက်လုံးကိုသူ မယုံနိုင် ဖြစ်နေသည်။

"မင်းက မော်ကွန်းအဆင့် ကပ်ပါးမျိုးစိတ်ကတ်ကို ရရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ ကပ်ပါးမျိုးစိတ်က မွန်းစတားမျိုးစိတ်အသစ် တစ်ခုပါ။ နာမည်မရှိသေးဘူး။ မင်း နာမည်ပေးလို့ရတယ်"

"ဒါဆိုရင် သူ့ကို 'အဝါရောင် ပန်းနွယ်နတ်ဆိုး' လို့ပေးမယ်"

လင်းဟွမ်သည် သူဖတ်ခဲ့ဖူးသော ဝတ္ထုထဲမှ အဝါရောင် ပန်းနွယ်နတ်ဆိုးကို ပြန်သတိရသွားသည်။ ထိုအပင်သည် ကပ်ပါးမွန်းစတားနှင့် ဆင်တူသည်။ ထို့ကြောင့် ဤနာမည်ကို ရွေးချယ်လိုက်သည်။

## အခန်း(၁၁၈) - ဆုလာဘ်။

လင်းဟွမ်သည် အဝါရောင် ပန်းနွယ်နတ်ဆိုးကို မြေအောက် လှိုက်ဂူထဲတွင် သတ်ပစ်ခဲ့သည်။ ကပ်ပါးကောင် သေဆုံးသွားသော အချိန်တွင် မျှော့မျိုးစိတ် အားလုံးသည် အလိုလို ပျက်ဆီးသွားသည်။ ယခင်က ဖရိုဖရဲ ဖြစ်နေခဲ့သော ရှောင်ရှမြို့ရှိ လူပေါင်းသောင်းနှင့်ချီသော မြို့ခံလူများသည် ယခုအခါတွင် လုံခြုံသွားကြသည်။

လင်းဟွမ်သည် ပိုင်နှင့် ချောကလက်လေး တို့ကို ပြန်သိမ်းပြီးနောက် အာဏာရှင်ကို ဆင့်ခေါ်လိုက်သည်။

လင်းဟွမ်သည် အာဏာရှင်ကို အဆင့်မြှင့်တင်ရန် တွေးထားခဲ့သည်။

"အာဏာရှင်ကို နှစ်ခါ အဆင့်မြှင့်မယ်"

လင်းဟွမ်သည် သူ့လက်ထဲတွင် ကျန်နေသော နောက်ဆုံး အဆင့်တက်ကတ်နှစ်ခုကို ထုတ်ယူပြီး အသုံးပြုလိုက်သည်။

ကတ်နှစ်ကတ်သည် ရွှေရောင် တောက်ပလာပြီး အာဏာရှင်ကို ဖုံးလွှမ်းသွားသည်။ အာဏာရှင်၏ ဧရာမ ခန္ဓာကိုယ်ကြီးကို ရွှေရောင်ပိုးအိမ်ကြီးက ဖုံးလွှမ်းသွားသည်။

မကြာခင် ပိုးအိမ်က ပြိုကွဲပြီး ကိုယ်လုံးတီး ဖြစ်နေသော သဲမိစ္ဆာကြီး ထွက်ပေါ်လာသည်။ သူ၏ခန္ဓာကိုယ်မှ အဆီများ ပြိုကွဲသွားပြီး ခန္ဓာကိုယ်က သွယ်လျလာသည်။ ယခုမူ ကြွက်သားများ တောင့်တင်းကာ ဗလတောင့်နေသည်။ ၎င်း၏ ချောမောသော

ကိုယ်ထည်တွင် ရွှေရောင် ချပ်ဝတ်တန်ဆာများ ဖုံးအုပ်လာသည်။

"မင်းက မော်ကွန်းအဆင့် မွန်းစတားကတ် - ရွှေသံချပ်ကာ ဂျင်းနီကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ရှင်းလင်းချက်ကို ဖတ်ပြီးနောက် စိတ်ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ အာဏာရှင်ကို ပြန်သိမ်းပြီး မြို့ဟောင်း၏ တောင်ဘက်ဂိတ် နယ်စပ်သို့ ဦးတည်သွားကာ အထူးအသွင်ပြောင်းကတ်ကို အသုံးပြုလိုက်သည်။

တိတ်ဆိတ်သော လမ်းကြားတစ်ခုထဲသို့ ရောက်ရှိသောအခါ သူ့ကိုယ်သူ မူလပုံစံသို့ ပြန်ပြောင်းလိုက်သည်။

လင်းဟွမ်သည် လမ်းလျှောက် ထွက်လာသောအခါ လမ်းပေါ်တွင် လူများ စည်ကားနေသည်။ ထူးဆန်းနေကြောင်း သတိထားလိုက်မိသည်။ လှည့်ပတ် မေးမြန်းပြီးနောက် အဝါရောင် ပန်းနွယ်နတ်ဆိုးက လူ ထောင်ပေါင်းများစွာကို ကူးစက်ခဲ့ပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ကြောင်း သိလိုက်ရသည်။

လင်းဟွမ်သည် တိုက်ခိုက်ရေး ခွန်အား တိုးမြင့်စေရန် မျှော့မျိုးစေ့များက ကံကြမ္မာ စွမ်းအားများ စုပ်ယူနိုင်ကြောင်း သိလိုက်ရသည်။ ၎င်းကပ်ပါးကောင်၏ စွမ်းရည်သည် ငွေအဆင့်မျှသာ ဖြစ်သေးသော်လည်း ကြောက်မက်ဖွယ် ကောင်းအောင် စွမ်းရည်များ ရှိနေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

လမ်းဟွမ်သည် လမ်းလျှောက်လာရင်း ကောလာဟလအချို့ကို နားထောင်ပြီးနောက် အနီးအနားရှိ ဟိုတယ်တစ်ခုထဲသို့ ဝင်သွားခဲ့သည်။

တိုက်ပွဲက ပြင်းထန်ခဲ့သော်လည်း အချိန် အများကြီး မကုန်ခဲ့ပေ။ တိုက်ပွဲသည် (၁၀) မိနစ်သာ ကြာမြင့်ခဲ့ပြီး မြေအောက်တွင် ကုန်ဆုံးသော အချိန်သည် စုစုပေါင်း မိနစ် (၂၀) အောက်သာ ရှိသည်။

ည (၁၁) နာရီခန့်တွင် လင်းဟွမ် ဟိုတယ် အခန်းယူနေသော အချိန်၌ သာလွန်လူသားများသည် ရှောင်ကွမ်မြို့သို့ ရောက်လာကြသည်။ သူတို့ထဲမှ ခြောက်ယောက်သည် ပိုင်နှင့် အာဏာရှင်တို့အကြောင်း မသိသော်လည်း

ကပ်ပါးကောင်များကြောင့် တတ်နိုင်သမျှ အမြန်ဆုံး ပြေးလာခဲ့ကြသည်။

ရှောင်ရှမြို့သို့ ရောက်သောအခါ ကပ်ပါးကောင်များ၏ အကြောင်းကို ကြားပြီး အံ့သြသွားကြသည်။ ထိုသာလွန်လူသားများသည် မွန်းစတားနှစ်ကောင်ကို ရှာဖွေရန် ကြိုးပမ်းမှု မအောင်မြင်ခဲ့သော်လည်း မြို့ထဲတွင် ဆက်နေပြီး စုံစမ်းနေခဲ့ကြသည်။

လင်းဟွမ်က ထိုအချက်ကို သတိမထားခဲ့မိပေ။ ဟိုတယ်ထဲကို ဝင်သွားပြီးနောက် ပိုင်၊ အာဏာရှင်နှင့်

အဝါရောင် ပန်းနွယ်နတ်ဆိုးကတ် အသစ်ကို စစ်ဆေးနေခဲ့သည်။

"မွန်းစတား ကတ်"

"ရှားပါးမှုအဆင့် - မော်ကွန်း"

"မွန်းစတားအမည် - အတောင်လေးခု နတ်ဘုရားအစေခံ"

"မွန်းစတား အမျိုးအစား- သွေးနတ်ဆိုး"

"တိုက်ပွဲအဆင့်- ကြေးအဆင့် (၃) "

"စွမ်းရည် (၁) - သွေးဝိညာဉ်"

"စွမ်းရည် (၂) - မြင့်မြတ်သော စွမ်းအား (လက်သင်အဆင့်)"

"စွမ်းရည် (၃) - သွေး စတေးခြင်း"

"စွန်းရည် (၄) - မြင့်တက်လာသော ကုသရေး အစွမ်း (လက်သင်အဆင့်)"

"စွမ်းရည် (၅) - အဆုံးစွန်သော အလျှင် (လက်သင်အဆင့်)"

"ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်"

"မှတ်ချက်- ဒီမွန်းစတားကို သာလွန်အဆင့်အထိ အဆင့်မြှင့်လိုက်တဲ့အခါ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ မြင့်မြတ်တဲ့သွေးများက ပြန်လည် အသက်ဝင်လာပြီး စွမ်းရည်များ အလွန် မြင့်မားလာမယ်"

"ကတ်မှတ်ချက်- လေ့ကျင့်ပေးနိုင်"

"နတ်ဘုရား အစေခံဆိုတာ ဘာကိုဆိုလိုတာလဲ"

လင်းဟွမ်က ရှောင်ဖိန်ကို မေးလိုက်သည်။

"နတ်ဘုရား သွေးမျိုးဆက်တွေ အများကြီး ရှိနေတယ်။ ဒါကြောင့် သူ့မှာ မြင့်မြတ်တဲ့စွမ်းအားနဲ့ စွမ်းရည်ရှိတယ်လို့ ဆိုလိုတယ်။"

လင်းဟွမ်သည် ရှောင်ဖိန်၏ ရှင်းပြချက်ကို ကြားပြီးနောက် စွမ်းရည်အသစ်ကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်သည်။

သွေးဝိညာဉ်သည် ပိုမိုမြင့်မားသော တိုက်ခိုက်ရေး စွမ်းအတွက် သွေးစွမ်းအား၏ အဆုံးစွန်သော အဆင့်မြှင့်တင်မှုဖြစ်ပြီး မြင့်မြတ်သော သွေးစွမ်းအားသည် ပိုင်၏ ခန္ဓာကိုယ်အတွင်းရှိ

သန့်ရှင်းသောသွေးများမှ တဆင့် ဆင်းသက်လာခြင်း ဖြစ်သည်။

သွေးစတေးခြင်းသည် စွမ်းရည်များ တိုးမြင့်လာစေရန် ယာယီအားဖြင့် သွေးကို စတေးခြင်း ဖြစ်သည်။

နောက်ဆုံးအနေဖြင့် အဆုံးစွန်သော အလျင်သည် လွန်ကဲသော အမြန်နှုန်းဖြင့် ရွေ့လျားနိုင်လိမ့်မည်။

လင်းဟွမ်သည် ပိုင်၏ကတ်ကို ဖတ်ပြီးနောက် အာဏာရှင်၏ကတ်ကို ကြည့်လိုက်သည်။

"မွန်းစတား ကတ်"

"ရှားပါးအဆင့် - မော်ကွန်း"

"မွန်းစတားအမည် - ရွှေသံချပ်ကာ ဂျင်းနီ"

"မွန်းစတား အမျိုးအစား - ဂျင်းနီ"

"တိုက်ခိုက်ရေးအဆင့်- ကြေးအဆင့် (၃)"

"စွမ်းရည် (၁) - ရွှေသံချပ်ကာ"

"စွမ်းရည် (၂) - မဟာအကြမ်းခံမှု"

"စွမ်းရည် (၃) - မဟာ ကုသရေးအစွမ်း (လက်သင်အဆင့်)"

"စွမ်းရည် (၄) - အဆုံးစွန်သော ပေါက်ကွဲခြင်း (လက်သင်အဆင့်)"

"စွမ်းရည် (၅) - အဆုံးစွန်သော ခွန်အား (လက်သင်အဆင့်)"

"ဆင့်ခေါ်ခွင့် အာဏာ- အသက်ဝင်"

"ကတ်မှတ်ချက်- လေ့ကျင့်ပေးနိုင်"

လင်းဟွမ်သည် စွမ်းရည်အသစ်များကို ကြည့်လိုက်သည်။ ချောကလက်လေး၏ အကြွင်းမဲ့ ကာကွယ်မှုစနစ် ကဲ့သို့ပင် ရွေးသံချပ်ကာသည်

ထိရောက်သော စွမ်းရည်တစ်ခုဖြစ်ပြီး ခံစစ်ကို ပို၍ပင်အားကောင်း လာစေသည်။

အဆုံးစွန်သော ပေါက်ကွဲခြင်းသည် ခန္ဓာကိုယ်၏ စွမ်းအင်များကို အဆုံးစွန် ပေါက်ကွဲစေတတ်သော စွမ်းအားကို အသုံးပြုနိုင်သည့် ထိရောက်မှု စွမ်းရည်တစ်ခုဖြစ်သည်။

အဆုံးစွန်သော ခွန်အားသည် ကြီးမားသော ခွန်အား၏ အဆုံးစွန်သောပုံစံဖြစ်ပြီး ထိရောက်မှု စွမ်းရည်လည်း ဖြစ်သည်။

ထို့နောက် နောက်ဆုံးကတ်ဖြစ်သော အဝါရောင် ပန်းနွယ်နတ်ဆိုးကို ကြည့်လိုက်သည်။

"မွန်းစတား ကတ်"

"ရှားပါးမှုအဆင့် - မော်ကွန်း"

"မွန်းစတား၏အမည် - အဝါရောင် ပန်းနွယ် နတ်ဆိုး"

"မွန်းစတား အမျိုးအစား - ကပ်ပါး"

"တိုက်ခိုက်ရေးအဆင့်- ကြေးအဆင့် (၃)"

"စွမ်းရည် (၁) - မျှော့ မျိုးစေ့"

"စွန်းရည် (၂) - စုပေါင်း ထိန်းချုပ်မှု"

"မှတ်ချက်- မွန်းစတားရဲ့စွမ်းရည်ကို အပြည့်အဝ မတွေ့ရှိသေးပါ၊ နောက်ထပ် စွမ်းရည် သုံးမျိုး ဆက်ရှိနေဦးမယ်"

"ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်"

"ကတ်မှတ်ချက် - လေ့ကျင့်နိုင်"

"ရှောင်ဖိန် စွမ်းရည်က နှစ်ခုပဲရှိတယ်။ ကျန်နေတဲ့ စွမ်းရည်သုံးခုက ဘာလဲ။"

လင်းဟွမ်သည် မော်ကွန်းအဆင့် မွန်းစတားကတ်များတွင် အများသောအားဖြင့် စွမ်းရည်ငါးခု ပါတတ်သောကြောင့် နားမလည်နိုင် ဖြစ်နေသည်။

"အဝါရောင် ပန်းနွယ်နတ်ဆိုးက ပထမမျိုးဆက်ပဲ။ မျိုးစိတ် အသစ်ဖြစ်နေလို့ အခုချိန်မှာ အခြေခံ စွမ်းရည်ပဲ ရှိသေးတယ်၊ အနာဂတ်မှာ သင်ယူရင်းနဲ့ ပိုမိုကျွမ်းကျင်လာလိမ့်မယ်"

ထို့နောက် လင်းဟွမ်သည် စွမ်းရည်နှစ်ခုကို ကြည့်လိုက်သည်။

မျှော့မျိုးစေ့သည် အဝါရောင် ပန်းနွယ်နတ်ဆိုးက နောက်ကွယ်မှ ထိန်းချုပ် ထားနိုင်ပြီး လက်ခံကောင်များကို ပစ်မှတ် ထားနိုင်ကာ မျှော့မျိုးစေ့များကို ဖန်တီးနိုင်စေမည်။ ထို့နောက် အကြွင်းမဲ့ ထိန်းချုပ်ခြင်းကို အသုံးပြု၍ လက်ခံကောင်ကို လုံးလုံးလျားလျား ထိန်းချုပ်နိုင်သည်။

ထို့နောက် သူ၏ အကဲဖြတ်ကတ်ကို ကြည့်လိုက်ရာ အပြောင်းအလဲများ ဖြစ်ပေါ်နေသည်။

"ပိုင်ရှင် - လင်းဟွမ်"

"လိင် - ကျား"

"အသက် - (၁၅) နှစ်"

"တိုက်ခိုက်ရေး စွမ်းအား - သံအဆင့် (၃) "

"ကံကြမ္မာ မျိုးစေ့ - ပါးနပ်သော လက်များ (ရှားပါး)”

"တိုက်ခိုက်ရေး စွမ်းရည် (၁) - မဟာဓားကျမ်း (ဓားကျွမ်းကျင်မှု)"

"တိုက်ခိုက်ရေး စွမ်းရည် (၂) - မိုးကြိုးဓား (ဓားကျွမ်းကျင်မှု)"

"တိုက်ခိုက်ရေး စွမ်းရည် (၃) - နှင်းတစ္ဆေ ခြေလှမ်း (ခန္ဓာကိုယ် လှုပ်ရှားမှု)"

"တိုက်ခိုက်ရေး စွမ်းရည် (၄) - တိမ်ခြေလှမ်း(ခန္ဓာကိုယ်လှုပ်ရှားမှု)"

"မွန်းစတား စွမ်းရည် (၁) - သွေးဝိညာဉ်"

"မွန်းစတား စွမ်းရည် (၂) - ပုံပြောင်းခြင်း"

"မွန်းစတားစွန်းရည် (၃) - မဟာ အကြမ်းခံမှု (အလယ်အလတ်အဆင့်)"

"မွန်းစတားစွမ်းရည် (၄) - မဟာ အသက်ရှူခြင်း (လက်သင်အဆင့်)"

"မွန်းစတားစွမ်းရည် (၅) - ကြီးမားသော ခွန်အား"

"မွန်းစတား စွမ်းရည် (၆) - မော်မျက်လုံး အတားအဆီး (အလယ်အလတ်အဆင့်)"

"မွန်းစတား စွမ်းရည် (၇) - အကြွင်းမဲ့ ကာကွယ်မှု (လက်သင်အဆင့်)"

"မွန်းစတား စွမ်းရည် (၈) - သွေးမုဆိုး (လက်သင်အဆင့်)"

"မွန်းစတား စွမ်းရည် (၉) - အကန့်အသတ်မဲ့ အမြင်အာရုံ (လက်သင်အဆင့်)"

"မွန်းစတား စွမ်းရည် (၁၀) - တတိယမျက်လုံး (လက်သင်အဆင့်)"

"ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်"

"ဆင့်ခေါ်နိုင်သော အရေအတွက်- ၂ "

"မှတ်ချက်- လေ့ကျင့် ပေးနိုင်"

သွေးစွမ်းအားကို သွေးဝိညာဉ်ဖြင့် အစားထိုးခဲ့ပြီး အကြွမ်းခံမှုကို မဟာအကြွမ်းခံမှုဖြင့် အစား ထိုးခဲ့သည်။

လင်းဟွမ်က မျက်ခုံးပင့်လိုက်ပြီး

"အဝါရောင် ပန်းနွယ်နတ်ဆိုးရဲ့ စွမ်းရည်ကို ထုတ်ယူမယ်"

" ထုတ်ယူလို့ မရဘူး၊ မင်းရဲ့ မွန်းစတား စွမ်းရည်အတွက် နေရာလွတ်က ပြည့်သွားပြီ။ မွန်းစတား စွမ်းရည်တွေ နောက်ထပ်ရဖို့အတွက်၊ မင်းက စွမ်းရည်ကတ်တွေကို ပေါင်းစည်းရမယ်

ဒါမှမဟုတ် ရှိပြီးသား မွန်းစတားစွမ်းရည်တွေကို ဖျက်ပစ်ရမယ်"

"မွန်းစတားကတ်တွေ ရာနဲ့ချီပြီး စုဆောင်းနိုင်ရင် စွမ်းရည်တွေ ရာနဲ့ချီပြီး ရမယ်ထင်နေခဲ့တာ ကန့်သတ်ချက် ရှိမယ်ဆိုတာ သိသင့်တယ်"

လင်းဟွမ်သည် ကန့်သတ်ချက်ရှိ နေလိမ့်မည်ဟု အမြဲတမ်း ခန့်မှန်းခဲ့သော်လည်း မည်သည့်နေရာတွင် ကန့်သတ်မည်ကို မသိခဲ့ပေ။ ယခုမှ သိခဲ့ရခြင်းပင်။

လက်ထဲတွင် မော်ကွန်းအဆင့် မွန်းစတားကတ် သုံးခုကို ကိုင်ထားပြီး သူ၏ အကဲဖြတ်ကတ်ကို ပြန်သိမ်းလိုက်သည်။

သူ၏ အောင်မြင်မှုသည် မိုးထိအောင် မြင့်မားခဲ့သလို ယခုတစ်ကြိမ်တွင် ရှောင်ဖိန်က သူ့အပေါ် အကြွေးတင်ထားကြောင်း မမေ့ပေ။

လင်းဟွမ်သည် မွန်းစတားကတ် သုံးခုကို သိမ်းပြီးနောက် ရှောင်ဖိန်နှင့် ဆက်သွယ်ကာ ပြုံးလိုက်ပြီး

"ရှောင်းဖိန် မင်းက စွမ်းအင်အလုံးကို စုပ်ယူခဲ့တယ်ဆိုတော့ ဘာတွေရခဲ့လဲ”

"ကတ်တွေ ပြန်လည် ရှင်သန်ထမြောက်ခြင်း လုပ်ဆောင်ချက်"

“ဒီ ပြန်လည် ရှင်သန်ထမြောက်ခြင်းက ဘာလဲ”

"အရမ်း ရှားပါးတဲ့ မွန်းစတားကတ်က သေဆုံးသွားရင် အဲ့ဒါကိုအစားထိုးဖို့ အလားတူ ဒါမှမဟုတ် ရှားပါးမှုနည်းတဲ့ မွန်းစတားကတ်နဲ့ အစားထိုးပေးနိုင်တယ်။ ရှားပါး မွန်းစတားကတ် ပြန်လည် ထမြောက်လာဖို့အတွက် အခွင့်အရေး

နှစ်ခါပဲရှိတယ်။ ပထမ ထမြောက်မှုအတွက် ပုံမှန်ကတ်နဲ့ အစားထိုးပြီး ဒုတိယမြောက် ပြန်လည်ထမြောက်မှုအတွက် ရှားပါးကတ်နဲ့ အစားထိုးမယ်”

"မော်ကွန်းအဆင့် မွန်းစတားကတ်ဆိုရင် ပြန်လည် ရှင်သန်ထမြောက်မှုက သုံးခုရှိမယ်။ ပထမပြန်လည် ထမြောက်ခြင်းကို ပုံမှန်ကတ်တစ်ခုနဲ့ အစားထိုးမယ်။ ဒါပေမဲ့ ဒုတိယမြောက် ပြန်လည် ထမြောက်ရင်တော့ ရှားပါးကတ်တစ်ခုနဲ့ အစားထိုးမယ်။ တတိယမြောက်

ပြန်လည်ထမြောက်မှုကိုတော့ သေချာပေါက် အခြားမော်ကွန်းကတ်နဲ့ အစားထိုးမယ်"

"ဒဏ္ဍာရီကတ်နဲ့ အထက် မြင့်မားတဲ့ ကတ်တွေကတော့ အဲဒီအစီအစဥ်တိုင်းပဲ ပြန်လည် ထမြောက်ဖို့ အခွင့်အလမ်း ပိုများတယ်။"

"အစားထိုးကတ်တွေ အားလုံးမှာ တူညီတဲ့ တိုက်ခိုက်ရေးစွမ်းအား ရှိလိမ့်မယ်။"

"လိုအပ်တဲ့ အရည်အချင်း မပြည့်ရင်တော့၊ ကတ်က အလိုလို ပျောက်သွားလိမ့်မယ်"

"ကြားရတာ သတင်းကောင်းပဲ"

လင်းဟွမ်သည် စိတ်လှုပ်ရှားသွားသည်။

ယခုလက်ရှိ သူ့တွင် မော်ကွန်းအဆင့် မွန်းစတားကတ် လေးခုရှိနေပြီ ဖြစ်ပြီး ထိုလုပ်ဆောင်ချက် အသစ်သည် သူ၏ စိုးရိမ်ပူပန်မှု အချို့ကို ဖြေရှင်းပေးနိုင်ခဲ့သည်။

မကြာခင် အရေးကြီးသော အရာတစ်ခုကို ပြန်သတိရသွားသည်။

လင်းဟွမ်က နောက်တစ်ကြိမ် ထပ်ပြုံးလိုက်ပြီး

"ရှောင်ဖိန် မင်းကို စွမ်းအင်အလုံးရအောင် ကူညီပေးခဲ့တဲ့ငါ့ကို ဘာမှ မပေးတော့ဘူးလား။"

"မင်းကို ကံစမ်းမဲကတ် (၁၀) ကတ် ဆုချမယ်။ ဒါပေမယ့် မင်းရနိုင်တဲ့ ကတ်အမျိုးအစားကတော့ မင်းရဲ့ကံပေါ်မှာ အပြည့်အဝ မူတည်တယ်"

"၁၀ ကတ်လား"

ရှောင်ဖိန်၏ အင်မတန် ရက်ရောမှုကို ကြားဖူးသည်မှာ ဒါက ပထမဆုံးအကြိမ်ပင်။

"အဲဒီလိုဆိုလည်း အချိန်မဆွဲနဲ့တော့"

## အခန်း (၁၁၉)- ကံစမ်းမဲကတ် (၁၀) ကတ်

"အထူးတာဝန် အောင်မြင်သွားတဲ့အတွက် ဆုလာဘ်အဖြစ် ကံစမ်းမဲကတ် (၁၀) ကတ် ရယူလိုက်ပါ။"

"ကံစမ်းမဲကတ်ထဲတွင် ကတ်ပေါင်း (၁၈၀) ရှိတယ်။ ဒါကြောင့် မင်းက ဆုအဖြစ် ကတ်ပေါင်း ၁၈၀ထဲက (၁၀) ကတ် ရနိုင်တယ်။"

"သတိပေးချက် - ကတ် ဆယ်ကတ်ကို တစ်ကြိမ်သာ ရွေးချယ်နိုင်တယ်။ ရွေးပြီးရင် ပြန်ပြောင်းခွင့် မရှိဘူး"

ထို့နောက် ကတ်များသည် အသက်ဝင်လာပြီး လင်းပွမ်၏ရှေ့တွင် သပ်သပ်ရပ်ရပ် စီထားသည်။ ကတ်စုစုပေါင်း (၁၈၀) အထိ ထည့်ထားသော ကော်လံ(၁၀) ခုနှင့် အတန်း (၁၈) တန်း ရှိသည်။ ၎င်းတို့အားလုံး တူညီကြသည်။ ထိုကတ်များ၏ အလယ်တွင် ရွှေရောင်မီးတောက်နှင့်တူသော

မေးခွန်းသင်္ကေတတစ်ခု ရှိသည်။ ကျန်သည့် အစိတ်အပိုင်းများက အနက်ရောင် ဖြစ်သည်။

လင်းဟွမ်သည် အစပိုင်းက ကတ် (၁၈) ကတ်ထဲမှ (၁၀) ကတ်ကို ရွေးရလိမ့်မည်ဟု ထင်နေခဲ့သည်။ ထိုကဲ့သို့ဖြစ်ပါက ပိုကောင်းသော ကတ်များ ရနိုင်ခြေများသွားလိမ့်မည်။ ယခုအခါ သူ့တွင် ရွေးချယ်စရာများ ပိုများလာပြီး ကတ်ကောင်းများ ရနိုင်ခြေထက် ပုံမှန်ကတ်များ ရရှိလျှင်ပင် အဆင်ပြေနေပြီ။။။

" ကျေးဇူးပြု၍ ကျေးဇူးပြု၍ ကံကောင်းနတ်သမီးလေးက မစပါ။"

လင်းဟွမ်သည် လက်နှစ်ဖက်ကို ပွတ်ရင်း မျက်လုံးမှိတ်ကာ ဆုတောင်းလိုက်သည်။ ထို့နောက် မျက်လုံးပြန်ဖွင့်ကာ အသက် ခပ်ပြင်းပြင်းလေးရှူပြီး ဆုလာဘ်ကတ် (၁၀) ကတ်ကို ရွေးချယ်လိုက်သည်။

"ဒီ၊ ဒီဟာ..."

သူ ရွေးချယ်လိုက်သည်နှင့် ကျန်သည့်ကတ်များ ပျောက်ကွယ်သွားသည်။

ကတ်များသည် သူ့ရှေ့တွင် ကော်လံနှစ်ခု တန်းစီပြီး ပေါ်လာသည်။ ကတ်များကို တစ်ခုပြီး တစ်ခု လှန်ပြသည်။

"ဉာဏ်အလင်းပွင့်ခြင်း ကတ် (၁) ကတ် ၊ အဆင့်တက်ကတ် (၁) ကတ် ၊ အသေးစား ဖျက်စီးရေးကတ် (၁) ကတ်၊ ကုသရေးကတ် (၂) ကတ်၊ နှစ်ဆကတ် (၂) ကတ်၊ အသွင်ပြောင်းကတ် (၃) ကတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

"ငါက အသေးစား ဖျက်ဆီးရေးကတ် (၁) ကတ်နဲ့ ကုသရေးကတ် (၂) ကတ် ရခဲ့တာလား"

လင်းဟွမ်၏ အပျော်သည် ကောင်းကင်ကြီးကို ကျော်လွန်သွားသည်။

ဒါသည် သူ့အတွက် ပထမဆုံးအကြိမ် ကံကောင်းခြင်းပင်။

အသေးစား ဖျက်ဆီးရေးကတ်သည် မွန်းစတားများပေါ်တွင် မည်မျှ အစွမ်းထက်ကြောင်း ရှင်းရှင်းလင်းလင်း မှတ်မိနေသေးသည်။ ကုသရေးကတ်များနှင့် ပတ်သက်၍ မည်မျှ အသုံးဝင်ကြောင်းကို အကြိမ်ပေါင်း များစွာ မြင်ခဲ့ဖူးသည်။

အစောပိုင်းကပင် နောက်ဆုံး ကုသရေးကတ်ကို အသုံးပြုခဲ့ရပြီး ယခုမူ ပြန်လည် ဖြည့်တင်းနိုင်ခဲ့ပြီ။

"အဆင့်တက်ကတ် တစ်ခုပဲရှိတာ ဝမ်းနည်းစရာပဲ။ တကယ်လို့သာ နှစ်ကတ်ရှိရင် အလက်ဇန္ဒြားလင်းယုန်ကို မော်ကွန်းအဆင့် ကတ်တစ်ကတ်ဖြစ်အောင် အဆင့်မြှင့်လို့ ရပြီကွာ"

အစောပိုင်းက သူရရှိခဲ့သော အဆင့်တက်ကတ်လေးခုကို ပိုင်နှင့် အာဏာရှင်တို့အတွက် အသုံးပြုခဲ့သည်။

အချို့ကတ်များနှင့် ရင်းနှီးသော်လည်း အားလုံးတော့ မဟုတ်ပေ။

ညာဖက်အလင်းပွင့်ခြင်း ကတ်၏ ရှေ့တွင် အကန့်အသတ်မရှိသော ကြယ်ရောင်များ ကြားထဲတွင် အပြာရောင် ဦးနှောက်တစ်ခု ရှိနေပြီး ရွှေရောင် အလင်းများ ဝန်းရံထားသည်။ ထို့နောက် ရှင်းလင်းချက်ကိုဖတ်ရန် ကတ်ကို လှည့်ကြည့် လိုက်သည်။

"ဉာဏ်အလင်းပွင့် ကတ်- အသုံးပြုသူကို ဉာဏ်အလင်းပွင့်တဲ့ အခြေအနေထဲ ဝင်ရောက်စေနိုင်တယ်"

"မှတ်ချက် - ကုန်ဆုံးနိုင်တဲ့ ကတ်ဖြစ်ပြီး တစ်ကြိမ်ပဲ အသုံး ပြုနိုင်တယ်။ အကျိုးသက်ရောက်မှုက အသုံးပြုသူရဲ့ အထောက်အထားနဲ့ အရည်အချင်းအပေါ် အများကြီး မူတည်တယ်"

"ပစ္စည်း ကောင်းလေးပဲ"

လင်းဟွမ်သည် သူရွေးချယ်ခဲ့သော ကတ်များကို ကြည့်ပြီး ကျေနပ်နေခဲ့သည်။ လက်ရှိအခြေအနေတွင် အသုံးပြုနိုင်သော ကတ်များသာ ရရှိခဲ့ပြီး အသုံးမဝင်သော တာဝန်ကတ် တစ်ခုမျှ မရရှိခဲ့ပေ။

"နောက်ဆုံးတော့ ငါ့ကံ ပိုကောင်းလာပြီကွ"

ကတ်အားလုံးကို ဝမ်းသာအားရ သိမ်းဆည်းပြီးနောက် ရေချိုးခန်းထဲ သွားလိုက်သည်။ စိတ်အခြေအနေ ကောင်းမွန်နေခဲ့သည်။ ထို့ကြောင့် ညပိုင်းတွင် ကောင်းကောင်း အိပ်ပျော်ခဲ့ပြီး မနက်ရှစ်နာရီ ထိုးသောအခါ ပြန်နိုးလာခဲ့သည်။

လင်းဟွမ်သည် ဟိုတယ်တွင် အခန်းပြန်အပ်ပြီးနောက် ဝပ်ကျင်းစခန်းမှ ထွက်လာပြီး အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်ကာ ရှောင်ကွမ်မြို့သို့ ဦးတည်ပြီး သွားလိုက်သည်။

အကယ်၍ ညမထွက်ရ အမိန့်ကြောင့်သာ မဟုတ်ပါက ရှောင်ရှမြို့တွင် တည်းခိုခဲ့မည် မဟုတ်ပေ။

သို့သော် လင်းရှင်အတွက် သိပ်ပြီး စိတ်မပူပေ။ ကပ်ပါးကောင်များကို ဖယ်ရှားပြီးကတည်းက သာလွန်အဆင့် မွန်းစတားတစ်ကောင်က

ရှောင်ကွမ်မြို့ကဲ့သို့ (ဘီ) - အဆင့် ဝပ်ကျင်းကြီးထဲသို့ ကျူးကျော် ဝင်ရောက်လာခဲ့လျှင်ပင် တားဆီး နိုင်ကြသည်။

လင်းဟွမ်သည် နံနက် ၈:၃၀ တွင် ရှောင်ကွမ်မြို့ရှိ ဟိုတယ်သို့ ရောက်လာခဲ့သည်။

ပိတ်ထားသောတံခါးကို သော့ကတ် စကန် ဖတ်ပြီးနောက် တွန်းဖွင့်လိုက်သည်။

လင်းရှင်က တံခါးအဝကို သေနတ်ဖြင့်ချိန်ပြီး မတ်တပ်ရပ်နေသည်။

"မင်း ဘာလုပ်နေတာလဲ"

လင်းဟွမ်၏အသံ ထွက်ပေါ်လာသည်။

လင်းရှင်က သေနတ်ချလိုက်ပြီး

"ငါက တံခါးအဝမှာ လူဆိုးထင်နေလို့။ မင်း ပြန်လာမယ်ဆိုရင်လည်း ဘာလို့ ကြိုမပြောတာလဲ"

"ငါက နိုးနိုးခြင်းပဲ ပြန်လာခဲ့တာပဲ။ လမ်းရောက်နေတော့ မင်းကို မပြောဖြစ်ခဲ့ဘူး"

လင်းဟွမ်က ပခုံးတွန့် ပြလိုက်သည်။

"မင်း အလုပ်ကိစ္စက ပြီးပြီလား"

လင်းရှင်က မီးခိုးရောင် လင်းယုန် (၁၇) သေနတ်ကို သိုလှောင်လက်စွပ်ထဲတွင် ပြန်သိမ်းလိုက်သည်။

"လုပ်ပြီးပြီ"

လင်းဟွမ်က ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

"အိမ်ပြန်ဖို့ လက်မှတ်တွေ ကြိုမှာလိုက်ရအောင်"

"မင်းက ရှောင်ရှမြို့ကို မရောက်ဖူးသေးဘူး မဟုတ်လား။ ရှောင်ကွမ် မြို့ဟောင်းကို မသွားချင်ဘူးလား"

လင်းရှင်သည် စိတ်ပြောင်းသွားသည်မှာ ထူးဆန်းလှသည်။

"ဘယ်မှ မသွားချင်တော့ဘူး။"

လင်းရှင်းက ခေါင်းခါလိုက်သည်။

"ဘာဖြစ်လို့လဲ"

လင်းဟွမ်က သူ့ကို စိတ်ဆိုးနေသည်ဟု တွေ့လိုက်မိသည်။

"ငါ သေနတ်လေ့ကျင့်ဖို့ အချိန်ပိုရအောင် အိမ်စောစော ပြန်ချင်တယ်"

လင်းရှင်က ရှင်းပြလိုက်သည်။

"ရှောင်ရှမြို့ကို သွားရအောင်လေ၊ ရှောင်ကွမ် မြို့ဟောင်းကို ကြည့်တာက အချိန်ဘယ်လောက်မှ မကြာပါဘူး"

"အခုပဲ ပြန်ချင်တယ်။"

လင်းရှင်က ခေါင်းခါလိုက်သည်။

"ကောင်းပြီလေ။ မင်း ဒီလောက် ပြောနေတော့လည်း အိမ်ပြန်ရအောင်"

လင်းရှင်က မရမက ပြောနေခဲ့သည်။

"မနက်စာ စားပြီးပြီလား"

လင်းဟွမ်က မေးလိုက်သည်။

"အင်း၊ စားပြီးပြီ။"

"အောက်ထပ်မှာ မနက်စာ စားပြီး ပြန်လာတဲ့အချိန်ကျရင် လက်မှတ်တွေ ကြိုမှာထားလိုက်မယ်"

လင်းဟွမ်က ညီမဖြစ်သူ ခေါင်းကို ပုတ်ပြီးနောက် ထွက်ခွာသွားသည် ။

သူ ထွက်သွားပြီးနောက် လင်းရှင်သည် သူမ ကြည့်နေသော ဗီဒီယိုကို ပြန်ကြည့်နေလိုက်သည်။ ခေတ္တ ရပ်ထားသော စက်ခရင်ပေါ်တွင် အမျိုးသမီးတစ်ယောက်ရှိနေပြီး အောက်ခြေတွင် စာကြောင်းတစ်ကြောင်း ပါရှိသည်။

'မင်းက ဝန်ထုပ်ဝန်ပိုး မဖြစ်ချင်ရင် မင်းကိုယ်တိုင် ပိုပြီး သန်မာလာရမယ်။'

လင်းရှင်သည် (play) ခလုတ်ကို ပြန်နှိပ်လိုက်ပြီး ဗီဒီယိုတစ်ခုလုံးကို ဆက်ကြည့်နေခဲ့သည်။

လင်းဟွမ်သာ ဤနေရာတွင် ရှိနေပါက ဗီဒီယိုထဲမှ အမျိုးသမီးကို သေချာပေါက် မှတ်မိလိမ့်မည်။

သူမက အိုရန်ပင်ကျောင်း ဖြစ်ပြီး သူမ၏ဗီဒီယိုများ အွန်လိုင်းပေါ်တွင် ပျံ့နှံ့သွားသောအခါ နာမည်ကျော် သေနတ်သမားတစ်ယောက် ဖြစ်လာခဲ့သည်။

အိုရန်ပင်ကျင်းသည် အဖွဲ့ခွဲ (၇) ရွှေမုဆိုး ဦးဆောင်သူစာရင်းတွင် အဆင့် (၁၄) နေရာ၌ ရပ်တည်နေသော (၁၈) နှစ်အရွယ် မိန်းကလေး တစ်ယောက်ဖြစ်သည်။

သူမသည် မိန်းကလေးများ ကြားထဲတွင် အမြင့်ဆုံးအမျိုးသမီး သေနတ်သမားလည်း ဖြစ်သည်။ သူမတွင် သေနတ်ကို နှစ်သက်သော ပရိသတ်များစွာရှိပြီး အများစုမှာ အသက် (၁၈) နှစ်အောက် ဆယ်ကျော်သက် မိန်းကလေးများ ဖြစ်ကြသည်။

လင်းဟွမ်သည် ဒုတိယထပ်တွင် မနက်စာ ဘူဖေးစားနေစဉ် ပြည်ထောင်စုအစိုးရထံမှ အကြောင်းကြားစာ ရရှိခဲ့သည်။

"မနေ့ည (၁၀) မိနစ် (၃၀) ခန့်က ရှောင်ရှမြို့မှာ ပြင်းထန်တဲ့ ကပ်ပါးကူးစက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး လူပေါင်း (၁၃၀,၀၀၀) လောက် ကူးစက်ခံခဲ့ရတယ်။ အမည်မသိ သာလွန် လူသားတစ်ယောက်က ကပ်ပါးများကို အချိန်မီ သတ်နိုင်ခဲ့ပြီး လူတိုင်းကို ကယ်တင်ပေးခဲ့တယ်။ ပြည်ထောင်စုကိုယ်စား၊ အစိုးရရဲ့ ကြိုတင်မမြင်နိုင်ခဲ့တဲ့ အခြေအနေအတွက်

တောင်းပန်ပါတယ်။ နောက်တစ်ကြိမ် ထပ်မဖြစ်အောင် ကာကွယ် တားဆီးပါ့မယ်။ တစ်ချိန်တည်းမှာပဲ အမည်မသိရတဲ့ သာလွန်လူသားကိုလည်း ကျေးဇူးတင်ပါတယ်၊ မင်းလိုမျိုး ပေးဆပ်တတ်အောင် ငါတို့က သင်ယူပါ့မယ်"

"ရှောင်ကွမ် မြို့ဟောင်း အောက်မှာ ဖြစ်ပျက်ခဲ့တာကို သူတို့ မသိသေးတဲ့ပုံပဲ။ ကပ်ပါးကောင် ကူးစက်တဲ့ အရေအတွက်အပေါ် အခြေခံပြီး သာလွန်လို့ ယူဆလိုက်ကြပြီး

ငါ့ကိုလည်း သာလွန် လူသားလို့ ယူဆလိုက်ကြတယ်...။"

လင်းဟွမ်က ခေါင်းခါရင်း ပြုံးလိုက်သည်။

သီအိုရီအရ ရွှေအဆင့်ကပ်ပါးကောင် အများဆုံး ကူးစက်နိုင်သော လူအရေအတွက်မှာ (၁၀,၀၀၀) ထက် မပိုပေ။ အဝါရောင် ပန်းနွယ်နတ်ဆိုးသည် ငွေအဆင့်သာ ရှိသေးသော်လည်း လူပေါင်း (၁၀၀,၀၀၀) ကျော်ကို ကူးစက်နိုင်ခဲ့သည်။ နှစ်ကြိမ် သန္ဓေပြောင်းထားခြင်း သို့မဟုတ် အခြားသော

ပုံမှန်မဟုတ်သော အခြေအနေများကြောင့် ဖြစ်ကောင်း ဖြစ်နိုင်သည်။

ထို့ကြောင့် သာလွန်အဆင့် မွန်းစတားတစ်ကောင်ဟု ပြည်ထောင်စုအစိုးရမှ အထင်မှားခဲ့ခြင်း ဖြစ်သည်။ သူတို့၏ ကောက်ချက်မှားရသော အဓိက အကြောင်းအရင်းသည် လင်းဟွမ်တို့နှင့် အဝါရောင် ပန်းနွယ်နတ်ဆိုး တို့၏ တိုက်ပွဲကို မမြင်ခဲ့သောကြောင့် ဖြစ်သည်။

ထို့နောက် ပြည်ထောင်စု အစိုးရအဖွဲ့က နောက်ထပ် အကြောင်းကြားစာ ထပ်ပို့ခဲ့သည်။

“မနေ့ည (၁၁) နာရီလောက်က ထောင်က ထွက်ပြေးလာတဲ့ ပြစ်မှုကျူးလွန်သူ (၁၅) ယောက်လုံးကို ဝပ်ကျင်းအမှတ် (၇) ဘီ (၆၁)မှာ ဖမ်းမိခဲ့ပါတယ်။ လုံခြုံရေး စည်းမျဉ်းအရ ညမထွက်ရအမိန့်ကို ရုတ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း ကြေညာပါတယ်”

"သူတို့တွေ အစကတည်းက အမှန်တစ်ခုမှ မပြောဘူးပဲ..."

လင်းဟွမ်သည် သတင်းဖတ်နေရင်း မျက်ခုံး ပင့်လိုက်မိသည်။

မနက်စာ စားပြီးသည်နှင့် ဟိုတယ်အခန်းထဲသို့ ပြန်သွားခဲ့သည်။

လင်းရှင်က သူ့ကိုကြည့်ပြီး မျက်လုံးပြူးပြသည် ။

"အစ်ကို၊ အဲဒါ မင်းပဲမဟုတ်လား"

"ဘာလို့ ငါ ဖြစ်ရတာလဲ"

လင်းဟွမ် ကြောင်သွားသည်။

"ရှောင်ရှုမြို့မှာ ရှိနေတဲ့ သာလွန်မွန်းစတားကို မင်းသတ်လိုက်တာလား။"

လင်းရှင်သည် သူ၏ အဖြေကို စောင့်ဆိုင်းနေသည်။

"မင်း အတွေးလွန်နေပြီ။ ငါ့ကို သာလွန် လူသားတစ်ယောက်လို့ ထင်နေတာလား"

လင်းဟွမ်သည် လင်းရှင်က အဖြစ်မှန်ကို သိသွားပါက သူမ၏ ကျောင်းနေဖက် သူငယ်ချင်းများကို ပြန်ပြောမည်ကို ကြောက်သောကြောင့် လိမ်ညာလိုက်သည်။

"ဒါပေမယ့် ပိုင် ပျောက်သွားတဲ့ အချိန်နဲ့ အဲဒီမွန်းစတား ပေါ်လာတဲ့အချိန်က တိုက်ဆိုင်နေတယ်လို့ မထင်မိဘူးလား အစ်ကို။"

လင်းရှင်က ခန့်မှန်းလိုက်သည်။

"ငါလည်း အဲဒီအချိန်တုန်းက ပြဿနာတစ်ခု ကြုံနေခဲ့တယ်။ ဒါက တိုက်ဆိုင်မှုတစ်ခု သက်သက်ပါ။"

လင်းဟွမ်သည် အမှန်တရားကို ဖုံးကွယ်ရန် ကြိုးစားရင်း လင်းရှင်၏ပါးကို ဖျစ်ညှစ်လိုက်သည်။

"မင်းကို ကြည့်စမ်းပါအုံး။ ဒီလိုအချိန်မှာ ဘာလို့ ဒီလိုရယ်စရာတွေ တွေးနေတာလဲ၊ ငါက သံအဆင့်ပဲ ရှိသေးတယ်၊ တကယ်လို့ သာလွန်မွန်းစတားနဲ့ ခလုတ်တိုက်ပြီး တွေ့မိရင်တောင် မြန်မြန် ထွက်ပြေးမိလိမ့်မယ်။ ဘယ်လိုလုပ်ပြီး တိုက်ခိုက်နိုင်မှာလဲ"

“အိုး...”

လင်းရှင်၏မျက်နှာသည် ချက်ချင်း ညှိုးကျ သွားသည်။

"ငါတို့ အာကာသယာဉ်ရဲ့ ခရီးစဉ် အစီအစဉ်ကို ကြည့်ရအောင်။ မနက်ဖြန်မှာ တစ်စင်းရှိတယ်။ လက်မှတ်ဝယ်ရမယ်။"

လင်းဟွမ်က လင်းရှင်ကို ကြည့်လိုက်ပြီး

"မင်းက တံခါးပိတ် လေ့ကျင့်ချင်လို့လား"

"အဲဒါကို ငါ စဉ်းစားပြီးပြီ။ စက်တင်ဘာလမှာ ဘွဲ့ကြိုသင်တန်း ရှိတယ်ဆိုတော့ နောက်နှစ် ဘွဲ့ရပြီးရင် အမြဲတမ်း ပျော်နေလို့ရတယ်။ နောက်နှစ်မှာ အမှတ်ကောင်းကောင်း ရဖို့အတွက် စာကျက်ပြီး လေ့ကျင့်ဖို့ အချိန်ပိုပေးမယ်။"

လင်းရှင်က လင်းဟွမ်ကို စည်းရုံးနိုင်ရန် အကြောင်းပြချက်တစ်ခု သုံးလိုက်သည်။

"မင်းတောင် ကြီးလာပြီပဲ၊ အချိန်တွေကို ကောင်းကောင်း စီမံခန့်ခွဲတတ်တာ ကောင်းပါတယ်။"

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး

"ဒါဆို အခုပဲ အပြန်လက်မှတ် သွားဖြတ် လိုက်အုံးမယ်"

## အခန်း(၁၂၀) - ငါ့အတွက် မှာပေးပါအုံး။

နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ကို စီးပြီး ပချီမြို့သို့ ပြန်သွားသော ခရီးစဉ်သည် ရှစ်ရက်ကြာမြင့်ခဲ့သည်။ ခရီးစဉ်က အဆင်ပြေပြီး ချောမွေ့ခဲ့သည်။

တတိယမြောက်နေ့တွင် လင်းဟွမ်သည် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့် (၃) အထိ မြှင့်တင်နိုင်ခဲ့သည်။ နောက်ထပ် ငါးရက်ကြာအောင် အခန်းအောင်း လေ့ကျင့်

ခဲ့ပြီးနောက် ကတ်အပိုင်းအစ (၃၀၀) ကျော် စုဆောင်းနိုင်ခဲ့သည်။

အခြားတစ်ဖက်တွင်မူ လင်းရှင်သည် ရှစ်ရက်တာ ကာလအတွင်း သေနတ်မစ္စတာဂိမ်းကို သူမ၏ အခန်းထဲတွင် ကစားနေခဲ့သည်။ သူမသည် ဂိမ်းကို စွဲလမ်းနေခဲ့သည်။

အာကာသယာဉ်သည် မွန်းလွဲ (၃) နာရီတွင် ပချီမြို့သို့ ရောက်ရှိခဲ့သည်။

လင်းဟွမ်တို့သည် အာကာသယာဉ်ပေါ်မှ ဆင်းလာပြီးနောက် မြို့ထဲတွင် မနေတော့ဘဲ

အလက်ဇန္ဒြား လင်းယုန်ငှက်ကို ဆင့်ခေါ်ခဲ့ပြီး ဝူလင်မြို့သို့ တန်းပြီး ပြန်လာခဲ့ကြသည်။

သူတို့သည် အိမ်နှင့် ရက်ပေါင်း (၂၀) ကျော် ဝေးကွာ နေခဲ့သည်။ လင်းဟွမ်သည် အိမ်ပြန်ရောက်သည်နှင့် လင်းရှင်ကို သူနှင့်အတူ အိမ်သန့်ရှင်းရေးလုပ်ရန် စည်းရုံးခဲ့သည်။

နှစ်နာရီကျော် ကြာအောင် သန့်ရှင်းရေး လုပ်ပြီးနောက် ညနေခြောက်နာရီ ထိုးကာ ညစာစားချိန် ရောက်လာခဲ့သည်။

ညစာ စားပြီးနောက် လင်းရှင်သည် သေနတ်မစ္စတာဂိမ်း ကစားရန် သူမ၏အခန်းထဲသို့ ဝင်သွားပြီး လင်းဟွမ်က ဧည့်ခန်းတွင် သတင်း ကြည့်နေခဲ့သည်။

ရှောင်ရှမြို့တွင် ကပ်ပါးကူးစပ်မှု ဖြစ်ပွားသော သတင်းသည် နောက်ဆုံး၌ အဆုံးသတ် သွားခဲ့သည်။ အခင်းဖြစ်ပွားပြီး တစ်ပတ်ကျော်သာ ကြာသွားသော်လည်း ရှောင်ကွမ်မြို့ အဖြစ်အပျက်၏ အမှန်တရားကို မည်သူမျှ မတွေ့ခဲ့ကြသလို

ရှောင်ကွမ်မြို့ဟောင်း မြေအောက် လှိုက်ဂူထဲတွင် ဖြစ်ပျက်ခဲ့သောအကြောင်းကို မည်သူမျှ မသိကြပေ။

ဤကာလအတွင်း အဖွဲ့ခွဲ (၇) တွင် ရှောင်ရှမြို့ရှိ ကပ်ပါးကောင်ကူးစပ်မှု ဖြစ်ရပ်မှတပါး အထူး စိတ်ဝင်စားစရာသတင်းများ မရှိခဲ့ပေ။

သို့သော် သတင်းစာမျက်နှာကို ဖွင့်လိုက်သည်နှင့် နောက်ဆုံးမှ ရေပန်းစားနေသာ သတင်းတစ်ပုဒ်ကို သတိထားလိုက်မိသည်။

"ရွှေမုဆိုး ဦးဆောင်စာရင်းတွင် ဒုတိယအဆင့် ရခဲ့တဲ့ ချန်းယုက မကြာသေးခင်ကမှ သာလွန်အဆင့်

တက်လှမ်းနိုင်ခဲ့တယ်"ဟူသော သတင်းခေါင်းစဉ်ကို ဖတ်လိုက်ရသည်။

လင်းဟွမ်သည် ချန်းယု အကြောင်း ကြားဖူးသော်လည်း သိပ်မသိပေ။ သူသည် ကွန်ရက်ပေါ်တွင် ထာဝရနံပါတ် (၂) ဟူသော နာမည်ပြောင်တစ်ခု ရရှိသည်။

ရွှေမုဆိုး ဦးဆောင်စာရင်းတွင် လူတစ်ထောင် ရှိပြီး အများစုမှာ ရွှေအဆင့် (၃) ဖြစ်ကြသည်။ အခြေခံအားဖြင့် ဦးဆောင်စာရင်းတွင်ပါဝင်သူတိုင်း အထူးသဖြင့် ထိပ်ဆုံး (၁၀၀) အတွင်း

ရှိကြသောသူများသည် အဆင့်တက်လှမ်းနိုင်ခြေ မြင့်မားကြသည်။

အများစုမှာ ရွှေအဆင့် (၃) သို့ ရောက်သောအခါ သူတို့ထဲမှ အများစုသည် ထိုအဆင့်တွင် ကြာကြာ သောင်တင်နေလိမ့်မည် မဟုတ်ပေ။ တစ်နှစ် သို့မဟုတ် နှစ်နှစ်သာ နေကြသည်။

ကံကြမ္မာ စွမ်းအား စုဆောင်းရခြင်းက လွယ်ကူသလို သင့်တော်သော သာလွန်မွန်းစတားကို တွေ့ရှိပြီး သတ်လိုက်သည်နှင့် အဆင့် မြင့်သွားကြသည်။

သို့သော်လည်း ချန်းယု၏ ဇာတ်လမ်းသည် အနည်းငယ် ကွဲပြားသည်။ သူသည် ရွှေမုဆိုး ဦးဆောင်စာရင်းတွင် ခုနစ်နှစ် ကြာအောင် ရပ်တည်ခဲ့သည်။ တစ်နှစ်ပတ်လုံးတွင် ချန်ပီယံ စာရင်းကို လူလေးယောက် အစားထိုးခဲ့သော်လည်း သူက ဒုတိယနေရာတွင်သာ ရပ်တည်နေခဲ့သည်။

ဤကဲ့သို့ဖြင့် နာမည်ပြောင် ရရှိလာခဲ့သည်။ လူတော်တော်များများက သူ့ကို ဘာကြောင့် ရွှေအဆင့် ၃ မှာသာ ရှိနေရလဲဆိုသည်ကို သိချင်နေကြသည်။

ထိုမေးခွန်းကို ဖြေနိုင်သောသူသည် ချန်းယု တစ်ယောက်တည်းသာ ဖြစ်ကောင်း ဖြစ်နိုင်သည်။ နောက်ဆုံးတွင် အဆင့်တက်လာခဲ့ပြီး အဖွဲ့ခွဲ (၇) အတွက် သတင်းခေါင်းစဉ်ကြီး တစ်ခု ဖြစ်လာခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်က မီဒီယာများတွင် ရေးစရာ အကြောင်းအရာ မရှိသောကြောင့် ဤအကြောင်းအရာသည် သူတို့အတွက် အကောင်းဆုံး အခွင့်အရေး ဖြစ်လာခဲ့သည်။

"ဒါဆို ဒီနေ့ ဒီသတင်းက လူတွေစိတ်ဝင်စားမယ့် ကိစ္စဖြစ်လာမယ် ထင်တယ်"

လင်းဟွမ်က ခေါင်းခါလိုက်သည်။ သတင်းစာမျက်နှာကို ပိတ်ပြီးနောက် သူ့တွင် တာဝန်ကတ်တစ်ခုရှိနေကြောင်း ရုတ်တရက် ပြန်သတိရသွားသည်။ အိမ်ပြန်ရောက်သည်နှင့် အသုံးပြုရန် စီစဉ်ခဲ့သည်။

လာမည့် လတစ်လျှောက်လုံးတွင် လုပ်စရာအများကြီး မရှိသောကြောင့် တာဝန်ကတ်ကို ထုတ်ယူရန် ဆုံးဖြတ်လိုက်သည်။

ကတ်ပေါ်တွင် အနက်ရောင် အိမ်ဖော်ဝတ်စုံ ဝတ်ဆင်ထားသော ရွှေရောင်ဆံပင်နှင့် အမျိုးသမီး ရှိနေသေးသည်။

"တာဝန်ကတ်ကို အသက်သွင်းမယ်။"

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးသည် ခန္ဓာကိုယ်ကို အပျင်းကြော တစ်ချက်ဆန့်ကာ လင်းဟွမ်ကို ကြည့်လိုက်သည်။

"ငါတို့ ပြန်တွေ့ကြပြန်ပြီ"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက လင်းဟွမ်ကို မျက်စိမှိတ်ပြသည်။

လင်းဟွမ် ပြန် ပြုံးပြလိုက်သည်။

"ကဲ မင်းရဲ့တာဝန်က ဘာလဲဆိုတာ ငါ ပြောပြမယ်။"

"မင်းရဲ့တာဝန်က ရက် (၃၀) အတွင်း စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကိုကို အဆင့်ခြောက်အထိ ရောက်အောင် လေ့ကျင့်ရမယ်"

“တာဝန် အောင်မြင်ရင် - ကုသရေးကတ် (၁) ကတ် ရမယ်"

"သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ တာဝန်ကို မအောင်မြင်ခဲ့ရင် ပြစ်ဒဏ်အနေနဲ့ လုပ်ဆောင်ချက် ကတ်တစ်ကတ် ဆုံးရှုံးရမယ်။"

"တာဝန် ကြေငြာခြင်း ပြီးပါပြီ။ ကတ်ရဲ့ နောက်ကျောမှာ တာဝန်အကြောင်းကို ထပ်ဖတ်ကြည့်နိုင်ပါတယ်။"

ရွှေရောင်ဆံပင်နှင့် အမျိုးသမီးက စကား ပြောပြီးသောအခါ လင်းဟွမ်ကို ကြာအကြည့်နှင့် နောက်တစ်ကြိမ် ပြန်ကြည့်သွားသည်။

"အကောင်းဆုံးပဲ"

"တစ်လအတွင်း စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့်ခြောက်အထိ ရောက်အောင် အဆင့်မြှင့်ရမယ် ဟုတ်လား..."

လင်းဟွမ်သည် တာဝန်ကတ်၏ လှည့်စားခြင်းကို ခံလိုက်ရပြန်သည်။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

သူသည် အဆင့်သုံးဆင့်ကိုသာ တက်လှမ်းနိုင်ခဲ့သည်။ အဆင့် (၃) မှ အဆင့် (၄) အထိ ကတ်၈၀၀ လိုအပ်သည်။ သူ့လက်ထဲတွင် ကတ် (၃၀၀) ကျော်သာ ရှိသောကြောင့် ကတ် (၄၀၀) ကျော် လိုအပ်လိမ့်မည်။ ဒါသည် အဆိုးဆုံး သတင်းမဟုတ်သေးပေ။ အဆင့်လေးမှ အဆင့်ငါးအထိ ကတ်အပိုင်းအစ (၁,၆၀၀) နှင့် အဆင့်ငါး မှ အဆင့်ခြောက်အထိ ကတ်အပိုင်းအစ (၁၀,၀၀၀ ) လိုအပ်မည်။ စုစုပေါင်း တစ်လအတွင်း

ကတ်အပိုင်းအစ ပေါင်း (၁၂,၀၀၀) ရရှိရန် လိုအပ်သည်။

တစ်လအတွင်း ကတ်အပိုင်းအစ (၁၂,၀၀၀) စုဆောင်းခြင်းက မဖြစ်နိုင်သည့်ပုံ ဖြစ်နေသည်။

"တော်ပြီကွာ ဂရုမစိုက်တော့ဘူး၊ တာဝန်ကတ်ကို အသက်သွင်းပြီးမှတော့ စောဒကတက်ဖို့ နောက်ကျသွားပြီ။"

လင်းဟွမ်သည် မတ်တပ်ထရပ်ကာ အပေါ်ထပ်သို့ လျှောက်သွားသည်။ လင်းရှင်းထံ မက်ဆေ့ချ်တစ်ခု ပို့လိုက်သည်။

"ငါ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို ခဏ လေ့ကျင့်အုံးမယ်၊ တစ်လလောက်တော့ ကြာမယ်..."

လင်းဟွမ်သည် တံခါးပိတ်ပြီးနောက် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို စတင် လေ့ကျင့်လိုက်သည်။

ယခုလက်ရှိတွင် အဆင့် (၃) ရောက်နေပြီး ကျင့်စဉ်တစ်ခေါက် ပြီးဆုံးရန် (၁၅) မိနစ်ခန့် အချိန်ယူရသည်။ ညနက်သန်းခေါင် အထိ လေ့ကျင့်ခဲ့သော်လည်း ကတ်အပိုင်းအစ (၂၀) ကျော်သာ ရရှိခဲ့သည်။

နောက်တစ်နေ့ မနက်တွင် မနက်ခြောက်နာရီ ထပြီး လေ့ကျင့်သည်။ မနက်ရှစ်နာရီတွင် လင်းရှင်က နံနက်စာ လာပို့သည်။

"ဒီနေ့ကစပြီး မနက်စာကို ငါ့ဟာငါလုပ်မယ်။ နေ့ခင်းမှာ ထမင်းလာပို့စရာ မလိုဘူး။ ဒါပေမယ့် ညစာတော့ ပြင်ပေးပါ"

လင်းဟွမ်သည် လေ့ကျင့်မှုကို အာရုံ စိုက်ချင်သည်။

"ကိစ္စ မရှိဘူး၊ လုပ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ နေ့လည်စာ မစားရင် မင်း ဗိုက်မဆာဘူးလား"

လင်းရှင်က စိတ်ပူနေသည်။

"စိတ်မပူနဲ့ ငါ မဆာဘူး။"

လင်းဟွမ်က သူမကို အာမခံလိုက်သည်။

"ဒါဆိုလည်း ကောင်းပြီလေ..."

လင်းဟွမ်သည် မနက်စာ စားပြီးသောအခါ အခန်းထဲသို့ ပြန်ဝင်ပြီး အိပ်ရာဝင်ချိန်အထိ လေ့ကျင့်နေခဲ့သည်။ ထိုနေ့တွင် ကတ်အပိုင်းအစ (၈၀) သာ စုဆောင်းနိုင်ခဲ့သည်။

နောက်ထပ် နှစ်ရက် ကြာသောအခါ လင်းဟွမ်သည် လေ့ကျင့်ရေး မစခင် ဂျုံနှင့် သစ်သီးများ ယူထားပြီး အခန်းထဲမှာသာ ထပ်ခါတလဲလဲ လေ့ကျင့်နေခဲ့သည်။

ညနေ ခြောက်နာရီတွင် ညစာစားရန် (၁၀) မိနစ်ခန့်သာ အချိန်ပေးခဲ့ပြီး ည (၁၂) နာရီ အိပ်ရာမဝင်ခင်အထိ လေ့ကျင့်ခဲ့သည်။ တစ်နေ့လျှင် (၁၈) နာရီနီးပါး လေ့ကျင့်ခဲ့သည်။

ငါးရက်မြောက်နေ့တွင် ကတ်အပိုင်းအစ (၈၀၀) စုဆောင်းနိုင်ခဲ့ပြီး စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့်လေးအထိ မြှင့်တင်နိုင်ခဲ့သည်။

ထိုအချိန်မှစ၍ ကျင့်စဉ်၏ အလှည့်အပြောင်းသည် ပို၍ပင် ရှုပ်ထွေး လာခဲ့သည်။

ကျင့်စဉ်တစ်ခေါက် အစအဆုံးပြီးဆုံးရန် အချိန် ကြာလာပြန်သည်။

ငါးရက်ကြာပြီးနောက် မိနစ် (၃၀) အစား (၁၀) မိနစ်အထိ လျော့ကျသွားကြောင်း တွေ့လိုက်ရသည်။ နေ့စဉ်နေ့တိုင်း ကဒ်အပိုင်းအစ ပေါင်း (၁၀၀) ကျော်

စုဆောင်းနိုင်ခဲ့သည်။ ရက်တွေ ကြာလာသည်နှင့်အမျှ အချိန်က ပိုတိုလာပြီး ရရှိသော ကတ်အပိုင်းအစ များလည်း တိုးလာခဲ့သည်။

နောက်ဆုံး ရက် (၂၀) မြောက်နေ့တွင် လင်းဟွမ်သည် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့်(ငါး) အထိ မြှင့်တင်နိုင်ခဲ့သည်။

“နောက်ဆုံး ကျန်တဲ့ (၁၀) ရက်မှာ ဉာဏ်အလင်းပွင့်ကတ်ကို အသုံးပြုမယ်"

ဒါသည် အစကတည်းက စီစဉ်ထားသော အစီအစဉ် ဖြစ်သည်။

လင်းဟွမ်သည် ဉာဏ်အလင်းပွင့် ကတ်ကို ထုတ်ယူပြီးနောက် အသက် ခပ်ပြင်းပြင်းရှူကာ ကတ်ကို ချေမွလိုက်သည်။ ထို့နောက် လေ့ကျင့်မှုကို ဆက်လက် လုပ်ဆောင်ခဲ့သည်။

ဉာဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှုသည် သဘောကျစရာကောင်းလှသည်။ ပထမဦးဆုံး တစ်ခေါက်တွင် ကျင့်စဉ် အစအဆုံး ပြီးဆုံးရန် နာရီဝက်ကြာခဲ့သည်။ သို့သော် ဒုတိယ တစ်ခေါက်တွင် မိနစ်(၂၀) အထိ လျှော့ချနိုင်ခဲ့ပြီး တတိယ

တစ်ခေါက်တွင် (၁၀) မိနစ်သာ ကြာမြင့်တော့သည်။ စတုတ္ထ တစ်ခေါက်တွင် သုံးမိနစ်သာ ကြာခဲ့ပြီး ပဉ္စမတစ်ခေါက်တွင် တစ်မိနစ်သာ ကြာတော့သည်။ လိုအပ်သော အချိန်ကို အကြိမ်တိုင်း လျှော့ချနိုင်ခဲ့သည်။

ဆယ်ကြိမ်မြောက်သို့ ရောက်သောအခါ တစ်စက္ကန့်တွင် တစ်ခေါက်နှုန်း ပြီးဆုံးလာခဲ့သည်။ လေးနာရီအတွင်း ကတ်အပိုင်းအစ (၁၀,၀၀၀) စုဆောင်းနိုင်ခဲ့ပြီး အဆင့်ခြောက်အထိ အဆင့်မြှင့်တင်နိုင်ခဲ့သည်။

သို့သော် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်၏ လည်ပတ်မှုမှာ မပြီးဆုံးသေးပေ။

အဆင့်ခြောက်ကျင့်စဉ်၏ အစအဆုံးသည် အဆင့်ငါးထက် အဆအနည်းငယ် ပိုရှုပ်ထွေးသည်။ လင်းပွမ်သည် တစ်ခေါက်ပြီးမြောက်ရန် သုံးနာရီကြာမြင့်ခဲ့သည်။ ဒုတိယတစ်ခေါက်တွင် နှစ်နာရီကြာခဲ့သည်။

.......

ခုနစ်နာရီ ကြာပြီးနောက် တစ်ခေါက်လျှင် တစ်စက္ကန့်နှုန်း ပြီးမြောက်လာခဲ့သည်။ ရှစ်နာရီ

ကြာပြီး နောက်ဆုံးတွင် ကဒ်အပိုင်းအစ (၃၀,၀၀၀) ကို စုဆောင်းနိုင်ခဲ့ပြီး တိုက်ခိုက်ရေးကျင့်စဉ် အဆင့်ခုနစ်သို့ အဆင့် မြှင့်တင်နိုင်ခဲ့သည်။

လင်းဟွမ်သည် နာရီ (၂၀) ကျော်ကြာအောင် လေ့ကျင့်ခဲ့သော်လည်း ဉာဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှုက ဆက်လက် တည်ရှိနေဆဲဖြစ်သည်။

ကျွမ်းကျင်မှု သံသရာသည် အလိုအလျောက် လည်ပတ်နေခဲ့သည်။ နာရီ (၃၀) ကြာပြီးနောက်၊ ကတ်ပေါင်း (၉၀,၀၀၀) ကျော် စုဆောင်းနိုင်ခဲ့ပြီး

အဆင့် (၈) သို့ ရောက်ရှိခဲ့သည်။ နောက်ဆုံးတွင် ဉာဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှုသည် လင်းဟွမ်ထံမှ ထွက်ခွာသွားသည်။

လင်းဟွမ်သည် စိတ်ကျေနပ်သော စိတ်ဖြင့် ရေတစ်ခွက်သောက်ပြီး အိပ်ရာ ဝင်လိုက်သည်။ ပြန်နိုးလာသောအခါ လင်းရှင်က သူ့ကုတင်ဘေးတွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"ဘာဖြစ်တာလဲ"

လင်းဟွမ်က သိချင်စိတ်ဖြင့် မေးလိုက်သည်။

"အစ်ကို၊ ငါ အရမ်း ကြောက်တယ်။'

လင်းရှင်းက အဖြစ်အပျက်ကို ပြန် ပြောပြသည်။

လွန်ခဲ့သည့် နှစ်ရက်က လင်းရှင်သည် ညစာစားရန် တံခါးလာခေါက် နေခဲ့သော်လည်း တုံ့ပြန်မှု လုံးဝ မရှိခဲ့ပေ။ သုံးရက်မြောက်နေ့တွင် ပြန်မဖြေသဖြင့် လင်းရှင်သည် အခန်းထဲသို့ ဝင်လာပြီး ကြည့်လိုက်ရာ အိပ်ပျော်နေကြောင်း သိလိုက်ရသည်။ ခန္ဓာကိုယ် တစ်ခုခု မှားနေပြီဟု ထင်လိုက်သည့်အတွက် (၉၁၁) ကို ဖုန်းဆက်ပြီး ခေါ်ခဲ့သည်။

"ကံကောင်းတာက ဆရာဝန်က အားလုံး ပုံမှန်ပဲတဲ့။ ဆောင်းခိုနေတဲ့ အခြေအနေကနေ မကြာခင် ပြန်နိုးလာလိမ့်မယ်လို့ ပြောခဲ့တယ်။"

သူမကရှင်းပြရင်း မျက်ရည်များ စီးကျနေသည်။

"စိတ်မပူနဲ့ ငါ အဆင်ပြေတယ်။ လေ့ကျင့်တာ ပင်ပန်းလို့ အနားယူလိုက်တာ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"အနားယူတာလား။ မင်း အိပ်တာ တစ်ပတ်လောက် ရှိတယ်"

လင်းရှင်က သူ့ကို စိုက်ကြည့်ရင်း ပြန်ပြောလိုက်သည်။

"တစ်ပတ်လား။ ငါ ဗိုက်ဆာနေတာ မဆန်းတော့ဘူး။ ရှင်အာ ကျေးဇူးပြုပြီး ငါ့အတွက် မှာပေးပါအုံး။ ငါ ရေချိုးလိုက်အုံးမယ်။"

"ရတာပေါ့"

လင်းရှင်သည် မီးဖိုခန်းထဲဝင်ပြီး ထမင်း ချက်လိုက်သည်။

## အခန်း(၁၂၁) - ကံကြမ္မာမျိုးစိတ် မွန်းစတား။

"ကံကြမ္မာ စွမ်းရည်ကတ်"

"ကံကြမ္မာစွမ်းရည် နာမည် - စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်"

"ရှားပါးမှုအဆင့် - ရှားပါး"

"ကျွမ်းကျင်မှု အဆင့် - အဆင့် (၈)"

"အကျိုးသက်ရောက်မှု ကံကြမ္မာစွမ်းအား လည်ပတ်မှုရဲ့ အမြန်နှုန်း (၈၀) ရာခိုင်နှုန်းအထိ

တိုးမြှင့်ပေးနိုင်ပြီး တိုက်ခိုက်မှုအစွမ်းနဲ့ ကာကွယ်ရေးအစွမ်းကို (၉၆) ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးတယ်"

"မှတ်ချက် အဆင့်တစ်ခု မြှင့်တင်တိုင်းမှာ ကံကြမ္မာစွမ်းရည်ရဲ့ သက်ရောက်မှု တစ်ခုစီတိုင်းက (၁၂) ရာခိုင်နှုန်းစီ တိုးလာမယ်"

"ကတ်မှတ်ချက် - အသုံးပြုနိုင်"

လင်းဟွမ်သည် ကံကြမ္မာ စွမ်းရည်၏ ဖော်ပြချက်ကို ကြည့်ပြီးနောက် အံ့အား သင့်သွားသည်။ ဉာဏ်အလင်းပွင့် ကတ်၏ အကျိုးသက်ရောက်မှုက ဤမျှ ကျယ်ပြန့်လိမ့်မည်ဟု

မမျှော်လင့် ထားခဲ့ပေ။ သူသည် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့် (၈) ထိရောက်အောင် မြှင့်တင်နိုင်ခဲ့သည်။ သူ၏ ကံကြမ္မာစွမ်းရည် အကျိုးသက်ရောက်မှု အားလုံး (၉၆) ရာခိုင်နှုန်း တိုးလာခဲ့ပြီး ဒါသည် အဆင့်မြင့် ကံကြမ္မာစွမ်းရည်အတွက်ပင်လျှင် အထွင်္ခြအထိပ် ဖြစ်သည်။

အဆင့်မြင့် ကံကြမ္မာစွမ်းရည်ရှိသူ အချို့သည် သူတို့ ဘဝတစ်လျှောက်လုံး လေ့ကျင့်၍ အကောင်းဆုံး လုပ်နိုင်သည်မှာ အဆင့် (၅) သာ

ဖြစ်သည်။ လူတစ်သန်းထဲတွင် တစ်ယောက်မျှသာ အဆင့် (၆) သို့ ရောက်ရှိနိုင်ကြသည်။ အဆင့် (၈) နှင့် အဆင့် (၇) သို့ ရောက်ရှိသူများသည် မရှိသလောက် ရှားပါးသည်။

လင်းဟွမ်သည် တစ်ထိုင်တည်းဖြင့် ဉာဏ်အလင်းပွင့်ခြင်း အဆင့်သို့ ဆိုက်ရောက်သွားသောကြောင့် ကိုယ့်ကိုယ်ကို သက်သေ ပြနိုင်ခဲ့သည်။

ထို့နောက် သူ့ကိုယ်ထဲရှိ ကတ်များကို စစ်ကြည့်လိုက်ရာ တာဝန်ကို အောင်မြင်ခဲ့သဖြင့် ဆုလာဘ်အဖြစ် ကုသရေးကတ်တစ်ခု ရရှိခဲ့သည်။

"တာဝန်ကတ်ကို အသက် သွင်းသွင်း၊ မသွင်းသွင်း ဖင်ထဲနာပြီး ကျန်ခဲ့တာပဲ"

လင်းဟွမ်က အော်ဟစ် လိုက်သည်။ ဉာဏ်အလင်းပွင့် ကတ်ကြောင့်သာ မဟုတ်ခဲ့လျှင် တာဝန်ကို မည်သည့်နည်းနှင့်မျှ အောင်မြင်နိုင်မှာ မဟုတ်ပေ။ ကံကောင်း ထောက်မစွာဖြင့် ဉာဏ်အလင်းပွင့်ကတ်၏ အကျိုးသက်ရောက်မှုသည်

မယုံကြည် နိုင်စရာကောင်းကာ တာဝန်ကို အချိန်မီ ပြီးမြောက် စေရုံသာမက ပေးအပ်ထားသော တာဝန်အတွက် မျှော်လင့်ချက်ထက်ပင် ကျော်လွန်သွားခဲ့သည်။

ရက်ပေါင်း (၂၀) လေ့ကျင့်ပြီးနောက် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့် (၈) အထိ မြှင့်တင်နိုင်ခဲ့ရုံသာမက ကံကြမ္မာစွမ်းအားများလည်း တည်ငြိမ်သွားခဲ့သည်။

ထို့ကြောင့် ကြေးအဆင့်သို့ တက်လှမ်းရန် စတင် စဉ်းစားလာခဲ့သည်။

လင်းရှင်၏ အားလပ်ရက်သည် (၁၀) ရက်သာ ကျန်တော့သည်။ လင်းရှင် ကျောင်းပြန်တက်သောအခါ မွန်းစတားများကို သတ်ဖြတ်ရန် အမဲလိုက်မည်ဟု စဉ်းစားနေခဲ့သည်။

လာမည့် ရက်ပိုင်းအတွင်း ကံကြမ္မာမျိုးစေ့ ရွေးချယ်မှု အပေါ်မှာသာ အာရုံစိုက်ချင်ခဲ့သည်။ ကံကြမ္မာမျိုးစေ့ စွယ်စုံကျမ်းထဲတွင် သံအဆင့် မွန်းစတားနှင့် နှိုင်းယှဉ်ပါက ကြေးအဆင့် မွန်းစတားများစွာ ရှိသည်။ လင်းဟွမ်သည် ရွေးချယ်ရန်အတွက် စိတ်ပျက်သွားခဲ့သည်။

နောက်ဆုံးတွင် ကံကြမ္မာမျိုးစေ့ (၁၁) မျိုးကို ရွေးချယ်ခဲ့သော်လည်း လိုချင်သည့် အရာကို မဆုံးဖြတ်နိုင်သေးပေ။

အစပိုင်းတွင် လင်းဟွမ်သည် ရီကျန်းနှင့် တိုင်ပင်ရန် စဥ်းစားခဲ့သော်လည်း လွန်ခဲ့သော တစ်လကပင် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကိုရရှိခဲ့ပြီး သံအဆင့် (၂)အထိ တက်လှမ်းသွားကြောင်း ပြန် တွေးလိုက်မိသည်။

သူသာ ကြေးအဆင့်ကို တက်လှမ်းရန် ရီကျန်းနှင့် တိုင်ပင်ပါက ရီကျန်းက သူ့ကို သေချာပေါက်

သံသယဝင်လိမ့်မည်။ ထို့ကြောင့် ထိုအကြံအစည်ကို လက်လျှော့ခဲ့သည်။

လင်းဟွမ်သည် တစ်ချက် တွေဝေသွားပြီးနောက် လျန်ယုရှင်းထံ မက်ဆေ့ချ်တစ်စောင် ပို့လိုက်သည်။

"မစ္စလျန်၊ မင်း အဖွဲ့ခွဲ (၃) မှာ ခရီးသွားနေတုန်းလား"

"ဟုတ်တယ်၊ အခုလက်ရှိ အဖွဲ့ခွဲ (၃) မှာ ရှိနေသေးတယ်။ ဒါပေမယ့် ဒီရက်ပိုင်းအတွင်း ပြန်လာဖြစ်လိမ့်မယ်။ မင်းမှာ လိုအပ်တာတွေ ရှိလို့လား"

လျန်ယုရှင်းက ချက်ချင်း ပြန်ဖြေလာသည်။

"ကြေးအဆင့်ကို တက်လှမ်းတဲ့အခါ ဘယ်လို ကံကြမ္မာမျိုးစေ့ကို ရွေးချယ်ရမလဲဆိုတာ မင်းဆီက အကြံဉာဏ် တောင်းချင်လို့။ ငါ့ စိတ်ထဲမှာ မရေမရာ ဖြစ်နေလို့ပါ"

လင်းဟွမ် သည် လျန်ယုရှင်းက သူ့ကို ကူညီလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း အာမခံနိုင်ခြင်းတော့ မရှိပေ။

"ငါ့ဆီ ပို့လိုက်လေ။ ငါ ကြည့်ပေးမယ်"

လျန်ယုရှင်းက ကမ်းလှမ်းလာသည်။

လင်းဟွမ်သည် သူရွေးချယ်ထားသော ကံကြမ္မာမျိုးစေ့ (၁၁) မျိုးကို ပို့ပေးလိုက်သည်။ လျန်ယုရှင်းသည် သူ၏ လျှို့ဝှက်ချက်များကို အမြဲတမ်း ထိန်းသိမ်းခဲ့ထားပြီး ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်၍ဖြစ်စေ တခါမှ မမေးခဲ့ဖူးပေ။ ယခုလည်း အလားတူပင်။ ကြေးအဆင့်အတွက် ကံကြမ္မာမျိုးစေ့ ရှာဖွေနေရသည့် အကြောင်းအရင်းကို မမေးခဲ့ပေ။

မကြာမီ လျန်ယုရှင်းက သူ့ထံ ဗီဒီယိုဖုန်း ခေါ်ဆိုမှုတစ်ခု ပြုလုပ်လာသည်။

သူမသည် အဖြူရောင် ဂါဝန်အင်္ကျီတစ်ခုကို ဝတ်ဆင်ထားပြီး ဆွဲဆောင်မှုရှိနေကာ အေးမြသော အသွင်အပြင်နှင့် လိုက်ဖက်နေသည်။

“မင်း ရွေးချယ်လိုက်တဲ့ ကံကြမ္မာ မျိုးစေ့တွေကို ငါကြည့်ပြီးပြီ။ အများစုက မလိုအပ်ဘူး။ မင်းက ခန္ဓာကိုယ် အဆင့်မြှင့်တင်ဖို့ အဓိက အာရုံစိုက်တဲ့ အရှိန်နဲ့ ကာကွယ်ရေး အမျိုးအစားတွေနဲ့ပဲ သက်ဆိုင်နေတယ်”

ဖုန်းကိုင်လိုက်သောအခါ လျန်ယုရှင်းက သူ့ကိုပင် မနှုတ်ဆက်ဘဲ လိုရင်းတန်းပြောသည်။

"မလိုအပ်ဘူးလား"

လင်းဟွမ်သည် မျက်မှောင် ကြုတ်လိုက်ပြီး လျှန်ယုရှင်း ပြောလိုက်သော စကားကြောင့် သူ့စိတ်ထဲမှ အစီအစဥ်ကို ဖျက်သိမ်းလိုက်သည်။

"မင်းရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံကို သာလွန်အဆင့် မရောက်ခင်အထိ လေ့ကျင့်လို့ရတယ်။ မင်းရဲ့ စွမ်းအား အားကောင်းစေဖို့အတွက် ခံစစ်စွမ်းရည်နဲ့ အမြန်နှုန်းကို မြှင့်တင်နိုင်တဲ့ လှုပ်ရှားမှု စွမ်းရည်တွေ ရှိတယ်"

"နောက်ပြီးတော့ မင်းက သာလွန်အဆင့်ကို တက်လှမ်းသွားရင် မင်းရဲ့ခန္ဓာကိုယ်က ပြောင်းလဲသွားလိမ့်မယ်။ အနည်းဆုံးတော့ မင်းရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံနဲ့ဆိုင်တဲ့ ဒဏ်ရာတွေ၊ အခြေခံ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်တွေလည်း အတူတူ ပါသွားလိမ့်မယ်။ ဒါကြောင့်လည်း အံ့အောဖို့ကောင်းတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံ ရှိတဲ့ လူတော်တော်များများက သာလွန်အဆင့် မတက်လှမ်းခင်အချိန်အထိ သူတို့ရဲ့ အချိန်နဲ့ စွမ်အင်အားလုံးကို ကံကြမ္မာမျိုးစေ့ ပျိုးထောင်ဖို့အတွက် အသုံးပြုကြတယ်"

"အခုလက်ရှိ ငါ့ရဲ့ ခန္ဓာကိုယ်ဖွံ့စည်းပုံ တိုးတက်လာမှုက အရေးမကြီးဘူးလား။ ဒါဆို ငါ့ရဲ့ ပါးနပ်သောလက်က အသုံး မဝင်တော့ဘူးလား"

"ပါးနပ်သောလက်ကတော့ အသုံးဝင်သေးတယ်။ သာလွန်အဆင့် တက်လှမ်းသွားရင် ပါးနပ်သောလက်က နတ်ဆိုးလက်လို့ ခေါ်တဲ့ လျှို့ဝှက်စွမ်းရည်အဖြစ် ပြောင်းလဲ သွားလိမ့်မယ်"

လျန်ယုရှင်းက စိတ်ရှည်စွာ ရှင်းပြသည်။

"နတ်ဆိုးလက်က တော်တော်လေး အသုံးဝင်တဲ့ လျှို့ဝှက်စွမ်းရည် တစ်ခုပဲ"

"ဒါဆို သင့်တော်တဲ့ ကံကြမ္မာမျိုးစေ့ကို ရွေးချယ်ဖို့အတွက် သာလွန် အဆင့် တက်လှမ်းပြီးနောက် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးအဆက်တွေကို ထည့်စဉ်းစားဖို့ လိုတာပေါ့"

လင်းဟွမ်၏ စိတ်ထဲတွင် စိတ်ကူးအသစ်တစ်ခု ပေါ်လာသည်။

"အမှန်ပဲ။ အကောင်းဆုံးကတော့ မင်းရဲ့ အသက်ကို ကယ်တင်နိုင်ဖို့ ဒါမှမဟုတ် အရေးကြီးတဲ့ အခိုက်အတန့်တွေမှာ ကူညီပေးနိုင်တဲ့ အရာမျိုး ဖြစ်ရမယ်။ ဒီလျှို့ဝှက်စွမ်းရည် (၂) ခုက သာလွန်

ဖြစ်လာတဲ့အခါ အသုံး အဝင်ဆုံးအရာတွေ ဖြစ်လာလိမ့်မယ်”

လျန်ယုရှင်းက ခေါင်းငြိမ့်ပြီး ပြောလိုက်သည်။

“ဒါပေမယ့် ဘယ်မျိုးစေ့တွေက သာလွန်အဆင့် ရောက်သွားတဲ့အခါကျရန် ဘယ်လို လျှို့ဝှက် စွမ်းရည်အဖြစ် ဆင့်ကဲ ပြောင်းလဲသွားမလဲ ဆိုတာတော့ ငါ မသိဘူး။ မုဆိုး အဖွဲ့အစည်းကနေ ဒီလို အချက်အလက်တွေ ဝယ်လို့ရပါ့မလား”

လင်းဟွမ်သည် လမ်းပျောက်နေသည်။

"မင်းဆီကို မိတ္တူတစ်စောင် ပို့ပေးလိုက်မယ်။ မင်းရဲ့ ကံကြမ္မာမျိုးစေ့အတွက် စွယ်စုံကျမ်းထဲမှာ ကြည့်လို့ရတယ်"

လျှန်ယုရှင်းသည် ဤကဲ့သို့ ပြောပြီးနောက် တစ်ချက် တုံ့ဆိုင်းသွားသည်။

"တကယ်လို့ မင်းက ကြေးအဆင့် ကံကြမ္မာမျိုးစေ့အကြောင်း ပြောနေတယ်ဆိုရင် မင်းအတွက် ထူးခြားတဲ့ လျှို့ဝှက်စွမ်းရည် ရရှိနိုင်တဲ့ ကြေးအဆင့် မွန်းစတားတစ်ကောင်ကို ငါသိတယ်။ မင်းနဲ့ သင့်တော်ပါ့မလားတော့ ငါ မသိဘူး"

"ပြောလေ"

လင်းဟွမ် စိတ်လှုပ်ရှားသွားသည်။

"အဲဒီ မွန်းစတားကို ရုပ်ဆိုး ရုပ်သေးရုပ် လို့ ခေါ်တယ်။ တိတိကျကျ အစွမ်းထက်တာမျိုးတော့ မဟုတ်ဘူး။ ဒါပေမယ့် ခန္ဓာကိုယ်ကို ပုံရိပ်ယောင် ခန္ဓာကိုယ်နဲ့ အစားထိုးနိုင်တာတော့ သေချာတယ်။ အဲဒီ မွန်းစတားကို သတ်လိုက်ရင် အစားထိုးခြင်း လို့ခေါ်တဲ့ ကံကြမ္မာမျိုးစေ့ကို ရလိမ့်မယ်။ စိတ်ဝိညာဉ်ဒြပ်စင်ပဲ။ အဲဒါရဲ့ စွမ်းအားက ကန့်သတ်ချက်ရှိပြီး သေနိုင်တဲ့ တိုက်ခိုက်မှုတွေကို

လမ်းကြောင်း လွဲဖို့အတွက် တစ်နေ့မှာ သုံးကြိမ် အသုံးပြုနိုင်တယ်။ ပြန်လည် ကုသရေးအစွမ်းပါတဲ့ ကံကြမ္မာ မျိုးစေ့တွေထက် အားနည်းလို့ လူတော်တော်များများ မရွေးချယ်ကြဘူး။ ဒါပေမယ့် မင်းက သာလွန်အဆင့် ရောက်သွားရင် မင်းကို သေခြင်းတရားကနေ လွတ်မြောက်အောင် ကူညီပေးနိုင်တဲ့ လျှို့ဝှက်စွမ်းရည် တစ်ခု ဖြစ်လာလိမ့်မယ်။ အဲ့ဒါက ကြားခံ ခါးစာခံလို့ ခေါ်တယ်။ တစ်နေ့ကို ကိုးကြိမ် အသုံးပြုနိုင်တယ်”

"ကောင်းလိုက်တာ။ ငါ့ရဲ့ စာရင်းထဲ ထည့်ထားလိုက်မယ်"

လင်းဟွမ်အတွက် စွမ်းရည်ချို့တဲ့ခြင်း မရှိပေ။ အစားထိုးခြင်း စွမ်းရည်သည် သာလွန်အဆင့်ကို ရောက်သည်နှင့် ကြီးကျယ်သော လျို့ဝှက် စွမ်းရည်တစ်ခု ဖြစ်လာလိမ့်သည်။

"လျှို့ဝှက်စွမ်းရည်တွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ငါ ပို့ပေးလိုက်မယ်။ အဲဒါတွေကိုကြည့်ပြီး စဉ်းစားလို့ရတာပေါ့"

လျှန်ယုရှင်း ဖုန်းချသွားပြီး သိပ်မကြာခင် လျှို့ဝှက်စွမ်းရည်နှင့် သက်ဆိုင်သော အချက်အလက်များကို ပေးပို့လာခဲ့သည်။

လင်းဟွမ်က သူမကို ကျေးဇူးတင်ကြောင်း မက်ဆေ့ချ်တစ်ခု ပြန်ပို့ပေးလိုက်သည်။

သာလွန်အဆင့်သို့ တက်လှမ်း သွားသောအခါ တိုးတက် ပြောင်းလဲနိုင်သော ကြေးအဆင့် မျိုးစေ့များသည် များများစားစား မရှိပေ။

အခု (၂၀) သာ ရှိသည်။ လင်းဟွမ်သည် စာမျက်နှာများကို လှန်ကြည့် နေသော်လည်း

စိတ်ကျေနပ်မှု မရှိခဲ့ပေ။ နောက်ဆုံးတွင် ကြားခံခါးစခံက သူ၏စိတ်အာရုံကို ဖမ်းစားသွားသည်။

“လျှို့ဝှက်စွမ်းရည် နာမည် - ကြားခံခါးစခံ”

“လျှို့ဝှက် စွမ်းရည်ရဲ့ အကျိုးသက်ရောက်မှု - ရက်စက် ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှုများကို ရှောင်လွဲနိုင်ဖို့အတွက် ခန္ဓာကိုယ်ကို ပုံရိပ်ယောင် ခန္ဓာကိုယ်နဲ့ တစ်နေ့ကို ကိုးကြိမ် အစားထိုးနိုင်တယ်”

“လျှို့ဝှက်စွမ်းရည် ရယူနည်း - အစားထိုးခြင်း ကံကြမ္မာမျိုးစေ့မှ တိုးတက် ပြောင်းလဲလာတယ်”

လင်းဟွမ်သည် လျို့ဝှက်စွမ်းရည် စွယ်စုံကျမ်းထဲမှ အချက်အလက်များနှင့် ကံကြမ္မာ မျိုးစေ့ စွယ်စုံကျမ်းထဲမှ အချက်အလက်များကို နှိုင်းယှဉ် ကြည့်လိုက်သည်။

"ကံကြမ္မာ မျိုးစိတ် နာမည် - အစားထိုးခြင်း"

"စွမ်းရည်ရဲ့ အကျိုးသက်ရောက်မှု - ပြင်းထန်တဲ့ တိုက်ခိုက်မှုများကို ရှောင်လွှဲနိုင်ဖို့အတွက် ခန္ဓာကိုယ်ကို ပုံရိပ်ယောင် ခန္ဓာကိုယ်နဲ့ အစားထိုးနိုင်တယ်။ တနေ့မှာ (၃) ကြိမ်သာ ကန့်သတ်ထားတယ်"

"ကံကြမ္မာမျိုးစေ့ကို ရယူနိုင်တဲ့ နည်းလမ်း - ရုပ်ဆိုးရုပ်သေးရုပ်ကို သတ်ဖြတ်မှုကနေ ရရှိနိုင်တယ်"

"ဒါက အဆင်ပြေတယ်။ ငါနဲ့ သင့်တော်တယ်။ ဒါပဲယူတော့မယ်"

လင်းဟွမ်သည် လျှန်ယုရှင်း အကြံပြုခဲ့သော ကံကြမ္မာမျိုးစေ့ကို ရွေးချယ်ရန် ဆုံးဖြတ်လိုက်သည်။

ကံကြမ္မာ မျိုးစိတ်စွယ်စုံကျမ်းနှင့် လျှို့ဝှက်စွမ်းရည်များအကြောင်း စွယ်စုံကျမ်းကို ပိတ်ပြီးနောက် နှလုံးသားကွန်ရက်ပေါ်တွင် ရုပ်ဆိုး

ရုပ်သေးရုပ်အကြောင်းကို ရှာဖွေပြီး ဖတ်ရှုလေ့လာခဲ့သည်။

"ရုပ်ဆိုး ရုပ်သေးရုပ်က မသေနိုင်တဲ့ မျိုးစိတ်များဖြစ်ပြီး အုပ်စုလိုက်နေထိုင်ကြတဲ့ မွန်းစတားတွေဖြစ်ကြတယ်"

"အခုတလောတော့ မသေနိုင်တဲ့ အသူရာချောက်နက်ကြီးရဲ့ ပထမအထပ်နဲ့ မြူခိုးချောက်ထဲမှာ ပြန့်ပွားနေတယ်"

လင်းဟွမ်သည် မသေနိုင်သော အနက်ရောင် အသူရာ ချောက်ကြီးအကြောင်းကို ကြားဖူးခဲ့သည်မှာ

ကြာနေပြီ ဖြစ်သည်။ သာလွန်အဆင့် လူသားများ သာလျှင် ထိုတားမြစ်နယ်မြေထဲသို့ ဝင်ရောက်ရန် သတ္တိရှိကြပြီး ပြန်ထွက်လာနိုင်ခြင်း ဖြစ်သည်။

လင်းဟွမ်သည် မြူခိုးချောက်ကမ်းပါး၊ မေ့ပျောက်ခြင်း နယ်မြေအကြောင်းကို တစ်ခါမှ မကြားဖူးသဖြင့် လေ့လာမှုများ ပြုလုပ်ခဲ့သည်။ မေ့ပျောက်ခြင်း နယ်မြေသည် အဖွဲ့ခွဲ (၇) တွင် တားမြစ်နယ်မြေ ဖြစ်ကြောင်း သိလိုက်ရသည်။ ထိုနယ်မြေထဲသို့ စွန့်စား ရှာဖွေခဲ့ကြသော သာလွန်လူသားများ အပါအဝင်

လူတော်တော်များများသည် ပျောက်ကွယ်သွားကြသည်။ ပြန်ထွက်လာနိုင်ခဲ့သော လူများသည် သဲကန္တာရ ဖြစ်သည်ဆိုသော အချက်မှလွဲ၍ ကျန်သည့်အချက်များကို မည်သူမျှ မပြောနိုင်ကြပေ။

မြူခိုးချောက်ကမ်းပါးကမူ အဆင့် (၄) တောရိုင်းဇုန် ဖြစ်သည်။

လင်းဟွမ်သည် (၂) ခါပြန် မတွေးတော့ဘဲ မြူခိုးချောက်ကမ်းပါးကို ဦးတည်ရာအဖြစ် ရွေးချယ်လိုက်သည်။ အသက် မဆုံးရှုံးချင်သလို ဒီကမ္ဘာကြီးအကြောင်းကိုလည်း သိပ်မသိပေ။

ရွှေလက်ချောင်း စနစ်ဖြင့် သင်ယူလျှင်ပင် ကြီးထွားရန်အတွက် အချိန်အကြာကြီး လိုအပ် နေသေးသည်။ ဦးတည်ရာ နေရာကို ရွေးချယ်ပြီးနောက် လာမည့်ရက်များတွင် ပြည့်ပြည့်ဝဝ အနားယူခဲ့သည်။

လင်းရှင် ကျောင်းပြန်တက်သော အခါမှသာ ထွက်ခွာရန် စီစဥ်ခဲ့သည်။

တစ်ပတ်ကျော် ကြာသွားသည်။

လင်းရှင်၏ ကျောင်းပြန်မဖွင့်ခင် နှစ်ရက် အလိုတွင် လင်းဟွမ်သည် ဆက်သွယ်ရေးစက်မှ ဗီဒီယိုဖုန်း ခေါ်ဆိုမှုတစ်ခုကို လက်ခံရရှိခဲ့သည်။

ဖက်တီး ယင်ဟွာကျင်းက ဖုန်ခေါ်နေခြင်းပင်။

လင်းဟွမ် ဖုန်းကိုင်လိုက်သည်။

"ညီအစ်ကို ဘာကိစ္စလဲ"

ဖက်တီး၏ ဝတုတ်တုတ် မျက်နှာက မျက်နှာပြင် တစ်ခုလုံး သိမ်းပိုက်ထားသည်။

"အသက်တူ၊ ရွယ်တူပဲ။ ဒါပေမယ့် မင်းက ကိုယ်အလေးချိန် တက်နေပြီ ထင်တယ်။

လင်းဟွမ်သည် ဖက်တီးဆိုသော အကောင်သည် မျက်နှာကြီးမှန်း သိသော်လည်း ဘာကြောင့် ဖုန်းကင်မရာနှင့် ကပ်ပြီး ယခုလို ပြောနေမှန်း မသိပေ။

"မင်းက အမှန်အတိုင်း မပြောရင် အသတ်ခံရမှာ မဟုတ်လို့လား"

ဖက်တီးက ပြန်ချေပသည်။

"ဟုတ်ပါပြီ ငါပဲ အရှုံးပေးပါတယ်"

"စောက်ကျိုးနည်း။ စကားတောင် ကောင်းကောင်း ပြောလို့မရဘူး။ ကဲ ကောင်းပြီ ကောင်းပြီ။ ငါ အခု အကူအညီ လိုနေတယ်"

"ပြောပါအုံး၊ ဘာလဲ"

လင်းဟွမ်သည် အနည်းငယ် စိတ်ပူသွားသည်။

"ငါ ကြေးအဆင့် တက်လှမ်းတော့မယ်။ မင်းဆီက အကူအညီ လိုနေလို့။ မင်းက သံအဆင့် ဖြစ်နေပြီ။ ငါခန့်မှန်းတာ မှန်တယ် မဟုတ်လား"

“ဘယ်တော့လဲ”

ဖက်တီးက သူ့ကဲ့သို့ အဆင့်တက်လှမ်းရန် ပြင်ဆင်နေသောကြောင့် လင်းဟွမ်သည် မမျှော်လင့်ထားသဖြင့် အံ့အောသင့်သွားသည်။

“လာမယ့် (၃) ရက်ကနေ (၅) ရက် အတွင်း၊ ငါ့ကိုယ်ငါ ပြင်ဆင်ဖို့ (၂) ရက်လောက်တော့ အချိန်ယူရမယ်”

လင်းဟွမ်က မျက်မှောင် ကြုတ်လိုက်သည်။ ဖက်တီးသည် လင်းဟွမ်၏အမူအရာကို သတိထားလိုက်မိပြီး

"မင်းမှာ တစ်ခုခု လုပ်စရာရှိရင် ငါ တခြားတစ်ယောက်ကိုပဲ အကူအညီ တောင်းလိုက်မယ်။ စိတ်ထဲမထားနဲ့ အဲ့ဒါက ဘာမှမဟုတ်ဘူး။ ငါ့အတွက် စိတ်မပူနဲ့"

"ဘာမှ မဟုတ်ပါဘူး။ ငါ့ရဲ့ကိစ္စတွေကို ရွှေ့ထားလို့ ရပါတယ်။ ဒါနဲ့ မင်းရွေးချယ်ထားတဲ့ နေရာက ဘယ်နေရာလဲ"

လင်းဟွမ်က ဖက်တီးကို အာမခံလိုက်သည်။

"တည်နေရာက မြို့ခိုး ချောက်ကမ်းပါးလို့ခေါ်တဲ့ အဆင့် (၄) တောရိုင်းဇုန်ပဲ။ ငါ ရွေးချယ်ထားတဲ့

ကံကြမ္မာမျိုးစေ့ သားကောင်မွန်းစတားက ရုပ်ဆိုး ရုပ်သေးရုပ်ပဲ။ မင်းအရင်က မကြားဖူးဘူးဆိုတာ ငါ သေချာတယ်။

လင်းဟွမ်သည် ဖက်တီးက သူနှင့် တူညီသော ကံကြမ္မာ မျို့စေ့ မွန်းစတားကို ရွေးချယ်ထားလိမ့်မည်ဟု မထင်ထားမိချေ။

## အခန်း(၁၂၂) - ဖက်တီးနှင့် ပြန်ဆုံခြင်း။

"အခု ငါမင်းကို ပြောပြမယ့် အကြောင်းအရာကို ဘယ်သူ့မှ ပြန်မပြောနဲ့နော်။ ရုပ်ဆိုး ရုပ်သေးရုပ်ရဲ့ အစားထိုးခြင်း ကံကြမ္မာမျိုးစေ့က အဲဒီလောက် အစွမ်းထက်တဲ့ပုံစံ မရှိဘူး။ ဒါပေမယ့် ငါက သာလွန်အဆင့်ကို ရောက်သွားတာနဲ့ အဲဒီ ကံကြမ္မာမျိုးစေ့ရဲ့ အစွမ်းက လျှို့ဝှက်စွမ်းရည် အဖြစ် ပြောင်းလဲသွားလိမ့်မယ်။ မင်းရဲ့ အသက်ကို ကယ်တင်နိုင်မယ့် ကံကြမ္မာမျိုးစေ့မျိုးကို ရွေးချယ်ဖို့

ငါတော့ အကြံပေးချင်တယ်။ မင်းက အနာဂတ်မှာ ကြေးအဆင့်ကို တက်လှမ်းတဲ့အခါကျရင် ငါနဲ့ အမျိုးအစားတူတဲ့ ကံကြမ္မာမျိုးစေ့ကို ရွေးချယ်ပါ။ တော်ဝင်မျိုးနွယ်ကလာတဲ့ ငါ့ညီဆီကရတဲ့ ခိုင်မာတဲ့ သတင်းအချက်အလက် တစ်ခုပဲ”

ဖက်တီးသည် လင်းဟွမ်ကို ဤသတင်းအား ပြောပြနေစဉ် သူ့အသံကို ရည်ရွယ်ချက်ရှိရှိ လျှော့ချထားပြီး တိုးတိုးလေး ပြောလိုက်သည်။

လင်းဟွမ်သည် ဖက်တီးနှင့် အတူတူ မြူခိုးချောက်ကမ်းပါးထဲသို့ သွားပြီး ကြေးအဆင့်ကို

အတူတူ တက်လှမ်းလိုက်ပါက သူ့၏ လျင်မြန်လှသော အဆင့်တက်မှု အမြန်နှုန်းကို မဖုံးထားနိုင်သောကြောင့် ဖက်တီးသည် တအံ့တသြ ဖြစ်နေမှာ သေချာသည်။

"ဘာမှတော့ မဖြစ်ပါဘူး။ ဖက်တီးကို အဆင့်တက်ခိုင်းလိုက်မယ်။ ပြီးမှ ယုံကြည်အောင် ပြောပြီး ပြန်လွှတ် လိုက်မယ်။ မြူခိုးခြောက်ကမ်းပါးထဲမှာ ငါ တစ်ယောက်တည်း ကျန်နေခဲ့လို့ ရတာပဲ"

လင်းဟွမ်သည် စိတ်ထဲမှ တွေးလိုက်သည်။

"ဒီသတင်း အချက်အလက်တွေက အလွယ်တကူရတာ မဟုတ်ဘူး။ မင်းက ငါ့ရဲ့ ညီအကိုဖြစ်နေလို့ ငါပြောတာနော်။ ငါက အကောင်းဆုံးပဲ မဟုတ်လား"

ဖက်တီးက ကိုယ့်ကိုယ်ကို အမွှန်းတင်လိုက်သည်။

"ကောင်းပြီ။ မင်းရဲ့ တာဝန်ပြီးဆုံးအောင် ငါ ကူညီပေးမယ်။ ပြီးရင် ငါတော့ ခဏကျန်ခဲ့မယ် မင်းက ပြန်သွားလို့ရတယ်"

လင်းဟွမ်က အဆိုပြုလိုက်သည်။

“ကြားရတာတော့ အစီအစဥ် တစ်ခုခု ရှိနေသလိုပဲ။ မင်းနဲ့ ဆက်သွယ်ရမယ့် အသေးစိတ် အချက်အလက်တွေ ငါ့ကိုပေး။ အာကာသယာဥ် လက်မှတ်တွေ ကြိုမှာ ထားလိုက်မယ်။ တစ်ရက်ကြိုပြီး ပချီမြို့မှာ ဆုံကြမယ်”

ဖက်တီးသည် လင်းဟွမ်ထံမှ အကူအညီ တောင်းခဲ့ကတည်းက လက်မှတ်ဖိုး ဒကာခံရန် ဆုံးဖြတ်ထားသည်။

“ရပါတယ်။ မင်းကို မကူညီရရင်တောင် လက်မှတ်ဝယ်ဖို့ စဉ်းစားထားပါတယ်။ ဘာပဲဖြစ်ဖြစ် ငါလည်း ဒီရက်ပိုင်းအတွင်း အဲဒီကို သွားရမှာပဲ”

လင်းဟွမ်က ဖက်တီး၏ စေတနာကို ငြင်းလိုက်သည်။

“ငါတို့ အဲ့ဒီကိုရောက်တာနဲ့ မင်းကို ကောင်းကောင်း ချက်ကျွေးမယ်”

ဖက်တီးသည် လင်းဟွမ်၏ကြင်နာမှုကို ပြန်ပေးဆပ် ချင်နေသည်။

"နောက် တစ်ပတ်ကျမှ တွေ့ကြမယ်"

လင်းဟွမ်က ဖုန်းချလိုက်သည်။

"အကို ခုနက ဖုန်းပြောနေတာ ဘယ်သူလဲ"

လင်းရှင်သည် အောက်ထပ်မှ ပါဆယ် တစ်ထုတ်ကို ကောက်ကိုင်လိုက်စဉ် ဗီဒီယိုဖုန်း ပြောနေသော လင်းဟွမ်ကို တွေ့လိုက်ရသည်။

"ငါ့ သူငယ်ချင်းပါ။ နောက်တစ်ပတ်မှာ မြူခိုး ချောက်ကမ်းပါးထဲကို သူနဲ့ လိုက်ခဲ့ဖို့ တောင်းဆိုနေတယ်။"

"ဝေးလား"

လင်းရှင်သည် ထိုနေရာကို တခါမှ မကြားဖူးပေ။

"ရက် (၂၀) ကျော် လောက်တော့ ကြာလိမ့်မယ်။ သူက ကြေးအဆင့် တက်လှမ်းဖို့အတွက် အကူအညီ လိုအပ်နေတယ်။ နောက်ပြီးတော့ ငါသွားမယ့်နေရာနဲ့ အတူတူ ဖြစ်နေတော့ ငါလည်း သဘောတူလိုက်တယ်"

"အမ်....."

လင်းရှင်သည် ဝမ်းနည်းသွားပုံ ရသည်။

"အစားအသောက်နဲ့ နေ့စဉ်သုံးဖို့ အတွက် ပိုက်ဆံပေးခဲ့မယ်။ စက်တင်ဘာလကုန်မှ ပြန်ရောက်လိမ့်မယ်။ ဘာပဲဝယ်ဝယ် ပိုက်ဆံအတွက် စိတ်မပူနဲ့"

ထို့နောက် လင်းဟွမ်သည် သူမထံသို့ အကျိုးဆောင်အမှတ် (၁) သန်း လွှဲပေးလိုက်သည်။

"(၁) သန်းလား"

လင်းရှင်သည် တုန်လှုပ်သွားသည်။

"အရမ်း များတယ်"

“လုံး၀ မများပါဘူး။ မင်းအကိုက သံအဆင့် မှဆိုးတစ်ယောက် ဖြစ်နေပြီ။ သံအဆင့်ရှိတဲ့ မွန်းစတား အသေကောင် တစ်ကောင်ကို အကျိုးဆောင်အမှတ် တစ်သောင်းနဲ့ ရောင်းချလို့ ရတယ်။ ကြေးအဆင့်ရှိတဲ့ မွန်းစတားကတော့ အနည်းဆုံး တစ်သိန်းလောက် ရတယ်။ လမ်းလျှောက်နေရင်း မိနစ်ပိုင်းလောက်နဲ့ တစ်သန်းလောက် ရနိုင်ပါတယ်ကွာ”

လင်းဟွမ်သည် မုဆိုး ဖြစ်လာပြီးကတည်းက အကျိုးဆောင်အမှတ်အတွက် စိုးရိမ်စရာ

မလိုတော့ချေ။ ယခုမူ သူ၏စိုးရိမ်မှုသည် ကံကြမ္မာ သလင်းကျောက် ဖြစ်လာခဲ့သည်။ အကျိုးဆောင်အမှတ် တစ်သန်းသည် (၁၀)နှစ် တန်သော ကံကြမ္မာသလင်းကျောက် တစ်တုံးနှင့် တန်ဖိုးခြင်း ညီမျှသည်။

"မုဆိုးလုပ်တာက ငွေရှာကောင်းတဲ့ အလုပ်လား"

လင်းရှင်သည် မုဆိုးများက ဝင်ငွေ ကောင်းကြောင်း သိသော်လည်း မည်မျှရသည်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိပေ။ ယခုမူ

မုဆိုးအားလုံး ဘာကြောင့် ဤမျှ ချမ်းသာနေကြလဲ ဆိုသည်ကို သူမ နားလည်လာခဲ့ပြီ။

“ငါလည်း မု ဆိုး ဖြစ်ချင်တယ်”

“ဘာဖြစ်လို့ ပြိုင်ဆိုင်နေမှာလဲ။ မင်းရဲ့ ကျောင်းစာကိုပဲ အာရုံစိုက်ထား။ မင်းက အထင်ကရ ကျောင်းကနေ ဘွဲ့ရခဲ့ရင် ငါ့ထက်ပိုကောင်းတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်လိမ့်မယ်”

လင်းဟွမ်သည် သူ့ညီမ၏ခေါင်းကို ပွတ်သပ်ရင်း ပြောလိုက်သည်။

"အဲဒါဆို ငါ့အခန်းထဲ ပြန်ပြီး သေနတ်ပစ်စွမ်းရည် လေ့ကျင့်လိုက်အုံးမယ်"

"အနားယူဖို့လည်း မမေ့နဲ့ ။ အကောင်းဆုံးဖြစ်ချင်ရင် အရာအားလုံးကို မျှခြေဖြစ်အောင် ထိန်းထားနိုင်ဖို့ လိုတယ်"

လင်းဟွမ်က ညီမဖြစ်သူကို သတိပေးလိုက်သည်။

"ဟုတ်ကဲ့"

လင်းရှင်က အပေါ်ထပ်သို့ တက်သွားရင်း ပြန်အော်ခဲ့သည်။

(၃) ရက်ကြာပြီးနောက် လင်းရှင်၏ နွေရာသီ အားလပ်ရက် ပြီးဆုံးသွားခဲ့သည်။ သူမသည် တန်ပြန်မုဆိုး ကောလိပ်၏ ဘွဲ့ကြိုအတန်းကို တရားဝင် တက်ရောက်ခဲ့သည်။

စီစဉ်ထားသည့်အတိုင်း လင်းဟွမ်သည် မြူခိုးချောက်ကမ်းပါး ထဲသို့ မဝင်မီ တစ်ရက်ကြိုပြီး သွားခဲ့သည်။

ဗဟိုပလာဇာ အနီးရှိ ဟိုတယ်တစ်ခုသို့ဝင်ကာ ယင်ဟွာကျင်းထံ ဖုန်းခေါ်လိုက်သည်။

"ငါအခု ဒီရောက်နေပြီး မင်းဘယ်မှာလဲ။"

ဖက်တီးက အပ်ချင် မူးတူးအသံနှင့် ပြန်ပြောလာသည်။

"ငါ တရေးတမောအိပ်ပြီး ပြန်နိုးတာနဲ့ မင်းဆီ ဖုန်းဆက်ဖို့ စဥ်းစားနေတာပဲ။ ငါ့ဟိုတယ်ကိုလာခဲ့ ငါ့အခန်းထဲမှာ ကုတင်အလွတ် ကျန်သေးတယ်"

"ငါ အခန်း ယူထားပြီးပြီ"

လင်းဟွမ်၏ လေသံသည် ဖက်တီးနှင့် တစ်ခန်းတည်း အိပ်ချင်ပုံ မရချေ။

"မြန်လိုက်တာ အခု မင်းက ဘယ်ဟိုတယ်မှာလဲ"

ဖက်တီးက မေးလိုက်သည်။

"ငါက ယ္ဘီမန်ဟိုတယ်မှာ မင်းကရော"

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ငါလဲ ယ္ဘီမန်ဟိုတယ်မှာ"

ဖက်တီးက စိတ်လှုပ်ရှားသွားသည်။

အများအားဖြင့်တော့ မုဆိုးများသည် ဇဟို ပလာဇာ အနီးအနားက ဟိုတယ်သုံးခုကိုသာ ရွေးချယ်တတ်ကြသဖြင့် လင်းဟွမ်သည် အံ့အောသွားခြင်း လုံးဝ မရှိပေ။

"မင်း ဘယ်အထပ်မှာလဲ"

ဖက်တီးက မေးလိုက်သည်။

“(၁၇) ထပ်မှာ မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ”

“မင်းဆီ လာဖို့လေ။ ငါက (၂၉) ထပ်မှာ ရှိနေသေးတယ်။ ခဏစောင့် မင်းဆီလာခဲ့မယ်”

ဖက်တီးက အခန်းနံပါတ် လှမ်းမေးသည်။

“အခန်းနံပါတ် (၁,၇၂၁)”

လင်းဟွမ်သာ သူ့အခန်းနံပါတ်ကို မပြောခဲ့ပါက ဖက်တီးက သူ့အခန်းကိုရှာရန် တံခါးတိုင်း လိုက်ခေါက်နေမှာ သေချာသည်။

သိပ်မကြာခင် ဖက်တီး၏ တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ဖက်တီးသည် လင်းဟွမ်ကို ပြေးဖက်ရန် ကြိုးစားခဲ့သော်လည်း လင်းဟွမ်က လှုပ်ရှားမှု စွမ်းရည်ကို အသုံးပြုပြီး ရှောင်လိုက်သည်။

“ဝိုး၊ လှုပ်ရှားမှုစွမ်းရည်က ကောင်းလှချည်လား၊ အခု ဘယ်အဆင့် ရောက်နေပြီလဲ”

“သံအဆင့် (၂) လင်းဟွမ်က လိမ်လိုက်သည်။

“စောက်ရမ်း မြန်တယ်”

လင်းဟွမ်သည် မကြာခင်ကမှ သံအဆင့်သို့ တက်လှမ်းခဲ့ပြီး သံအဆင့်(၂)သို့ ရောက်ရန် အချိန်အနည်းငယ်သာ ယူခဲ့ရသည်ဟု ဖက်တီးက ထင်နေသည်။

"ငါ့မှာ ပါရမီပါနေတယ်ကွာ။ ဒါနဲ့ပတ်သက်ပြီး ငါလည်း ဘာမှမတတ်နိုင်ဘူး ဖြစ်နေတယ်"

လင်းဟွမ်က ကြွားလုံးထုတ်လိုက်သည်။

"အခုလက်ရှိ မင်းက ဘယ်ကံကြမ္မာစွမ်းရည်ကို လေ့ကျင့်နေတာလဲ"

"စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်"

လင်းဟွမ်က ထုတ်ပြောလိုက်သည်။

"ဒါက ဈေးကြီးတယ်။ မင်းက ငါ့ကို ဆင်းရဲတယ်လို့ မပြောခဲ့ဘူးလား"

ဖက်တီးသည် လင်းဟွမ်က ခရီးဆောင်တဲတစ်လုံးပင် မတတ်နိုင်ခဲ့ကြောင်း ပြန်တွေးလိုက်မိသည်။

"မွန်းစတား ကျူးကျော်မှုကို ခုခံလို့ဆိုပြီး ပြည်ထောင်စု အစိုးရက ဆုပေးခဲ့တာပဲ။"

လင်းဟွမ်က ပြုံးပြီး ပြန်ပြောလိုက်သည်။

"တောက် ဘာဖြစ်လို့ ငါ မဖြစ်ရတာလဲ"

ဖက်တီးသည် ထိုအကြောင်းကို တွေးပြီး ခေါင်းခါလိုက်သည်။

"ငါ့ရဲ့ ကံကြမ္မာစွမ်းရည်က အသုံးမကျဘူး။ မင်းလောက် အရည်အချင်း မရှိဘူး။ ငါသာ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်ရင် တခြား ကံကြမ္မာစွမ်းရည်တွေ လေ့ကျင့်တာထက် ပိုဆိုးလိမ့်မယ်။ မင်း အတွက်ကတော့ မတူဘူး။ အဆင့်(၆) အထိ လေ့ကျင့်နိုင်ရန် အဆုံးစွန်ဆုံး

ကံကြမ္မာ စွမ်းရည်တွေနဲ့ ရင်ဘောင်တန်းပြီး ယှဉ်ပြိုင်နိုင်လိမ့်မယ်”

“အဆုံးစွန် ကံကြမ္မာစွမ်းရည်ကို ယှဉ်နိုင်တဲ့ အချက်ကလည်း ငါ လေ့ကျင့်ဖြစ်တဲ့ အကြောင်းအရင်းပဲ”

လင်းဟွမ်သည် ဖက်တီးကို ကြည့်လိုက်သော်လည်း စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့် (၈)အထိ လေ့ကျင့်ထားကြောင်း မပြောချင်ပေ။

ဖက်တီးနှင့် ခဏမျှ စကားပြောပြီးနောက် ဖက်တီးက

"အခု ငါ့အခန်းထဲကို ပြန်လိုက်အုံးမယ်။ (၅) နာရီလောက်မှ သွားကြတာပေါ့။ ညစာ အတူတူ စားရအောင်။ ငါ ဒကာခံမယ်"

နေ့လည် (၂) နာရီခန့်တွင် ဖက်တီး ပြန်ထွက်သွားသည်။

လင်းဟွမ်သည် မြူခိုးချောက်ကမ်းပါးထဲရှိ မွန်းစတားများနှင့် ပက်သက်သော အချက်အလက်အချို့ကို ဖတ်နေလိုက်သည်။

မကြာခင် (၅) နာရီ ထိုးသွားကာ ဖက်တီး ပြန်ရောက်လာသည်။

"မင်း ဘာစားချင်လဲ"

"အရသာရှိရင် ဘာမဆိုရတယ်"

လင်းဟွမ်က ဇီဇာ မကြောင်တတ်ပေ။

"ထမင်းစားတာမျိုး တစ်ခုခု မျှော်လင့်ထားတယ်ဆိုရင် ဆိုင်တစ်ခု လိုက်ပို့ပေးမယ်။"

ဖက်တီးက လက်ဇော့ယမ်း ပြလိုက်ပြီး

"ငါနဲ့လိုက်ခဲ့"

(၁၀) မိနစ်ခန့် လမ်းလျှောက်ပြီးနောက် 'ဩဒ့်သည်ဟိုတယ်' ဟူခေါ်သော ဟိုတယ်တစ်ခုကို ရောက်လာကြသည်။

လင်းဟွမ်သည် ဤဟိုတယ်လုပ်ငန်းစု အကြောင်းကို ကြားဖူးသည်။ ဒါသည် ကြီးမားသော လုပ်ငန်းအဖွဲ့ကြီးဖြစ်ပြီး ပချီမြို့တွင် ရုံးချုပ်အဖြစ် အခြေစိုက်ထားသည်။

လင်းဟွမ်သည် ဖက်တီးနောက်မှ လိုက်လာခဲ့ရာ ဟိုတယ် ဝန်ထမ်းများက ဖက်တီးကို

နှုတ်ဆက်ကြကြောင်း တွေ့လိုက်ရသည်။ ပုံမှန်ဖောက်သည် ဖြစ်နိုင်သည်ဟု ထင်နေခဲ့သည်။

သီးသန့် အခန်းထဲသို့ လျှောက်သွားကြသည်။ လင်းဟွမ်က လက်ဖက်ရည် သောက်နေစဉ် ဖက်တီးက ဟင်းပွဲများ မှာယူလိုက်သည်။

ခဏကြာသောအခါ လင်းဟွမ်က ခွင့်တောင်းပြီး သန့်စင်ခန်းသို့ သွားလိုက်သည်။

သန့်စင်ခန်းသို့ သွားရာလမ်းတွင် စားဖိုမှူး ယူနီဖောင်း ဝတ်ဆင်ထားသော အမျိုးသားတစ်ဦး သန့်စင်ခန်းထဲမှ ထွက်လာသည်ကို မြင်လိုက်ရသည်။

သူသည် ဖက်တီးနှင့်အလွန်တူပြီး အသက်ပိုကြီးပုံရပြီး အသက် (၄၀) ခန့်ရှိသည်။ လင်းဟွမ်အတွက် တော်တော်လေး ထူးဆန်းသွားသည်။

လင်းဟွမ်သည် ပြန်ရောက်သောအခါ မနေနိုင်ဘဲ ဖက်တီးကို လှမ်းမေးလိုက်သည်။

"ဖက်တီး ဟိုတယ်စားဖိုမှူးက မင်းအမျိုးလား"

"ဘာလို့လဲ"

ဖက်တီးက ခေါင်းမော့ကာ မေးလိုက်သည်။

လင်းဟွမ်သည် စောစောက တွေ့ခဲ့သော လူလတ်ပိုင်း စားဖိုမှူးအကြောင်းကို ပြောပြလိုက်သည်။

“ဒါဆို မင်းကငါ့အဖေနဲ့ တွေ့လာခဲ့တာပဲ။ သူက ဒီနေ့ ဒီမှာမရှိဘူး ထင်နေတာ မင်းကံကောင်းတာပဲ”

ဖက်တီးက ရှေ့နောက် မစဉ်းစားဘဲ ပြောလိုက်သည်။

“မင်းအဖေက စားဖိုမှူးလား”

လင်းဟွမ်သည် ဖက်တီး၏ မိသားစုအကြောင်းကို ဘာမှမသိပေ။

"ဟိုတယ် ပိုင်ရှင်လည်း ဟုတ်တယ်"

ဖက်တီးက ရှင်းပြသည်။

"အမ် အဲဒီလိုလား"

လင်းဟွမ်သည် စားဖိုမှူးတစ်ယောက်က မည်မျှပဲ ဝင်ငွေကောင်းနေပါစေ သံအဆင့်ထိ မြှင့်တင်ရန် မလုံလောက်ဘူးဟု ထင်နေခဲ့သည်။ သူ့အဖေသာ

ဟိုတယ်ပိုင်ရှင် ဖြစ်နေပါက အရာအားလုံး အဓိပ္ပါယ်ရှိသွားသည်။

“ထိုင်နေအုံး၊ မီးဖိုခန်းထဲသွားပြီး အဖေ့ကို အကောင်းဆုံးဟင်းတွေ ချက်ခိုင်းလိုက်အုံးမယ်။ မင်းကြိုက်မှာ သေချာတယ်”

လင်းဟွမ်သည် ဖက်တီး၏လက်ရာကို မြည်းစမ်းခဲ့ဘူးသည်။

သူ့အဖေထံမှ သင်ယူထားခဲ့ခြင်း ဖြစ်နိုင်သည်။ လင်းဟွမ်သည် ဖက်တီး၏အဖေ ပြင်ဆင်ပေးသော အစားအစာကို စားချင်နေသည်။

ဖက်တီးသည် မီးဖိုခန်းဘက်သို့ ထွက်သွားပြီး (၁၀)မိနစ်ခန့် ကြာသောအခါ ပြန်ရောက်လာပြီး လင်းဟွမ်ကို ပြောလိုက်သည်။

"ဒီနေ့ ငါ့အဖေက ပချီမြို့မှာ လုပ်စရာရှိလို့ ဟိုတယ်မှာ ဆင်းနေခဲ့တာပဲ။ ဟိုတယ်မှာ လူများနေတာမြင်လို့ ကူညီဖို့ ဆုံးဖြတ်လိုက်တယ်။ မင်းတော့ ကံကောင်းတာပဲ"

"ငါ့အဖေက ဒီနေရာကို ပိုင်တယ်ဆိုပေမယ့် ငါစားတဲ့အခါတိုင်း ပိုက်ဆံပေးရတယ်။ ဈေးတောင် မလျှော့ပေးဘူး။ ဒါက ငါ့အဖေချမှတ်ထားတဲ့

စည်းကမ်းပဲ။ ဒါပေမယ့် ဒီနေတော့ ငါ့အဖေက ဒီထမင်းဝိုင်းကို အခမဲ့လို့ ပြောလိုက်တယ်”

လင်းဟွမ်သည် ရှက်သွားပြီး

“စည်းကမ်း ချိုးဖောက်တာ အဆင်မပြေဘူး မဟုတ်လား”

“အဲဒီလို မဟုတ်ဘူး။ ဘောလ်ကို သူ့စာရင်းထဲ ထည့်လိုက်တာပဲ။ သူ့အကြောင်း ငါ ကောင်းကောင်းသိတယ်”

ဖက်တီးက ပြောလိုက်သည်။

ခဏအကြာ ဟင်းပွဲများ ရောက်လာသည်။ အစားအသောက် အပိုင်းကတော့ ရိုးရှင်းပြီး သေးငယ်သည်။ ဟင်း (၃) ပွဲနှင့် ပန်းကန် တစ်ခွက်သာပါသော်လည်း လင်းဟွမ်သည် ဖက်တီး၏အဖေက ဤကဲ့သို့ ပြင်ဆင်ရန် အများကြီး ကြိုးစားခဲ့ကြောင်း ပြောပြနိုင်သည်။

တစ်လုတ် စားကြည့်လိုက်ရာ ဆွေမျိုးပါ မေ့သွားသည်။ လင်းဟွမ်သည် 'တည်ငြိမ်သော နေထိုင်ရာ' ဟိုတယ်တွင်သာ ဤကဲ့သို့ ကောင်းမွန်သော အစားအသောက်များကို

စားခဲ့ဖူးသည်။ လင်းဟွမ်သည် ဖက်တီးအဖေ၏ ဟင်းချက်စွမ်းရည်ကို အထင်ကြီးသွားသည်။

ညစာစားပြီးသောအခါ ဖက်တီး၏အဖေက သူတို့နှင့် တွေ့ဆုံသည်။

လင်းဟွမ်သည် ဖက်တီးအဖေက သူတို့ကို အကောင်းဆုံးများ ပေးခဲ့ကြောင်း သိလိုက်သည်။ ဒါသည် ဖက်တီးကို ဂရုစိုက်သောကြောင့် ကျေးဇူးတင်သော ညနေစာ ဖြစ်သည်။

"စိတ်မပူနဲ့ ဖက်တီးကို တစ်ကိုယ်လုံး အပြည့်အစုံ ပြန်ပါလာအောင် ပြန်ခေါ်လာခဲ့ပေးမယ်"

လင်းဟွမ်သည် စိတ်ထဲမှ တွေးလိုက်သည်။

## အခန်း(၁၂၃) - လင်းဟွမ်၏ ရည်မှန်းချက်။

စက်တင်ဘာလ (၂)ရက်နေ့....

ပချီမြို့တွင်နေသော နေတစ်နေ့ ဖြစ်သည်။

နတ်ဆိုး သလင်းကျောက် အာကာသယာဉ်သည် မနက်ရှစ်နာရီတွင် ဗဟိုပလာဇာပေါ်သို့ ဆင်းသက်လာသည်။ မတူညီသော လမ်းကြောင်းမှ လာကြသော အခြား နတ်ဆိုးသလင်းကျောက်

အာကာသယာဉ်များလည်း ထိုတစ်နေရာတည်းတွင်သာ ဆိုက်ကပ်ကြသည်။

လင်းဟွမ်နှင့် ယင်ဟွာကျင်းတို့သည် လက်မှတ်များကို စကန် ဖတ်ပြီးနောက် အာကာသယာဉ်ပေါ်သို့ တက်လာကြသည်။ သူတို့သည် အခန်းများသည် အထပ် မတူကြဘဲ လင်းဟွမ်၏အခန်းသည် ခြောက်ထပ်တွင် ရှိပြီး ယင်ဟွာကျင်း၏ အခန်းက ရှစ်ထပ်တွင် ဖြစ်နေသည်။ သို့သော် ဖက်တီးသည် လင်းဟွမ်နှင့် အတူနေရခြင်းကို နှစ်သက်သည်။ အိပ်စက်သည့်

အချိန်မှလွဲ၍ အချိန်အများစုကို လင်းဟွမ်၏ အခန်းထဲတွင် ကုန်ဆုံးခဲ့သည်။

"ဟော့ ဖက်တီး၊ မင်းအဖေရဲ့ ဟိုတယ်တွေကို တစ်နေ့ အမွေဆက်ခံဖို့ စဉ်းစားထားလား"

လင်းဟွမ်သည် စိတ်အနှောက်အယှက် ဖြစ်နေသည်။

"အစားအသောက်တွေကို သာမန်စားဖိုမှူးတွေက အကန့်အသတ်နဲ့ပဲ ကိုင်တွယ်ခွင့်ရှိတယ်။ ငါက အစားအသောက် မှုဆိုးတစ်ယောက် ဖြစ်လာရင်

ပိုအရသာရှိတဲ့ အစားအစာတွေ ပြုလုပ်မယ်။ အဲ့ဒါက အစားအသောက်လုပ်ငန်းမှာ ငါ့ရဲ့စိတ်ဆန္ဒပဲ”

ဖက်တီးက ရှင်းပြသည်။

“ငါ့အဖေက သူ့ထက်တောင် ပိုကောင်းအောင် လုပ်နိုင်မယ်လို့ မျှော်လင့်ပြီး အစားအသောက်မုဆိုး ဖြစ်လာအောင် အပြည့်အဝ ထောက်ပံ့ အားပေးနေတယ်။ မင်းကရော ဘာလို့ မုဆိုး ဖြစ်ချင်တာလဲ”

ဖက်တီးက ပြန်မေးလိုက်သည်။

"ငါက ငါ့ရဲ့ကံကြမ္မာကို သူများလက်ထဲ ထည့်ထားရတာမျိုး မကြိုက်ဘူး။ ဝပ်ကျင်းစခန်းက တစ်ရာ ရာခိုင်နှုန်း မလုံခြုံဘူး။ (စီ) အဆင့် ဝတ်ကျင်းတွေမှာတောင် သူတို့ကို စောင့်ရှောက်ပေးနေတာက သာလွန်လူသားတွေပဲ။"

" နောက်ပြီးတော့ သာလွန်အဆင့် ဆိုတာကလဲ လူသားတွေပဲ တိုက်ပွဲထဲမှာ အမှားလုပ်မိပြီး သေနိုင်တယ်။ ငါ့ရဲ့အသက်ကို သာလွန်တွေလက်ထဲ ထည့်ထားမဲ့အစား ကိုယ့်ဘဝကိုကိုယ် ချုပ်ကိုင်တာမျိုး ပိုဖြစ်ချင်တယ်။ ဒါကြောင့် ကိုယ့်ကိုကိုယ်ရော

ပတ်ဝန်းကျင်မှာ ရှိတဲ့လူတွေကိုပါ ကာကွယ်ပေးနိုင်ဖို့ ပို သန်မာချင်တယ်”

လင်းဟွမ်သည် စိတ်အား ထက်သန်စွာ ပြောပြီးနောက် ပြန်တွေးလိုက်မိသည်။ သန်မာချင်သည့် လေးနက်သော အကြောင်းပြချက် တစ်ခု ရှိသေးသည်။

“လုံခြုံရေး ကြောင့်ချည်းပဲတော့ မဟုတ်ဘူး ဒီကမ္ဘာကြီးက ဘယ်လောက် ကြီးတယ်ဆိုတာ ငါ မြင်ချင်တယ်။ ငါသာ သာလွန်လူသား တစ်ယောက် မဖြစ်လာရင် ဝပ်ကျင်းစခန်းထဲမှာပဲ နေရပြီး

ကမ္ဘာကြီးဘယ်လောက်ကြီးလဲ ဆိုတာ သိနိုင်မယ့် အခွင့်အရေးကို ကန့်သတ်ခံထားရလိမ့်မယ်။ တစ်ခြားဝပ်ကျင်းတွေကိုလဲ လိုက်ရှာချင်တယ်။ အဲ့ဒီ ဝပ်ကျင်းတွေအပြင် ကမ္ဘာကြီးကို ကြည့်ရတာ၊ မြင်ရတာ ကြိုက်တယ်။ ခေတ်ကာလ တစ်လျှောက် လူသားတွေ မစူးစမ်း၊ မလေ့လာရသေးတဲ့ နေရာတွေကိုလည်း သွားကြည့်ချင်တယ်”

“မင်းက ဘာဖြစ်ချင်တာလဲ။ ဟိုရောက်၊ ဒီရောက် ခရီးသွားနေမယ့်အစား အေးချမ်းတဲ့ နေရာမှာပဲ တစ်သက်လုံး နေပါလား။ မသေချာ၊ မရေရာတဲ့

အရာတွေ စုံစမ်းဖို့ တစ်ခြားတစ်ယောက်ကို လုပ်ခွင့်ပေးလိုက်ပါ”

ဖက်တီးက လက်ပိုက်ပြီး ပြန်ပြောလာသည်။

လင်းဟွမ်က ရယ်မောလိုက်ပြီး သူ ပြောလိုက်သော စကားသည် ရည်မှန်းချက်ကြီးနေပုံပေါက်နေသည်။

နတ်ဆိုးသလင်းကျောက် အာကာသယာဉ်က ဝပ်ကျင်းအမှတ် (၇) စီ (၂၉) မှ မြူခိုးမြို့သို့ ရောက်ရှိရန် ဆယ့်တစ်ရက် အချိန်ယူရသည်။

မြူခိုးမြို့သည် မီးခိုးချောက်ကမ်းပါးနှင့် ကီလိုမီတာ ထောင့်နှစ်ရာအကွာတွင် တည်ရှိပြီး ချောက်နှင့်အနီးဆုံး လူသွား ဝပ်ကျင်းတစ်ခု ဖြစ်သည်။

စက်တင်ဘာလ ဆယ့်သုံးရက်၊ နေ့လည် လေးနာရီအချိန်တွင် နတ်ဆိုးသလင်းကျောက် အာကာသယာဉ်သည် မြူခိုးမြို့တွင် ဆင်းသက်လိုက်သည်။

လင်းဟွမ်နှင့် ယင်ဟွာကျင်းတို့သည် အာကာသယာဉ်ပေါ်မှ ဆင်းသွားပြီး ဟိုတယ်ထဲသို့ အတူတူ ဝင်သွားကြသည်။

"မြူခိုး ချောက်ကမ်းပါးကို သွားတဲ့ လမ်းတစ်လျှောက်မှာ အဆင့် (၃) တောရိုင်းဇုန် တစ်ခုရှိတယ်။ ငါတို့ နှစ်ယောက်ထဲ သွားရင် အန္တရာယ်ရှိလိမ့်မယ်။ စွန့်စားသူတို့၏ သုခဘုံကနေ အဖွဲ့တစ်ဖွဲ့ကို ငှားရမယ်"

ဖက်တီးသည် ဟိုတယ်တွင် အခန်းယူပြီးနောက် ပြောလိုက်သည်။

လင်းဟွမ်က ဘာမှ မပြောပေ။

လင်းဟွမ်သည် သူတို့နှစ်ယောက်လုံးကို အလက်ဇန္ဒြားလင်းယုန်ဖြင့် ထိုနေရာသို့ ခေါ်ဆောင်သွားနိုင်သော်လည်း သူ၏စွမ်းရည် အစစ်အမှန်ကို ထုတ်မပြချင်ပေ။

စွန့်စားသူတို့၏ သုခဘုံမှ ရွှေအဆင့်နှင့် ငွေအဆင့် စွန့်စားသူများသည် ခရီးသည်များကို လိုက်ပို့ခြင်းသည် ငွေတစ်ခုတည်းကြောင့် မဟုတ်ပေ။ စွန့်စားသူတို့၏ သုခဘုံသည် လူများ စုဆောင်းနိုင်ရန် အောက်ခြေအဆင့်ရှိ မုဆိုးများကို ခကြာခဏ

အလုပ်ပေးနိုင်စေရန်နှင့် အနာဂတ်တွင် အဖွဲ့နှင့် ပိုမို ပူးပေါင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှု ပေးနေခြင်းပင်။

ဆယ်မိနစ်ခန့် ကြာသောအခါ ဖက်တီးက လင်းဟွမ်ကို ဖုန်းခေါ်လာခဲ့သည်။

လင်းဟွမ်က တစ်ခုခု ထူးဆန်းနေသည်ဟုထင်ပြီး မေးလိုက်သည်။

"ဘာ ဖြစ်လို့လဲ"

"ငါတို့ အဖွဲ့တစ်ဖွဲ့တော့တွေ့တယ် အခု ထွက်မှရမယ်။ သူတို့အဖွဲ့က အလျင်လိုနေတယ်။ ငါတို့ကို အရှေ့ဘက်တံခါးမှာ လာတွေ့ပါ"

ဖက်တီးသည် လင်းဟွမ်၏ တုံ့ပြန်စကားကိုပင် မစောင့်ဘဲ ဖုန်းချသွားသည်။

"မြူခိုးချောက်ကမ်းပါးကို နေ့တိုင်း လူတွေ ဝင်နေပါတဘ်။ အဖွဲ့တစ်ဖွဲ့နဲ့ ကပ်လိုက်ဖို့ ဒီလောက် အလျင်လိုနေစရာ မလိုပါဘူး"

ထို့ကြောင့် လင်းဟွမ်က တစ်ခုခု ထူးဆန်းနေသည်ဟု ထင်နေမိသည်။

ယခုလက်ရှိတွင် နေဝင်နေပြီ ဖြစ်သောကြောင့် ယခုအချိန်မှ ထွက်ခွာလျှင် သူတို့နှစ်ယောက်သည် မြူခိုး ချောက်ကမ်းပါးထဲတွင် တစ်ညတာ အိပ်စက်ရလိမ့်မည်။

လင်းဟွမ်သည် ဟိုတယ်မှ ချက်ချင်းထွက်လာပြီး အစိမ်းရောင်ဝံပုလွေကို စီးကာ အရှေ့ဘက်တံခါးသို့ သွားလိုက်သည်။

ရောက်သွားသောအခါ ဖက်တီးက ရပ်နေပြီး ဖက်တီး၏ဘေးတွင် ငွေအဆင့် စွန့်စားသူသုံးဦးကို တွေ့လိုက်ရသည်။ သူတို့သည် သူတို့၏

စီးစရာများကို စီးနှင်းထားကြသည်။ လင်းဟွမ်၏ မျက်လုံးထဲတွင် သိပ်ပြီး အဆင်မပြေလှပေ။

“ဒါက ဘာဖြစ်တာလဲ ဖက်တီး”

လင်းဟွမ်က မျက်မှောင် ကြုတ်ကာ မေးလိုက်သည်။

လင်းဟွမ်၏အသံကို ကြားသောအခါ အားလုံး လှည့်ကြည့်လာသည်။

“မင်းက တော်တော်လေး နှေးတာပဲ။ ငါတို့ အခု ထွက်သွားလို့ ရပြီလား”

ခေါင်းဆောင်သည် အသားမည်းပြီး ပိန်သည်။ လင်းဟွမ်ကို တစ်ချက်စိုက်ကြည့်ပြီးနောက် သူ၏ မွန်းစတားကို ဇာတ်ကြိုးဆွဲကာ ထွက်သွားသည်။ ကျန်သည့် စွန့်စားသူနှစ်ယောက်လည်း သူ့နောက်မှ လိုက်ပါသွားသည်။

နောက်ဆုံး စွန့်စားသူသည် အသက်ငယ်သော်လည်း နဖူး အနည်းငယ် ပြောင်နေသည်။ သူ့တွင် ဆိတ်ထီးတစ်ကောင် ရှိသည်။ ထိုလူက ဖက်တီးကို အော်ပြောလိုက်သည်။

"မင်းသူငယ်ချင်းမှာ စီးစရာ ရှိနေပြီပဲ။ ငါနဲ့ ဝေမျှပြီး စီးစရာ မလိုတော့ဘူး"

လင်းဟွမ်သည် ဖက်တီးကို အစိမ်းရောင်ဝံပုလွေ အပေါ် ဆွဲတင်နေရင်း မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ဘာဖြစ်တာလဲ"

"မမေးနဲ့ သွားရအောင်"

ဖက်တီးသည် လင်းဟွမ်၏ နောက်တွင် ထိုင်လိုက်ပြီး ခိုကိုးရာမဲ့စွာ ခေါင်းခါလိုက်သည်။

ထို့နောက် လင်းဟွမ်သည် အစိမ်းရောင်ဝံပုလွေ၏ နောက်ကျောကို ပွတ်သတ်လိုက်ပြီး စွန့်စားသူများ နောက်သို့ လိုက်သွားသည်။

သူတို့ထဲမှ သုံးယောက်သည် ငွေ့အဆင့် စွန့်စားသူများဖြစ်ပြီး ကြေးအဆင့် မွန်းစတား မြေပြန့်ကြွံကို စီးနင်းနေကြသည်။ ဒါသည် သာမန် စီးစရာများသာ ဖြစ်သည်။ မြန်လွန်းသည် မဟုတ်သော်လည်း တော်တော်လေး အကြမ်းခံသည်။

မြေပြင်ကြွံ၏ ဈေးနှုန်းသည် အစိမ်းရောင် ဝံပုလွေထက် များစွာ ဈေးသက်သာသောကြောင့်

စွန့်စားသူ သုံးယောက်သည် ဈေးပေါသော စီးစရာများသာ စီးနေကြခြင်း ဖြစ်သည်။

လင်းဟွမ်၏ အစိမ်းရောင် ဝံပုလွေကို မြင်ပြီးနောက် မနာလို ဖြစ်နေကြသည်။ သူတို့သည် လင်းဟွမ်၏ အစိမ်းရောင်ဝံပုလွေကို ဘယ်ဘက်၊ ညာဘက်မှ ကြည့်လိုက်ပြီး

“မင်းတို့ ကောင်တွေက ဆင်းရဲတယ်လို့ ပြောခဲ့တယ်။ ဒါတောင် မင်းတို့ရဲ့စီးစရာက အစိမ်းရောင်ဝံပုလွေ ဖြစ်နေသေးတယ်။ ဒီ စီးစရာရဲ့

ဈေးနှုန်းက ငွေအဆင့် (၃) အသုံးအဆောင်ပစ္စည်းတွေနဲ့တောင် ယှဉ်လို့ရတယ်”

နောက်ဆုံးတွင် လင်းဟွမ်သည် ဖက်တီးကို ဒေါသထွက်နေသည်။

လင်းဟွမ်သည် သူ ဆင့်ခေါ်ထားသော မွန်းစတားဟု မပြောဘဲ အမြန် လိမ်ပြောလိုက်သည်။

“ငါက ကံကောင်းလို့ အချောင်ဈေးနဲ့ ရခဲ့တယ်”

“ဘယ်လောက်လဲ”

ဖက်တီးက နုံအစွာ မေးလိုက်သည်။

"ကြေးအဆင့် (၃) ပစ္စည်းတစ်ခုရဲ့ တန်ဖိုးနဲ့"

လင်းဟွမ်က ထပ်လိမ်လိုက်သည်။

လင်းဟွမ် ပြောလိုက်သောစကားကြောင့် ဖက်တီး သာမက ငွေအဆင့် စွန့်စားသူ (၃) ယောက်လည်း ဝယ်ချင်လာကြသည်။

သူတို့သည် မြေပြန့်ကြွံကို ရဖို့အတွက် ကြေးအဆင့် (၃) ပစ္စည်း (၂) ခုနှင့် အရောင်းအဝယ် လုပ်ခဲ့ရသောကြောင့် သိပ် မကျေနပ်ကြပေ။ အစိမ်းရောင် ဝံပုလွေသည် ငွေအဆင့် (၃) ပစ္စည်း တစ်ခု၏ တန်ဖိုးခန့် အနည်းဆုံး

ကုန်ကျနိုင်သော်လည်း လင်းဟွမ်က များစွာ သက်သာသော ဈေးနှုန်းဖြင့် ရရှိခဲ့သည်။

"လူငယ်လေး၊ မင်းရဲ့ အစိမ်းရောင်ဝံပုလွေကို ကြေးအဆင့် (၃) အသုံးအဆောင် ပစ္စည်းနှစ်ခုနဲ့ ငါပြန်ဝယ်မယ်"

ဆိတ်ထီး စီးထားသည့်လူက လှမ်းအော်သည်။

"ငါ မရောင်းဘူး"

လင်းဟွမ်သည် တွေးပင်မတွေးဘဲ ပြန်ငြင်းလိုက်သည်။

ဆိတ်ထီး စီးထားသည့်လူသည် လင်းပွမ်ကို စိုက်ကြည့်နေသည်။

လင်းပွမ်သည် သူမလာခင်က ဘာတွေ ဖြစ်ခဲ့လည်း ဆိုသည်ကို အတိအကျ မသိသော်လည်း ဒီခရီးစဉ် တစ်လျှောက်လုံး၌ ဖက်တီး နှုတ်ဆိတ်နေသည်ကို သတိထားမိသည်။ ထို့ကြောင့် ဤလူသုံးယောက်နှင့် ပတ်သက်၍ တစ်ခုခု ဖြစ်ခဲ့လိမ့်မည်ဟု ထင်နေမိသည်။

ဖက်တီးက ခြိမ်းခြောက်ခံရခြင်း ဖြစ်နိုင်သည်။

သူတို့သည် မြူခိုး ချောက်ကမ်းပါးကို တစ်နာရီအတွင်း ရောက်ရှိနိုင်သော်လည်း ယခုအခါ ပျံနိုင်သော စီးစရာကို မဆင့်ခေါ်နိုင်သောကြောင့် ရှစ်နာရီခန့် အချိန်နှောင့်နှေး နေခဲ့သည်။ လင်းဟွမ်သည် ထိုကိစ္စကြောင့် စိတ်တိုနေသည်။

ကံကောင်း ထောက်မစွာဖြင့် စွန့်စားသူ သုံးယောက်သည် သူတို့လုပ်သင့်၊ လုပ်ထိုက်သည်ကို လုပ်ဆောင်ခဲ့သည်။ သူတို့သည် လမ်းခရီးတစ်လျှောက်၌ မွန်းစတား အားလုံးကို သတ်ပစ်ခဲ့ကြသည်။ သို့သော် သူတို့သည်

မွန်းစတားအားလုံး၏ အလောင်းများကို မချန် ထားခဲ့ပေ။ ထိုအရာ အားလုံးကို သူတို့၏ သိုလှောင်လက်စွပ်ထဲတွင် သိမ်းခဲ့ကြသည်။ အမှန်တကယ်ကို ချစ်တီးကျလွန်းသည်။

ဖက်တီးက ပို၍ပင် စိတ်အိုက်နေပုံရသည်။

သူတို့ သုံးယောက်ထဲတွင် အသန်မာဆုံးလူသည် အသားမည်းပြီး ပိန်ပိန်ပါးပါးနှင့်လူ ဖြစ်သည်။ သူက ငွေအဆင့် (၂) ဖြစ်ပြီး ကျန်သည့်နှစ်ယောက်က ငွေအဆင့် (၁) ဖြစ်သည်။ လင်းဟွမ်သည် ချောကလက်လေး၊ ပိုင် သို့မဟုတ် အာဏာရှင်ကို

ဆင့်ခေါ် လိုက်မည်ဆိုပါက သူတို့ကို သတ်ရခြင်းသည် ကိတ်မုန့် ဖဲ့စားရသလောက် လွယ်ကူလွန်းသည်။

ခြောက်နာရီကျော် ခရီးသွား ပြီးနောက် ပိန်ပိန်ပါးပါးနှင့်လူသည် ရုတ်တရက် အရှိန် နှေးလိုက်သည်။

"ရှေ့မှာ အဆင့် (၃) တောရိုင်းဇုန်ပဲ။ တောရိုင်းဇုန်ထဲက သတ္တဝါတွေရဲ့ အာရုံစိုက်တာကို မခံရအောင် စီးစရာတွေ မပါပဲ လမ်းဖြတ်လျှောက်ရမယ်"

လင်းဟွမ်သည် အဆင့် (၃) တောရိုင်းဇုန်ကို သတိထားနေသော စကားကြောင့် ထိတ်လန့်သွားသည်။ ငွေအဆင့် စွန့်စားသူများသည် အဆင့်သုံးတောရိုင်းဇုန်ရှိ မွန်းစတားများကို မကြောက်သင့်ပေ။

သူတို့သုံးယောက်က သူတို့၏ စီးစရာများကို ပြန်သိမ်းလိုက်သောကြောင့် ဖက်တီးက လင်းဟွမ်၏ နောက်ကျောကို ပုတ်လိုက်ပြီး "သိမ်းရအောင် " ဟု ပြောလိုက်သည်။

လင်းဟွမ်သည် အစိမ်းရောင်ဝံပုလွေကို သိုလှောင်ရာ နေရာလွတ်ထဲတွင် သိမ်းလိုက်သည်။ အစိမ်းရောင် ဝံပုလွေကို စီးသည်ဖြစ်စေ၊ မစီးသည်ဖြစ်စေ ၎င်း၏ ခြေသံသည် လူသားများထက် ပေါ့ပါးသောကြောင့် အမှန်တကယ် ကွာခြားမှု မရှိပေ။

အခြားတစ်ဖက်တွင်မူ မြေပြန့်ကြွံ များသည် နေရာကျယ်ကြီး လိုအပ်သည်။

ကျန်သည့်လူများက လမ်းလျှောက်နေစဉ် သူက အစိမ်းရောင်ဝံပုလွေကို စီးနေပါက ရိုင်းသည်ဟု တွေးလိုက်မိသည်။

"ကီလိုမီတာ သုံးရာကျော် လိုသေးတယ်။ လမ်းလျှောက်ရမှာလား"

သူတို့က ပြေးသွားလျှင်ပင် အကွာအဝေးက ဝေးလှသည်။ လင်းဟွမ်နှင့် ဖက်တီးတို့သည် သံအဆင့်အမြန်နှုန်းနှင့် ဆိုပါက အနည်းဆုံး ခုနစ်နာရီခန့် ကြာနိုင်သေးသည်။

"မင်းတို့ကောင်တွေက မင်းတို့ရဲ့ အစိမ်းရောင်ဝံပုလွေကို စီးလို့ရတယ်။ မင်းတို့ နှစ်ယောက်လုံးကို မွန်းစတားတွေက တိုက်ခိုက်လာရင် အကူအညီ မတောင်းနဲ့"

ပိန်ပိန်ပါးပါးနှင့်လူက လင်းဟွမ်ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

"လင်းဟွမ်၊ အဆင်ပြေပါတယ်။ ငါတို့တွေ ပြေးကြတာပေါ့။ ဒီနေရာမှာ တစ်ယောက်ထဲ ကျန်နေခဲ့ဖို့က အန္တရာယ် များလွန်းတယ်"

ဖက်တီးက အကြံပေးလိုက်သည်။

ဒီအဖွဲ့ကို အကူအညီ တောင်းခဲ့သည့်လူက ဖက်တီးဖြစ်နေသောကြောင့် အရှက်မကွဲစေချင်သဖြင့် သဘောတူ လိုက်သည်။ သို့သော် စိတ်ထဲ ခုနေသည်။

"ကဲ သွားရအောင်"

ဖက်တီးနှင့် လင်းဟွမ်တို့သည် စွန့်စားသူ သုံးယောက်နှင့်အတူ တစ်နာရီကို ကီလိုမီတာ ငါးဆယ်နှုန်းဖြင့် ပြေးနေကြသည်။ နှစ်နာရီကြာ ပြေးလာပြီးနောက် ဖက်တီးသည် တော်တော်လေး မောဟိုက်နေသည်။

"ဖက်တီး မင်းမခံနိုင်တော့ရင် အစိမ်းရောင် ဝံပုလွေကို စီးလို့ရတယ်"

လင်းဟွမ်က အကြံပေးလိုက်သည်။

"ငါ အဆင်ပြေတယ်"

ဖက်တီးက လက်ခါပြီး ပြန်ပြောလာသည်။

သုံးနာရီ ကြာသွားသောအခါ ဖက်တီးသည် နေးကွေးလာသည်။

လင်းဟွမ်သည် စွန့်စားသူ သုံးယောက်နှင့်အတူ ပြေးနေပြီး ဖက်တီးကို အစိမ်းရောင်ဝံပုလွေ စီးခိုင်းလိုက်သည်။

နောက်ထပ်သုံးနာရီ ကြာသွားသောအခါ သူတို့သည် အဆင့် (၃) တောရိုင်းဇုန်ကို ဖြတ်ကျော်ကာ ချောက်ထဲသို့ ရောက်ရှိလာကြသည်။

ချောက်၏အစပ်တွင် မြူခိုးများ ဖုံးလွှမ်းနေသည်။

ဖက်တီးသည် အစိမ်းရောင် ဝံပုလွေပေါ်မှ ဆင်းလာပြီး စွန့်စားသူ သုံးယောက်ကို ကျေးဇူးတင်စကား ပြောလိုက်သည်။

“မင်းက ငါတို့ကို ဘာလို့ ကျေးဇူးတင်တာလဲ။ မင်းက ငါတို့ကို အဖိုးအခ မပေးရသေးဘူး။ ကျေးဇူးပြုပြီး ကံကြမ္မာသလင်းကျောက် သုံးလုံး ပေးပါ”

ပိန်ပိန်ပါးပါး အမျိုးသားက လင်းဟွမ်နှင့် ဖက်တီးတို့ကို စိုက်ကြည့်ကာ ပြုံးပြီးပြောလိုက်သလို ကျန်သည့် စွန်စားသူနှစ်ယောက်ကလည်း သူတို့နောက်မှ လမ်းကြောင်းကို ပိတ်ဆို့ထားသည်။

## အခန်း(၁၂၄) - တိုက်ခိုက်ခြင်း။

ဈေးနှုန်းအဖြစ် ကံကြမ္မာသလင်းကျောက် (၃) ခု သတ်မှတ်ခြင်းသည် နှစ် (၃၀၀) တန်ဖိုးရှိသော ကံကြမ္မာ သလင်းကျောက် အပိုင်းအစများနှင့် ညီမျှသည်။

ပိန်ပိန်ပါးပါးလူ၏ အဓိပ္ပါယ်မဲ့ တောင်းဆိုမှုကြောင့် ဖက်တီးသည် ကြောင်သွားသည်။ စွန့်စားသူ သုံးယောက်က ဤကဲ့သို့ လုပ်လာလိမ့်မည်ဟု မထင်ထားခဲ့ချေ။

လင်းဟွမ်က တည်ငြိမ်စွာ မေးလိုက်သည်။

"ဒါဆို မင်းက ငါတို့ဆီက လုနေတာလား"

"ဒါက လုယက်မှုလို့ ခေါ်တာလား။ မင်းလိုချင်တဲ့ ကံကြမ္မာမျိုးစေ့ မွန်းစတားကို တွေ့နိုင်အောင် မြူခိုးချောက်ကမ်းပါးကို ခေါ်လာပေးတဲ့အတွက် အခကြေးငွေ တောင်းနေတာကွ"

သူတို့ နောက်ဘက်တွင် လမ်းပိတ်ထားသော ထိပ်ပြောင်ပြောင်နှင့်လူက ပြောလိုက်သည်။

"မင်းတို့ အကူအညီ မလိုဘူးလို့ ပြောရင်ရော ငါတို့ကို လွှတ်ပေးမှာလား"

လင်းဟွမ်သည် ဒါက ငွေညှစ်နေခြင်းဖြစ်ကြောင်း သိနေသည်။

စွန့်စားသူတို့၏ သုခဘုံကို တိုင်ကြားလျှင်ပင် သူတို့လုပ်နိုင်သည်မှာ ဘာမှမရှိပေ။

"ဒီလို မတရားတောင်းနေရင် မင်းတို့ကို ဖုန်းဆက်ပြီး တိုင်မယ်"

ဖက်တီးက ခြိမ်းခြောက်လိုက်သည်။

"ဖက်တီး မင်းတို့ကို ဘာကြောင့် လမ်းပိတ်ထားတယ်လို့ ထင်လဲ"

ဖက်တီး၏ အသုံးမဝင်သော ခြိမ်းခြောက်မှုကြောင့် ဆိတ်ထီးနှင့်လူသည် ရယ်မောလိုက်သည်။ စွန့်စားသူသုံးယောက်က ဖုန်းခေါ်ဆိုနေသော ဖက်တီးကို မတားပေ။

ဖက်တီးသည် ဆက်သွယ်ရေး မျက်နှာပြင်ကို ဖွင့်လိုက်သော်လည်း လိုင်းတစ်ခုမှ မမိပေ။

"မင်းတို့ နှစ်ယောက်မှာ ရွေးချယ်စရာ နှစ်ခုရှိတယ်။ ပထမတစ်ခုက ကံကြမ္မာ

သလင်းကျောက် သုံးခုစီပေး။ မင်းတို့အတွက် ကံကြမ္မာမျိုးစေ့ မွန်းစတားကို ရှာလို့ရအောင် မင်းတို့ကို မြူခိုးချောက်ကမ်းပါးထဲ ခေါ်သွားပေးမယ် အဲဒါပြီးရင် မြူခိုးမြို့ကို တစ်ခါတည်း ပြန်ပို့ပေးမယ်။"

" ဒါပေမယ့် မင်းတို့နှစ်ယောက်က ဒီအကြောင်းကို ဘယ်သူ့မှ ပြန်မပြောပါဘူးလို့ ကျိန်ရမယ်။ ဒီမှာ ဖြစ်ပျက်ခဲ့တာကို ငါတို့ကလည်း မေ့သွားလိမ့်မယ်။ ဒါက အားလုံးအတွက် အဆင်ပြေတယ်"

အသားမည်းပြီး ပိန်သောအမျိုးသားက နာခံမှု ရှိလိမ့်မည်ဟု ယုံကြည်နေကာ ကံကြမ္မာ

သလင်းကျောက်ကို သုံးလုံးကနေ တစ်ယောက်ကို သုံးလုံးစီ ဈေးတိုးတောင်းလိုက်သည်။

"ငါက မင်းတို့ကို ကတိပေးရင်တောင် မင်းတို့က ယုံမှာလား"

လင်းဟွမ်က ဤကဲ့သို့ လွယ်လွယ်နှင့် လွှတ်ပေးမည် မဟုတ်ကြောင်း သိနေသည်။

"ဒါပေါ့ မင်းတို့ ငါပြောတဲ့အတိုင်း လိုက်ဆိုရမယ်"

ထို့နောက် ပိန်သော အမျိုးသားက လျှာထုတ်လိုက်ရာ လျှာပေါ်တွင် အနက်ရောင် အင်းစာများ ရေးထိုးထားသည်။

"မင်းက အင်းသခင် အားလုံးကို အရှက်ခွဲနေတာပဲ"

လင်းဟွမ်သည် ထိုစာလုံး ပုံစံများက အစီအရင်တစ်ခု ဖြစ်ကြောင်း သိနေသည်။ အင်းသခင်များသည် ရှားပါးသော အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် တစ်ခုဖြစ်သည်။ သူသည် ဘာသာစကားမှ စွမ်းအားကို

ဆွဲထုတ်နိုင်ပြီး လူများ၏ လုပ်ရပ်ကို ထိန်းချုပ်ရန်နှင့် ကျိန်စာတိုက်ရန် ဘာသာစကားများကို အသုံးပြုနိုင်သည်။ အချို့ဆိုလျှင် လူတစ်ယောက်၏ ကံကြမ္မာ လမ်းကြောင်းကိုပင် ပြောင်းလဲကာ သေသည်အထိ ဖြစ်သွားနိုင်သည်။ အများအားဖြင့်တော့ အင်းသခင်များသည် ဝင်ငွေ ကောင်းကြသည်။

ပိန်ပါးသော ဒီလူသည် အသုံးမကျသော အင်းသခင်သာ ဖြစ်ရမည်။ ဤကဲ့သို့ မဟုတ်ပါက လုယက်မှုကို အားကိုးနေရမည် မဟုတ်ပေ။

"ငါတို့က အခု ကံကြမ္မာ သလင်းကျောက် ခြောက်ခုနဲ့ စျေးနှုန်းဖွင့်ထားတယ်"

"ဒုတိယ ရွေးချယ်မှုက ဘာလဲ"

လင်းဟွမ်က သူ့ကို လျစ်လျူရှုထားပြီး မျက်ခုံးပင့်ကာ မေးလိုက်သည်။

"ဒုတိယ ရွေးချယ်မှုက မင်းတို့နှစ်ယောက်လုံးကို သတ်ပြီး မင်းတို့ရဲ့ အလောင်းတွေကို ဒီချောက်ကြီးထဲ ပစ်ချပြီးတော့ ခြေရာ၊ လက်ရာ ဖျောက်မယ်။ သုံးရက်လောက်ကြာရင် မင်းတို့ နှစ်ယောက် သေသွားပြီလို့ စွန့်စားသူတို့၏ သုခဘုံကို ပြန်

တင်ပြလိုက်မယ်။ ငါတို့က ကတိပေးထားတဲ့ အတိုင်း သုံးရက်စောင့်ခဲ့တယ်၊ မင်းတို့နဲ့ မတွေ့ဘူးပေါ့”

သူက အေးစက်စွာ ပြောလိုက်သည်။

ဖက်တီးသည် ကြောက်လန့်သွားပြီး

“ရပြီ၊ ရပြီ၊ ပထမတစ်ခုကိုပဲ ရွေးမယ်”

“နေဦး”

လင်းဟွမ်က ဖက်တီးကို တားလိုက်သည်။ ထိုလူသုံးယောက်ကို တည့်တည့် စိုက်ကြည့်ကာ

“ဒီရွေးချယ်စရာ နှစ်ခုလုံးက မကောင်းဘူး၊ တတိယတစ်ခု ပေးအုံး”

“ငတုံး၊ မင်းတို့ကို အခုချက်ချင်း အဆုံး သတ်လိုက်မယ်”

ထိပ်ပြောင်နေသောလူက အော်ဟစ်လိုက်သည်။

“ကောင်းပြီ သူ့ကို စကားပြောခွင့်ပေးလိုက်”

ပိန်သည့်လူက ထိပ်ပြောင်နေသော လူကို တားလိုက်သည်။

"တတိယရွေးချယ်မှုက မင်းတို့ သုံးယောက်လုံး အခု ထွက်သွား။ ဒါဆို မေ့ပေးလိုက်မယ်။ မင်းတို့ကို မမြင်ဖူးသလို ဘယ်တုန်းကမှ မသိခဲ့ဘူး"

လင်းဟွမ်က ဆက်ပြောလိုက်သည်။

"ဒါက ငါပေးနိုင်တဲ့ အကောင်းဆုံး ရွေးချယ်မှုပဲ။ ဒါကို မင်းတို့က လက်မခံဘူးဆိုရင် မကြာခင် နောင်တရလိမ့်မယ်"

"မင်းက တော်ဝင်မျိုးနွယ်လား"

သူတို့သုံးယောက်သည် မျက်မှောင်ကြုတ်သွားသည်။

တော်ဝင်မျိုးနွယ်မှ ဆင်းသက်လာသောလူမဟုတ်လျှင် ဤကဲ့သို့ စကားမျိုး မပြောဝံ့ဘူးဟု ထင်နေကြသည်။

"မဟုတ်ဘူး သူ့နာမည်က လင်းဟွမ်မျိုးရိုးနာမည်က လင်း"

ပိန်ပိန်ပါးပါးနှင့်လူက ခေါင်းခါလိုက်ပြီး

"အဖွဲ့ခွဲ (၇) တစ်ခုလုံးမှာ လင်းဆိုတဲ့ တော်ဝင်မိသားစု မရှိဘူး။ ငါတို့ကို လှည့်ကွက် လုပ်နေတာလား"

"ငါက တော်ဝင်မျိုးနွယ်ပါလို့ တစ်ခါမှ မပြောဖူးပါဘူး။ မင်းတို့ကိုလည်း မလှည့်စားဘူး။ ငါက မင်းတို့ ရန်စလို့ရတဲ့လူမဟုတ်ဘူး။ တတိယ ရွေးချယ်မှုကို စဉ်းစားဖို့ အကြံပေးတယ်"

လင်းဟွမ်က မြေပေါ်မှာ မားမားမတ်မတ် မတ်တပ်ရပ်ပြီး ပြောလိုက်သည်။

“ခေါင်းဆောင်၊ ဘာလို့ အချိန်ဆွဲနေတာလဲ။ ဒီကလေးက ငါတို့ကို လာကစားနေတယ်။ သူသာ တကယ် အစွမ်းထက်တယ်ဆိုရင် ငါတို့ကို အစကတည်းက တိုက်ခိုက်နေမှာပေါ့”

ထိပ်ပြောင်နေသော လူက စောဒက တက်လိုက်သည်။ ထိပ်ပြောင်နေသော လူ၏ စကားကိုကြားလျှင် ပိန်ပိန်ပါးပါးနှင့် လူမိုက်ခေါင်းဆောင်သည် အဓိပ္ပါယ်ရှိသည်ဟု ယူဆကာ အော်ဟစ်လိုက်သည်။

“ငါတို့ကို လှည့်စားဖို့ ဘယ်လိုတောင် သတ္တိရှိနေတာလဲ။ သတ်ကြစမ်း”

ထိုလူသုံးယောက်သည် သူတို့၏ လက်နက်များကို ဆွဲထုတ်ကာ လင်းဟွမ်နှင့် ဖက်တီးတို့ထံ ပြေးသွားကြသည်။

“ဟင်း.....”

လင်းဟွမ်က ကူကယ်ရာမဲ့စွာ သက်ပြင်းချလိုက်သည်။

ငွေရောင်ဆံပင်နှင့် အနက်ရောင်မျက်နှာဖုံး ဝတ်ဆင်ထားသော ပိုင်သည် လင်းဟွမ်ရှေ့တွင် ပေါ်လာသည်။

ပိုင်၏ သွေးစွမ်းအား တောင်ပံလေးခုထဲမှ သုံးခုသည် ချွန်ထက်သော ဓား (၃) ချောင်းအဖြစ် ပြောင်းလဲသွားပြီး ထိုလူ (၃) ယောက်ထံ တိုးဝင်သွားသည်။

လျှန်မြန်လွန်းသဖြင့် လင်းဟွမ်သည် လိုက်ကြည့်၍ မမီလိုက်ပေ။

အနီရောင် အလင်းတန်းသုံးခုက လေထဲတွင် ဖြတ်ခနဲ လက်သွားပြီး ဆိတ်ထီးစီးလာသော လူနှင့် ထိပ်ပြောင်နေသော လူတို့၏ ငွေအဆင့် လက်နက်များသည် တစ်ဝက်မှ ပျက်ကျသွားသလို သူတို့၏ ခါးတစ်ဝက်ခန့်မှ အဖြတ်ခံရကာ တစ်ချက်တည်းနှင့် သေဆုံးသွားကြသည်။

ခေါင်းဆောင် ကိုင်ဆောင်ထားသော လက်နက်သည် ရွှေအဆင့်လက်နက် ဖြစ်နေသဖြင့် ပိုင်၏ တောင်ပံကို တင်းခံကာ လေထဲ လွင့်ထွက်သွားသည်။ သူ၏ အပေါင်းအသင်း

နှစ်ယောက်သည် ခါးမှ တစ်ဝက်ပြတ်ကျပြီး လေထဲ လွင့်ထွက်သွားသည်ကို မြင်လိုက်လျှင် ရင်များ တစ်ဆတ်ဆတ် တုန်ခါသွားသည်။ ထို့နောက် လှိမ့်ချလိုက်ပြီး မြူခိုးချောက်ကမ်းပါး အတွင်းသို့ ပြေးဝင်သွားသည်။

"ငါက မင်းပြောတာကို မုန်းတယ်"

လင်းဟွမ်က ခေါင်းခါလိုက်သည်။ လူသေ အလောင်းများကို လှည့်ကြည့်ရန်ပင် စိတ် မဝင်စားချေ။ သူတို့ နှစ်ယောက်လုံးသည်

ဆင်းရဲလွန်းသဖြင့် အဖိုးတန်ပစ္စည်း တစ်ခုမှ မရှိနိုင်ပေ။

ဖက်တီးသည် အံ့ဩလွန်းသဖြင့် အံ့ဩမှင်တတ်ကာ ပါးစပ် အဟောင်းသား ငေးကြည့်နေသည်။ ထိုအခြေအနေမှ လွတ်မြောက်လာရန် အချိန် အတော်ကြာအောင် ယူလိုက်ရသည်။ သူက ပိုင်ကိုကြည့်လိုက်ပြီး

"ဒါက သွေးစုပ်ဖုတ်ကောင်လား"

"ထင်တာပဲ"

လင်းဟွမ်သည် ပိုင်က သွေးနတ်ဆိုးအဖြစ် ပြောင်းလဲသွားကြောင်း ရှင်းပြရန် အစီအစဉ်မရှိပေ။ လူသိနည်းလေ ပိုကောင်းလေ ဖြစ်သည်။

"အတောင်လေးခု ရှိတဲ့ သွေးစုပ်ဖုတ်ကောင်။ ဒါက ရွှေအဆင့် သတ္တဝါ မဟုတ်လား။ ဒီလို မွန်းစတားတစ်ယောက်ရဲ့ သခင်ဖြစ်လာအောင် ဘယ်လို လုပ်ခဲ့တာလဲ"

ဖက်တီးသည် ပိုင်၏ နောက်ကျောမှ သွေးစွမ်းအားတောင်ပံ လေးခုကို မြင်လိုက်လျှင် မေးလိုက်သည်။

"ရွှေအဆင့် မဟုတ်သေးဘူး သန္ဓေပြောင်း"

လင်းဟွမ်က ခေါင်းခါပြီး ပြောလိုက်သည်။

"သူက ငွေအဆင့်ကို စက္ကန့်ပိုင်းလေးအတွင်း သတ်နိုင်တယ်၊ ဘာလို့ ရွှေအဆင့် မဟုတ်တာလဲ"

ဖက်တီးသည် လင်းဟွမ်၏ တိုက်ခိုက်ရေး စွမ်းရည်ကို စတင်ပြီး သံသယ ဝင်လာသည်။

"မမေးနဲ့တော့ သွားရအောင်"

လင်းဟွမ်က စကားဖြတ် ပြောလိုက်သည်။

"အဲ့ဒီလူက ငါတို့ကို ချောက်ကမ်းပါးထဲမှာ တိုက်ခိုက်ဖို့ စောင့်နေအုံးမှာလား"

ဖက်တီးက စိတ်ပူနေသည်။

နေရာတိုင်းတွင် မြူခိုးများထူထပ်နေပြီး ရှေ့ကို ဘာမှမမြင်ရပေ။

"စိတ်မပူနဲ့ အဲ့ဒီကောင် ငါတို့ကို ကြောက်နေပြီ ခပ်ဝေးဝေး နေမယ်ဆိုတာ သေချာတယ်"

လင်းဟွမ်က ခေါင်းခါလိုက်သည်။

“သူတို့ဆီမှာ အသုံးပြုဝင်တာ တစ်ခုခု ရှိနေမလား မသိဘူး။ သူတို့က ငွေအဆင့်တွေပဲ”

ဖက်တီးက မေးလိုက်သည်။

“မင်း အရင်သွားကြည့်လို့ ရတယ်။ မင်း လိုချင်တာယူလိုက်”

လင်းဟွမ်က စိတ်မပါပေ။

“မင်းဒီလို ပြောခဲ့တယ်ဆိုတာ မှတ်ထားအုံးနော်”

ဖက်တီး၏ အပြုံးသည် မိုးပေါ်ကျော်သွားပြီး အလောင်းများထံ ပြေးသွားသည်။ သို့သော်

တန်ဖိုးရှိသောအရာ တစ်ခုမှ မတွေ့ခဲ့ရပေ။ ခဏကြာသောအခါ မတ်တပ် ထရပ်လိုက်ပြီး လင်းဟွမ်ကို လှမ်းကြည့်ကာ

"ဒီကောင်တွေမှာ ဘာမှမရှိဘူးဆိုတာ မင်းက သိနေတဲ့ပုံပဲ"

"သူတို့က သံအဆင့် မွန်းစတား အသေကောင်တွေတောင် စုဆောင်းနေတယ်။ သူတို့မှာ တန်ဖိုးရှိတဲ့ ပစ္စည်းရှိမယ်လို့ မင်းက ဘယ်လို တွေးလိုက်တာလဲ"

"ဒါက အဓိပ္ပါယ် ရှိတယ်"

ဖက်တီးသည် အစောပိုင်းတုန်းက မွန်းစတားအလောင်းများ စုဆောင်းနေသော မြင်ကွင်းကို ပြန်သတိရသွားသည်။

"ကဲ မိုးလင်းခါနီးပြီ။ ငါတို့တွေ အနားယူဖို့ နေရာရှာရအောင်"

လင်းဟွမ်သည် ပိုင်ကို ပြန်မသိမ်းဘဲ သူနှင့် ဖက်တီးရှေ့မှ ဦးဆောင်၍ သွားခိုင်းလိုက်သည်။ မြူခိုးများက ချောက်ကိုဝန်းရံထားပြီး ဆယ်မီတာ အကွာအဝေးကိုပင် မမြင်ရချေ။

ဤကဲ့သို့ အခြေအနေမျိုးတွင် လူတော်တော်များများသည် ကြောက်လန့်တတ်ကြသည်။ ပိုင်နှင့် အတူဆိုပါက တစ်စုံတစ်ယောက် ချောင်းမြောင်း တိုက်ခိုက်လာခြင်းကို မစိုးရိမ်ရပေ။

ဤကဲ့သို့ အဆင့်(၄) တောရိုင်းဇုန်ထဲတွင် ရွှေအဆင့်ရှိသော မွန်းစတားများကသာ ပိုင်ကို ခြိမ်းခြောက် နိုင်ကြသည်။

ချောက်ထဲသို့ နက်နက်ရှိုင်းရှိုင်း မဝင်သ၍ ရွှေအဆင့် မွန်းစတားများနှင့် မတွေ့ရသည်က များသည်။

“ဖက်တီး ဘာလို့ သူတို့နောက်ကို အလောတကြီး လိုက်လာခဲ့တာလဲ။ သူတို့က မင်းကို ခြိမ်းခြောက်ခဲ့လို့လား”

လင်းဟွမ်သည် အစောပိုင်းမှ အဖြစ်အပျက်ကို သိရှိရန် လိုအပ်နေသည်။

“ဟုတ်တယ် ငါက စွန့်စားသူတို့၏သုခဘုံက ညွှန်ကြားကောင်တာကို သွားခဲ့တယ်။ နောက်ပြီးတော့

အဖွဲ့တစ်ဖွဲ့ လိုက်ရှာနေတဲ့အကြောင်း ဧည့်ကြို တာဝန်ခံကို ပြောလိုက်တယ်”

“ဧည့်ကြိုဝန်ထမ်းက သူ့အဖွဲ့က ဒီတာဝန်နဲ့ သွားဖို့အတွက် လူတစ်ယောက် ရှာနေတယ်လို့ ဧည့်ကြိုဝန်ထမ်းက ပြန်ပြောလာတယ်။ သူတို့က အလျင်လိုနေပြီး ချက်ခြင်း ထွက်ခွာဖို့လိုတယ်လို့ ပြောလာခဲ့တယ်”

“ငါတို့က မြူခိုးမြို့ကို အခုမှရောက်လို့ အနားယူဖို့အချိန်လိုတယ် ဆိုပြီး ငြင်းခဲ့တယ်။

ပျံနိုင်တဲ့မွန်းစတား ပိုင်ဆိုင်တဲ့ အဖွဲ့တစ်ဖွဲ့ကို ရှာတွေ့အချိန် လိုတယ်လို့ ပြန်ပြောခဲ့တယ်"

"သူတို့အဖွဲ့က အနားမှာ ရှိနေရင် တစ်ခြားအဖွဲ့တွေက လိုက်မပို့ရဲဘူးလို့ ပြောတယ်။ လနဲ့ချီကြာနိုင်တယ်တဲ့"

"အဲ့ဒါနဲ့ ညှော့ကြိုဝန်ထမ်းဆီ ပြန်သွားမေးတော့ သူတို့သုံးယောက်က လူဟောင်းတွေ ဖြစ်ကြောင်း အာမခံတယ်။ အရည်အချင်းအရ ပြောရမယ်ဆိုလျှင် အလယ်အလတ်သာရှိပေမယ့် တာဝန်ယူတဲ့အခါ

ရွှေအဆင့် စွန့်စားသူအချို့ထက်တောင် ပိုပြီး ထိရောက်တယ်ဆိုပြီး ပြောလာခဲ့တယ်။”

“ငါက နောက်တစ်လ ဆက်စောင့်နိုင်ပေမယ့် မင်းရဲ့အချိန်ကို မဖြုန်းချင်တော့ဘူး။ ဒါကြောင့် သူတို့အဖွဲ့နောက်ကို လိုက်ဖို့ သဘောတူခဲ့တယ်။ သွားမယ့် နေရာရောက်တဲ့အထိ သည်းခံဖို့ စိတ်ကူးထားတယ်။ သူတို့ရဲ့အစွမ်းအစနဲ့ လိမ်ညာပြီး လုယက်၊ သက်ဖြတ်ဖို့ ကြိုးစားလာမယ်လို့ မမျှော်လင့်ထားမိဘူး။ တကယ်လို့ မင်းက အစွမ်းထက်တဲ့ မွန်းစတားတစ်ကောင်

ဆင့်ခေါ်နိုင်တယ်ဆိုတာ သိရင် စွန့်စားသူတို့၏ သုခဘုံကိုသွားပြီး အဖွဲ့တစ်ဖွဲ့ ရှာခဲ့မှာ မဟုတ်ဘူး”

ဖက်တီးသည် ပိုင်ကိုလှမ်းကြည့်ပြီး လင်းဟွမ်ကို အားကျနေသည်။

“သေတာ၊ ရှင်တာကလွဲရင် ငါ့ရဲ့အရည်အချင်း အစစ်အမှန်ကို လူ မသိစေချင်ဘူး”

လင်းဟွမ်က ရှင်းပြလိုက်သည်။

"စိတ်မပူနဲ့ ငါက စကားအများကြီး ပြောတတ်ပေမယ့်။ လျှို့ဝှက်ချက်ကိုတော့ ထိန်းထားနိုင်ပါတယ်"

ဖက်တီးက သူ့ပါးစပ်ကို ဇစ်ဆွဲပိတ်သလို ဟန်အမူအရာ လုပ်ပြကာ ပြောလိုက်သည်။

"မင်းကိုယုံရင် ငါ ရူးနေလို့ပဲ ဖြစ်လိမ့်မယ်"

လင်းဟွမ်က စိတ်ထဲမှ တွေးလိုက်သည်။

လမ်းလျှောက်နေသော ပိုင်သည် ရုတ်တရက် ရပ်တန့်လိုက်ပြီး နံရံတစ်ခုကို ညွှန်ပြသည်။ လင်းဟွမ်က ခေါင်းငြိမ့်ပြီး

"ကောင်းပြီ ငါတို့ ဒီမှာအနားယူမယ် တွင်းတူးပေး"

မကြာခင် ပိုင်က တွင်းတစ်ခုဖြစ်အောင် တူးလိုက်သည်။

ဂူ၏ အဝင်ဝသည် ကျဉ်းပြီး အတွင်းဘက်တွင် ကျယ်အောင် တမင်သက်သက် တူးခဲ့သည်။ သူတို့နှစ်ယောက်သည် လှိုဏ်ဂူထဲသို့ ခေါင်းငုံ့ပြီး

ဝင်သွားကြသည်။ ထို့နောက် ဂူကိုကြည့်ကာ စိတ်ကျေနပ် နေကြသည်။

ဖက်တီးသည် သူ၏ခရီးဆောင်တဲကို ထုတ်ကာ တပ်ဆင်လိုက်သည်။

လင်းဟွမ်သည် ပိုင်ကိုပြန်သိမ်းပြီး အဝါရောင် ပန်းနွယ်နတ်ဆိုးကို ဆင့်ခေါ်လိုက်ပြီး ဂူပေါက်ဝတွင် နွယ်ပင်များနှင့် ပိတ်ဆို့ထားရန် ညွှန်ကြားလိုက်သည်။ သူတို့ နှစ်ယောက်လုံးသည် နေ့တာရှည်ကြီးကို ဖြတ်သန်းခဲ့ရသောကြောင့် အနားယူရန် တဲထဲသို့ ဝင်သွားကြသည်။